# ရတနာပုံ

yadanarbonnews.com

၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့

၁၃၈၆ ခုနှစ် ၊ ပြာသိုလဆန်း (၆)ရက် ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ စနေနေ့ အချပ်ပို(က)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ၂၀၂၅ ခုနှစ်

## ၇၇ နှစ်မြောက်

# လွတ်လပ်ရေးနေ့



## လွတ်လပ်ရေးရဲ့ တာဝန်

ပဒေသာပင်ပေါက်မယ်ဆိုရင် ကျွန်တော်တို့ အလုပ်လုပ်မှဖြစ်မယ်ဆိုတာ ခင်ဗျားတို့ နားလည်စေချင်တယ်။ အဲဒီတော့ လွတ်လပ်ရေးရပင်ရသော်ငြားလည်း လွတ်လပ်ရေးရဲ့တာဝန်တွေကို ကျွန်တော်တို့က မထမ်းဆောင်ချင်ဘူးဆိုရင် ခင်ဗျားတို့ရတဲ့ လွတ်လပ်ရေးဟာ ဒီကနေ့ရပြီး မနက်ဖြန်ခါတခြားလက်ပြန်ပါသွားမှာပဲဆိုတာ ခင်ဗျားတို့သိစေချင်တယ်။




(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် မြို့တော်ခန်းမကြီး၌ ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

**၂၀၂၅ ခုနှစ် ၇၇ နှစ်မြောက်လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုပါ၏။**

၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုဆောင်းပါး

# ကမ္ဘာဆုံးတိုင် မြဲခိုင်တည်တံ့အောင် ရစ်ပတ်ဖွဲ့စည်းအပ်သော ပြည်ထောင်စု



မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ပြာသိုလဆန်း ၆ ရက်၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်သည် ကျွန်တော်တို့မြန်မာနိုင်ငံ၏ ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့ပင်ဖြစ်ပါသည်။ လွတ်လပ်ရေးနေ့ဟုဆိုလိုက်လျှင် ငယ်စဉ်က ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများဖြင့် ရပ်ကွက်အလိုက် လမ်းအလိုက် စုရုံးပျော်ရွှင်ခဲ့ကြသည့်အဖြစ်ကို အမှတ်ရမိပါသည်။ ကျွန်တော်တို့ငယ်စဉ်က လွတ်လပ်ရေးနေ့ရောက်တိုင်း ရပ်ကွက်ထဲ၌ ရပ်မိရပ်ဖနှင့် အုပ်ချုပ်ရေးအဖွဲ့များကဦးစီး၍ ပျော်ပွဲရွှင်ပွဲများကျင်းပကြရာ ရပ်ကွက်အလယ်ရှိ အားကစားကွင်းထဲတွင် ပိတ်ကားထောင်၍ ခေတ်ဟောင်းမြန်မာရုပ်ရှင်ကားများ ညလုံးပေါက်ပြသခြင်း၊ ပိတ်ကားနံဘေးတွင် ပွဲဈေးတန်းကဲ့သို့ မုန့်ဆိုင်တန်းများဖြင့် စည်ကားသိုက်မြိုက်စွာ မိသားစုလိုက် တပျော်တပါး ကြည့်ရှုခဲ့ကြသည်ကို လွမ်းဆွတ်မိပါသည်။ ရုပ်ရှင်ကားများအား ရုပ်ရှင်ရုံတွင် သွားကြည့်၍ရသော်လည်း ယခုကဲ့သို့ မိမိတို့အိမ်အနီးပိတ်ကားရှေ့နေရာရဖို့ အလုအယက်နေရာဦးကာ ရုံမတင်တော့သည့် ဇာတ်ကားဟောင်းများကို ကြည့်ရသည်မှာ အရသာတစ်မျိုးပင်။ မိမိတို့၏ပတ်ပတ်လည်ရှိ ပရိသတ်များမှာလည်း တစ်ရပ်ကွက်တည်းသား၊ တစ်လမ်းတည်းသားများပင်ဖြစ်၍ အထူးအားနာရန်မလိုရင်းနှီးမှုတွေပိုခဲ့ကြသည်။ ရုပ်ရှင်ကြည့်ရင်းပွဲဈေးလျှောက်ကာ အိမ်တွင်းပုန်းမမများအား မိသားစုမသိအောင် ရိုးတိုးရိပ်တိပ်ပိုးပန်းဟန်ရေးပြနေကြသော အစ်ကိုကာလသားတို့ကလည်း တဖွဲ့တနွဲ့တစ်ဇာတ်လမ်းပင်။

ကျွန်တော်တို့ပျော်သည်က ဤတစ်ခုတည်းပင်မဟုတ်ပါချေ။ လွတ်လပ်ရေးနေ့တွင် ရုံးများ၊ ကျောင်းများ၊ အလုပ်များအားလုံးပိတ်ပါသည်။ ရပ်ကွက်ထဲတွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပကြရာ ပိုက်ကျော်ခြင်း၊ ဘောလုံး၊ ဘော်လီဘော၊ ထုပ်ဆီးတိုး အစရှိသည့် အဖွဲ့လိုက် အားကစားနည်းများအား လွတ်လပ်ရေးနေ့မတိုင်မီကပင် အုပ်စုလိုက်ပွဲစဉ်များကြိုတင်ကျင်းပ၍ လွတ်လပ်ရေးနေ့မှသာ ဗိုလ်လုပွဲနှင့်ဆုပေးပွဲများ ကျင်းပလေ့ရှိပြီး မုန့်စားပြိုင်ပွဲ၊ ခေါင်းအုံးရိုက်၊ ချောတိုင်တက်၊ တာတိုအပြေး၊ တာလတ်အပြေး၊ သံပုံးရိုက် အစရှိသည့် တစ်ဦးချင်းပြိုင်ပွဲများအား လွတ်လပ်ရေးနေ့မနက်ခင်းမှစ၍ တအုန်းအုန်း တရုန်းရုန်းနှင့် ပြေးကြဆော့ကြ ပြိုင်ပွဲဝင်ကြ အားပေးကြနှင့် ကျင်းပလေ့ရှိရာ အခြားအချိန်များတွင် ကစားခုန်စားခြင်း၌ စည်းကမ်းတင်းကျပ်တတ်သော မိဘများကိုယ်တိုင် အားပေးခွင့်ပြုမှုဖြင့် လွတ်လပ်ရေးနေ့မတိုင်မီကပင် အပေါင်းအသင်းများနှင့်အတူ အားကစားပြိုင်ပွဲ၌ ပါဝင်ရခြင်းကို ခုံမင်ပျော်ရွှင်ခြင်းပင်ဖြစ်ပါသည်။ အနိုင်အရှုံးသည် အဓိကမကျလှဘဲ နိုင်သူလည်းပြုံး ရှုံးသူလည်းပျော်နှင့် ချစ်ကြည်ရင်းနှီးမှုပိုစေသော အချိန်ကာလများပင်ဖြစ်သည်။ ထိုထိုသောအကြောင်းများကြောင့်ပင် လွတ်လပ်ရေးနေ့ဟုဆိုလျှင် ကျွန်တော်တို့စိတ်ထဲတွင် အလိုလိုလွတ်လပ်ပေါ့ပါး၍ ပျော်ရွှင်ခဲ့ကြခြင်းပင်ဖြစ်သည်။

တကယ်တော့ ကျွန်တော်တို့အား ပျော်ရွှင်စေသော လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာရသောသမိုင်းကြောင်းမှာ ပန်းခင်းလမ်းမဟုတ်ပါချေ။ ကျွန်တော်တို့၏ အဘိုး၊ အဘေးများ၏ အသက်၊ သွေး၊ ချွေးပေါင်းများစွာအား အရင်းအနှီးပြုပြီးမှရရှိဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။ လွတ်လပ်ရေးနေ့ဟူသည် အချုပ်အခြာအာဏာပိုင်စိုးမှုကို တိုင်းတစ်ပါးလက်အောက်တွင် ကျရှုံးနေသည့်အခြေအနေမှ လုံးဝလွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော နိုင်ငံအဖြစ်သို့ ရောက်ရှိသောနေ့ကို သတ်မှတ်ကြသည်ပင်ဖြစ်သည်။

တိုင်းတစ်ပါး၏ အုပ်ချုပ်မှုအောက်တွင် နေခဲ့ရသော၊ လူချင်းတူလျက် လူ့အောက်ကျခဲ့ရသော ကျွန်တော်တို့ဘိုးဘွားများအဖို့မှာ လွတ်လပ်ရေးနေ့သည် အသက်တမျှတန်ဖိုးရှိမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။ လွတ်လပ်ပြီးခေတ်မှသာ လူဖြစ်လာသော ကျွန်တော်တို့လိုလူငယ်များအဖို့ အဘိုး၊ အဘွားတို့၏ အိပ်ရာဝင်ပုံပြင်များမှတစ်ဆင့် သမိုင်းစာမျက်နှာများကို လေ့လာဖတ်ရှုခံစားကြည့်မှသာလျှင် လွတ်လပ်ရေးနေ့၏ စစ်မှန်သောအရသာကို ခံစားနိုင်မည်ဖြစ်ပေသည်။

သမိုင်းကြောင်းကို ပြန်ကြည့်ရရင်ဖြင့် ၁၈၂၄ ခုနှစ်တွင် ကိုလိုနီနယ်မြေချဲ့ထွင်လို၍ အကြောင်းရှာနေသော ဗြိတိသျှတို့သည် ရှင်မဖြူကျွန်းအရေးကို အကြောင်းပြု၍ ပထမကျူးကျော်စစ်ကိုဆင်နွှဲခဲ့ရာ ရခိုင်၊ မဏိပူရ၊ အာသံ စစ်မျက်နှာတွင် မြန်မာတို့ အောင်ပွဲဆင်နိုင်ခဲ့သော်လည်း ပင်လယ်ရေကြောင်းမှ ဝင်ရောက်တိုက်ခိုက်လာလိမ့်မည်ဟု မျှော်လင့်မထားခြင်းကြောင့် ဗြိတိသျှစစ်သင်္ဘောများ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာချိန်တွင် အံ့အားသင့်လျက် မြို့စောင့်တပ်မျှသာရှိသော ရန်ကုန်သည် အလွယ်တကူကျဆုံးခဲ့ပါသည်။ သတ္တိသွေးမနည်းသော မြန်မာတို့သည် ခံတပ်အဆင့်ဆင့်ဖြင့် ရှုပ်ရှုပ်ချွံချွံခုခံခဲ့သော်လည်း လက်နက်စနစ်အင်အားကွာခြားမှုကြောင့် အရေးနိမ့်ခဲ့ရပြီး ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်တွင် ရန္တပိုစာချုပ်ချုပ်ဆိုကာ ရခိုင်နှင့် တနင်္သာရီနယ်တို့အား လက်လွှတ်ဆုံးရှုံးခံ၍ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲပြီးဆုံးခဲ့ရသည်။


ထို့နောက် ၁၈၅၂ ခုနှစ်တွင် အခွန်ရှောင်သည်ဟု သံသယရှိသော ဗြိတိသျှသင်္ဘောကပ္ပတိန်နှစ်ဦးအား ရန်ကုန်မြို့ဝန်က ဒဏ်ရိုက်ခြင်းကို အကြောင်းပြု၍ တစ်ဖက်သတ်တောင်းဆိုချက်များနှင့်အတူ ဖွတ်အတင်းစစ်ခင်းလာခဲ့ရာ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲဖြစ်ပွားခဲ့ရသည်။ စစ်ပွဲမှာ အချိန်တိုအတွင်းပြီးဆုံးခဲ့သည်။ နှစ်ပေါင်း ၃၀ နီးပါးကာလအတွင်း အလျင်အမြန်တိုးတက်လာသောဗြိတိသျှတို့၏ လက်နက်နည်းပညာများကို မယှဉ်နိုင်ခဲ့။ ၁၈၅၃ ခုနှစ်တွင် စစ်ပွဲပြီးဆုံး၍ အကျိုးဆက်အနေဖြင့် အောက်မြန်မာနိုင်ငံအား ထပ်မံဆုံးရှုံးခဲ့ရပြန်သည်။

၁၈၅၃ ခုနှစ် မင်းတုန်းမင်းနန်းတက်လာချိန်တွင် ဗြိတိသျှတို့၏အန္တရာယ်အားမြော်တွေးကာ ပြင်သစ်၊ အီတလီအစရှိသော ဥရောပနိုင်ငံများသို့ သံအရာရှိများစေလွှတ်၍ မဟာမိတ်ပြုနိုင်ရေးကြိုးပမ်းခဲ့သည်။ ဗြိတိသျှအစိုးရအနေဖြင့် မြန်မာနိုင်ငံအား တိုက်ခိုက်သိမ်းပိုက်ရန် ရေးကတည်းကပင်ဆုံးဖြတ်ထားပြီးဖြစ်ရာ အချိန်မရွေးအကြောင်းပြသိမ်းပိုက်နိုင်ရန်အလို့ငှာ မြန်မာအစိုးရနှင့်မြန်မာလူမျိုးတို့အပေါ် အခြားနိုင်ငံများမှ အထင်လွဲ မေတ္တာပျက်စေရန် မဟုတ်မမှန်သတင်းများအား ဥရောပတိုက်ရှိ သတင်းစာများတွင် မကြာခဏဖော်ပြခဲ့သည်။ ဥရောပတိုက်ရှိ မြန်မာသံအရာရှိမင်းကြီးများလည်း မကြာခဏ မဟုတ်မှန်ကြောင်း ဖြေရှင်းခဲ့ကြရသည်။ အကြောင်းရှာနေသော ဗြိတိသျှတို့အတွက် ဘုံဘေဘားမားသစ်ကုမ္ပဏီ၏ သစ်ခိုးမှုကိစ္စပေါ်ပေါက်လာသည့်အခါ အချိုရှာ သကာတွေ့ဖြစ်ကြလေသည်။ စစ်ဖြစ်လျှင် နိုင်ငံသားများနစ်နာမည့်အရေးကိုတွေးလျက် သစ်ခိုးမှုအတွက် ဒဏ်ရိုက်ခြင်းမှ လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သော်လည်း ကိစ္စမပြီးတော့ချေ။ "မြန်မာနိုင်ငံနှင့် အခြားနိုင်ငံဆက်ဆံလိုလျှင် အင်္ဂလိပ်အစိုးရသဘောတူမှ ဆက်ဆံရန်" ဟူသော အမှုကိစ္စနှင့်မသက်ဆိုင်သည့် တောင်းဆိုချက်များပါဝင်သည့် တစ်ဖက်သတ်တောင်းဆိုမှုများပြုလာခဲ့သည်။ မြန်မာတို့ဘက်မှ ခုနစ်ရက်အတွင်း သဘောတူညီမှုတို့အား ပြန်ကြားခဲ့သော်လည်း မကျေနပ်သဖြင့် အသင့်ပြင်ဆင်ထားသော ဗြိတိသျှအင်္ဂလိပ်စစ်တပ်များမှာ မြို့ရွာများကိုဝင်ရောက်တိုက်ခိုက်ကြခြင်းဖြင့် ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ တတိယစစ် စတင်ဖြစ်ပွားတော့သည်။ ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်တွင် မြန်မာတို့ အားမတန်တော့သဖြင့် ဘုရင့်အမိန့်တော်အရ လက်နက်ချအရှုံးပေးလိုက်ရသည်။ ထိုမှစ၍ မြန်မာတစ်နိုင်ငံလုံးသူ့ကျွန်ဘဝလုံးလုံးရောက်ခဲ့ရလေသည်။

အင်္ဂလိပ်-မြန်မာ စစ်ပွဲသုံးကြိမ်ဖြစ်ပွားမှုအားလေ့လာကြည့်ပါလျှင် ပထမအကြိမ်စစ်ပွဲသည် မြန်မာတို့ ဇာတိမာန်တက်ကြွ၍ ဂုဏ်တောက်နေချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လက်နက်စနစ်နှင့် နည်းဗျူဟာကွာဟချက်ကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဒုတိယအကြိမ်နှင့် တတိယအကြိမ်စစ်ပွဲများကတော့ စစ်ကိုလိုလား၍ အနိုင်ကျင့် ဗိုလ်ကျလိုသူအင်္ဂလိပ်တို့၏ စစ်မဖြစ်ဖြစ်အောင် ကျူးသွင်း၍ အဓမ္မစစ်ခင်းကျူးကျော်ခြင်းကြောင့် စစ်ပွဲဖြစ်ပွားကာ ရှုံးနိမ့်ခဲ့ရခြင်းပင်ဖြစ်ပါသည်။ စစ်အတွင်းအဓိကကွာခြားချက်မှာ လက်နက်စနစ်ပင်ဖြစ်ပြီး ထိုအချက်ကို ကြိုတင်သိမြင်၍ ပြင်ဆင်ဖြည့်စွက်နိုင်ရေး ကြိုးပမ်းခဲ့သော မင်းတုန်းမင်းနှင့် ကနောင်မင်းသားကြီးတို့၏ အိပ်မက်သည်လည်း ဘေးပယောဂအပေါ်ယံမှား၍ သွေးသားချင်းသတ်ဖြတ်ခဲ့ကြသော မြင်းကွန်း၊ မြင်းခုံတိုင် အရေးတော်ပုံကြောင့် လေလွင့်ရင်းတက်ကျိုးဖြစ်ခဲ့ကြရသည်။

ဆုံးရှုံးသွားသော အရာဟူသမျှသည် လွယ်လင့်တကူပြန်ရရိုးမရှိပါချေ။ ထိုထဲတွင် နိုင်ငံ၏ လွတ်လပ်ရေးဆုံးရှုံးမှုသည် ပြန်လည်ရရှိရန် သာ၍ပင်ခက်ခဲပါသည်။ တိုင်းတစ်ပါးလက်အောက်ခံအဖြစ် မနေလိုကြသည့် မြန်မာမျိုးချစ်သူရဲကောင်း အဆက်ဆက်ကနယ်ချဲ့ ဗြိတိသျှတို့၏လက်အောက်ရောက်ရှိသည်နှင့်တစ်ပြိုင်နက် ရရာလက်နက်စွဲကိုင်၍ တွန်းလှန်ခဲ့ကြသော်လည်း အားမတန်သည့်အတွက် တွန်းလှန်မှုကိုတစ်ခန်းရပ်ခဲ့ရသည်။ ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) မှတစ်ဆင့် မြန်မာအသင်းချုပ်ကြီး (GCBA)တို့ ပေါ်ပေါက်လာပြီး မြန်မာတို့၏ အမျိုး၊ ဘာသာ၊ ပညာဘက်မှ အမျိုးသား





လွတ်မြောက်ရေးစိတ်ဓာတ်ထက်သန်အောင် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ၁၉၃၃ ခုနှစ်နောက်ပိုင်း တို့ဗမာအစည်းအရုံးအင်အားကောင်းလာပြီးနောက် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာသည့်အချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေတ်ပညာတတ်ကျောင်းသားလူငယ်များကဦးဆောင်၍ အင်္ဂလိပ်အခက် ဗမာ့အချက်ဟု ကြွေးကြော်ပြီး ဂျပန်တို့၏အကူအညီဖြင့် နယ်ချဲ့ဗြိတိသျှတို့ကို တွန်းလှန်တိုက်ထုတ်ခဲ့ကြသည်။ တစ်ဖန်ဂျပန်တို့ကို ပြန်လည်တွန်းလှန်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်၍ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး (ဖဆပလ)ကိုဖွဲ့စည်း၍ ဗြိတိသျှတို့နှင့်စေ့စပ်ဆွေးနွေးကာ မြန်မာ့လွတ်လပ်ရေးကို ပြန်လည်အရယူခဲ့သည်။ ဤသို့စာဖြင့် အကျဉ်းချုပ်၍ စာကြောင်းရေ ၁၀ ကြောင်းမျှ ဖော်ပြသော အကြောင်းအရာကာလသည် နှစ်ပေါင်းတစ်ရာကျော် တိတိပပဆိုရသော် ၁၂၂ နှစ်ထိ ကြာရှည်ခဲ့ပြီး သမိုင်းမဝင် စာမတင်သည့် အသက်သွေးချွေးပေါင်း မြောက်မြားစွာတို့ကို ရင်းနှီးခဲ့ရပေသည်။

မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ ရက် (ခရစ်နှစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်) တနင်္ဂနွေနေ့တွင် ကျွန်တော်တို့ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ဘိုးဘေးတို့၏ကျေးဇူးကြောင့် လုံးဝလွတ်လပ်သော နိုင်ငံအဖြစ်သို့ရောက်ရှိခဲ့သည်။ ထိုနှစ် ဇန်နဝါရီလ ၃ ရက်ညတွင် ရန်ကုန်မြို့တစ်ခုလုံးမအိပ်နိုင်။ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်သော နိုင်ငံအဖြစ်သို့ ကြေညာမည့်အချိန်ကို စိတ်အားထက်သန်စွာဖြင့် မျှော်လင့်ရင်ခုန်ကြရင်း ညလုံးပေါက်မီးထွန်း၍ စောင့်စားနေကြပြီး နံနက်စောစော ချမ်းချမ်းစီးစီးတွင် နိုင်ငံတော်အလံလွှင့်ထူမည့်နေရာသို့ အားလုံးစုဝေးရောက်ရှိလာကြသည်ဟူ၏။

လွတ်လပ်ရေး ကြေညာစာတမ်းတွင် အပိုဒ် ၆ ပိုဒ်ပါရှိပြီး ပထမ ၃ ပိုဒ်သည် ငါတို့သည် လွတ်လပ်သော နိုင်ငံအဖြစ်သို့ ရောက်ရှိကြပြီဖြစ်ကြောင်း ဥဒါန်းကျူးရင့်ဖော်ပြချက်များဖြစ်ပြီး အပိုဒ်(၄)တွင်မူကား ပြည်ထောင်စုမြန်မာနိုင်ငံအား အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုရေးသားထားလေသည်-

"ငါတို့သည် တစ်မျိုးဘာသာ တစ်စိတ်တစ်ဒေသ၏ ကောင်းကျိုးချမ်းသာကို မလိုလား ကျောသားရင်သား သူကား ငါကား ခွဲခြားခြင်းကိုအလိုမရှိ မြစ်ချောင်းသီတာ သမုဒ္ဒရာ တောင်တန်းတို့ဖြင့် ကမ္ဘာ့ဓမ္မတာ သဘာဝအပိုင်းအခြား ထင်ရှားစွာသတ်မှတ်အပ်သော ရာဇဝင်ရှည်ဝေး ရှေးပဝေသဏီမှစ၍ ယခုထက်တိုင် မြန်မာနိုင်ငံသားဟု သမုတ်အပ်သူ တိုင်းရင်းသားအပေါင်းတို့ ဇာတိချက်ကြွေနေထိုင်ရာ မြန်မာနိုင်ငံတော်တစ်ဝန်းကို တစ်သွေးတစ်သားတည်း ဟူသော ကြိုးထူး၊ တစ်စိတ်တစ်ဝမ်းတည်း ဟူသော ကြိုးထူး၊ အလိုအလျောက် သဘာဝ အထောက်အပံ့ဖြင့်သာလျှင် ဖြစ်ပေါ်အပ်သော စေတနာတည်းဟူသော ကြိုးထူး ဤကြိုးသုံးပါးဖြင့် ကမ္ဘာဆုံးတိုင်မြဲခိုင်တည်တံ့အောင် ရစ်ပတ်ဖွဲ့စည်းအပ်သော ပြည်ထောင်စုအဖြစ်ကို လက်ဆုပ်လက်ကိုင် ငါတို့အပိုင်ရလေပြီ။"

အထက်ပါအဓိပ္ပာယ်ကို ကျွန်တော်နားလည်သလိုအလွယ်ဆိုရလျှင် "သဘာဝအပိုင်းအခြားတို့ဖြင့် တည်ရှိသတ်မှတ်ထားသော မြန်မာနိုင်ငံတည်းဟူသော နယ်နိမိတ်အတွင်း လူမျိုး၊ ဘာသာခွဲခြားခြင်းမရှိ၊ ရှေးပဝေသဏီကပင် ယခုထက်တိုင် နေထိုင်ခဲ့ကြသော တိုင်းရင်းသားလူမျိုးအပေါင်းအစုဖြင့် တစ်စိတ်တစ်ဝမ်း၊ တစ်သွေးတစ်သားတည်း ဖွဲ့စည်းထားသော ကမ္ဘာဆုံးသည့်တိုင် အမြဲတည်တံ့ခိုင်မာမည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်" ဟု လွတ်လပ်ရေး၏တန်ဖိုးကို အပြည့်အဝနားလည်ကြသော လွတ်လပ်ရေးကြိုးပမ်းမှုခေါင်းဆောင်များအားလုံးက တညီတညွတ်တည်း ရှင်းရှင်းလင်းလင်း ဖော်ပြသတ်မှတ်ခဲ့သည်ဟု မှတ်ယူမိပါသည်။

လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းခြင်းနည်းတူရရှိပြီးသော လွတ်လပ်ရေးအား တည်တံ့ခိုင်မြဲအောင်ထိန်းသိမ်းစောင့်ရှောက်ရသည်မှာလည်း အသက်၊ သွေး၊ ချွေးများစွာ ရင်းနှီးခဲ့ရသည်ကို လွတ်လပ်ပြီးစ မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းကိုပြန်လည်လေ့လာကြည့်လျှင် တွေ့ရှိနိုင်ပါသည်။ အယူဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲများဖြင့် နိုင်ငံကိုမထောက်ညှာနိုင်ဘဲ ဘေးပယောဂများ၏ သွေးခွဲရာနောက် ကောက်ကောက်ပါကာ လွတ်လပ်ရေးကြိုးပမ်းခဲ့ကြသူ ခေါင်းဆောင်ကြီးများ၏ ဆန္ဒဖြစ်သော ကမ္ဘာဆုံးတိုင်မြဲခိုင်တည်တံ့သော ပြည်ထောင်စုမြန်မာနိုင်ငံအား အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ကြိုးပမ်းလာကြသော ရောင်စုံသူပုန်သောင်းကျန်းသူများနှင့် ကူမင်တန်တပ်ဖွဲ့ကျူးကျော်မှုများအကြား လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာသော မြန်မာ့တပ်မတော်သည်လည်း ရှိသည့်လက်နက်၊ ရသည့်အင်အား၊ ကြံ့ရာဇာ့ဗျူဟာတို့ဖြင့် အချုပ်အခြာအာဏာမပျောက်စေရေး အသက်ပေး၍ ဆောင်ရွက်ခဲ့ကြရသည်မှာ သမိုင်းသက်သေအထောက်အထားမြောက်မြားစွာရှိပေသည်။ ထို့ကြောင့်ပင်လျှင် ယနေ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့သည် ၇၇ နှစ်မြောက်သို့ ရောက်ရှိနိုင်ခဲ့ပါသည်။

တည်ရှိပိုင်ဆိုင်ပြီးဖြစ်သော လွတ်လပ်ရေးပန်းခိုင်ကြီးအား ငွားငွားစွင့်စွင့် ထာဝရပွင့်လန်းနေအောင်ရွက်ဆောင်ဖို့ရာ ယနေ့လူငယ်များအတွက် သမိုင်းပေးတာဝန်လက်ဆင့်ကမ်းအမွေပင်ဖြစ်သည်။ နှစ်ပေါင်းရာကျော်ကျွန်အဖြစ်နှံ့နစ်ခဲ့ရာမှ ဘိုးဘွားတို့၏ မဆုတ်မနစ်အားထုတ်မှုတို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရယ်လို့ ဖြစ်တည်ခဲ့ပြီးမှ မိမိတို့ခေတ် မိမိတို့လက်ထက်တွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သောနည်းဖြင့်သော်လည်းကောင်း ဆုံးရှုံးရမည်ဆိုပါလျှင် မိမိတို့အား နောင်လာမည့်မျိုးဆက်များက တာဝန်မကျေပွန်သော၊ ညံ့ဖျင်းသောမျိုးဆက်များအဖြစ် သမိုင်းတွင်လက်ညှိုးထိုးဝေဖန်အပြစ်တင်ရှုတ်ချခြင်းကို ခံရမည်မှာမလွဲပါ။ ကျွန်တော်တို့၏ မျိုးဆက်သစ်များအားငယ်စဉ်က လွတ်လပ်ရေးနေ့တွင် ကျွန်တော်တို့ပျော်ပါးခဲ့ကြသကဲ့သို့ သူတို့ကိုလည်း ဆက်လက်၍ လွတ်လပ်ပေါ့ပါးစွာ ပျော်ရွှင်စေလိုပါသည်။ သို့ဖြစ်ပါ၍ ယခု ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယမှစ၍ အယူဝါဒ၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများထက် နိုင်ငံကို ပိုမိုချစ်ခင်၍ နိုင်ငံ့အကျိုး၊ ပြည်ထောင်စုအကျိုးရေးရှုဖော်ဆောင်ကာ ကျရာတာဝန်ကျေပွန်အောင်ထမ်းဆောင်ပြီး မြန်မာ့လွတ်လပ်ရေးအား လွတ်လပ်ရေးကြေညာစာတမ်းပါအတိုင်း ထာဝရထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ရပါသည်။ ။


**စိုးဝင်းလ**

၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုကဗျာ

# လှမ်းစို့ညီညီ ရှေ့သို့ချီ

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းရယ်က
အစဉ်တရားယှဉ် အရင်းအချာ ဝန်အပြိုင်ထမ်းပါလို့
တစ်လမ်းတည်းအတူသွားတဲ့ သွေးရင်းတွေ၊
သြော်.....
တစ်ဝမ်းတည်းအတူဖွားတဲ့ မွေးချင်းဆွေ။
ဘုန်းရောင်နစ်လေတဲ့
ကုန်းဘောင်ခေတ် ယွန်းချိန်တန်ထင့်
နန်းအဆက်ဆက်ခံ နည်းမူညှိုးပါပေါ့
မန်းကနက္ကဒဏ် ထီးဖြူကျိုးပါလို့
နယ်ချဲ့ဆိုး အယုတ်တမာတွေက
အချုပ်အခြာအာဏာ ပိုင်နက်ကျူးကာ
နန်းဦးကိုခြွေ။
နန်းဦးခြွေ အခြေအနေယွင်းလေတော့
နန်းဦးကြွေ အသရေကင်းပါပေါ့
နှစ်ပေါင်းရာကျော် ကျွန်ဇာတ်သွင်းပြီမို့
ခံပြင်း နာကျည်းဒဏ်နဲ့
နယ်ချဲ့ရန် တွန်းလှန်ကြပေမယ့်
အကြောင်းကံမလှ အခြေအနေမဟန်ဘူး
အကြိမ်ကြိမ်အဖန်ဖန် အနိုင်မခံ အရှုံးမပေးပါဘဲ
အသက်သွေးချွေး စတေးရအခါခါပေါ့
ပေးဆပ်ကာ ရှေ့သို့တိုးတယ်လ
ဘိုးဘွားသွေး တံခွန်ထူလို့
ရဟန်းရှင်လူ ပြည်သူများရယ်နဲ့
ပြည်ထောင်စုဖွား တစ်မိသားညီအစ်ကိုမောင်နှမများရယ်က
ပြည်တွင်းအား မြိုင်မြိုင်ဆိုင်ဆိုင်ပေါ့
အချုပ်အခြာအာဏာပိုင် လွတ်လပ်ရေးကိုလ
အရယူပေးခဲ့ လက်တွဲနေ
အခက်အခဲတွေတွေ့သမျှ ကျော်ကာလွှား။
ဘိုးဘွားသွေးတွေနဲ့
လွတ်လပ်ရေး အောင်လံချီလို့
အောင်သံစည် ခြိမ့်ခြိမ့်သဲပါပဲ
ပျော်ပွဲဆင် ရွှင်လို့လန်းတယ်လ
နိုင်ငံတစ်ဝန်း အောင်ပန်းပန်ရင်း
ကိုယ့်နိုင်ငံ ကိုယ့်အင်အားရယ်နဲ့
နိုးကြားတဲ့ သတိယှဉ်
တိုးပွားမယ့် အသိမြင်ပြီး
ထာဝစဉ် စည်သာအေးအောင်
ပြည်ထောင်စုအရေး ဦးထိပ်ပန်
အမျိုးသားရေး အမွေခံလို့
ရှေ့ဆက်ရန် လမ်းတွေရှင်းတယ်လ
ပန်းခင်းလမ်း အကောင်အထည်ဖော်ဖို့
နောင်အရှည်မျှော် တစ်စိတ်တစ်ဝမ်းရယ်နဲ့
(ဆွေရင်းတို့ရေ.....)
လှမ်းချီစို့လား။ ။

**ရေနံ့သာမောင်ကျော်ညွန့်**







# ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုပါ၏။



# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ပြာသိုလဆန်း(၆)ရက် ၊ စနေနေ့ ၊ (4-1-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၄၉)


## ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား**

ယနေ့ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ် မင်္ဂလာအခါသမယ၌ တိုင်းရင်းသားပြည်သူများအားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ပိုင်နက်နယ်မြေ၊ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် လွတ်လပ်သည့်နိုင်ငံအဖြစ် ဝင့်ထည်စွာရပ်တည်ခဲ့ပါသည်။ ကိုယ်ပိုင်ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးတမ်းတို့ကို တင့်တယ်စွာပိုင်ဆိုင်ခဲ့ပါသည်။ စာမျက်နှာ ၁၈ ကော်လံ ၁


**သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်း**

စာမျက်နှာ- ၆

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း**

စာမျက်နှာ- ၂၀

**စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်း**

စာမျက်နှာ- ၂၃


## ၂၀၂၅ ခုနှစ် ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲ လွန်ဆွဲ၊ ထုပ်ဆီးတိုး တတိယလုပွဲနှင့် ဗိုလ်လုပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

၂၀၂၅ ခုနှစ် ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁၊ ၂)နှင့် (၃)တို့၌ ကျင်းပလျက်ရှိသည့် ၂၀၂၅ ခုနှစ် ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးလွန်ဆွဲ၊ အမျိုးသမီးထုပ်ဆီးတိုး တတိယလုပွဲနှင့် ဗိုလ်လုပွဲပွဲစဉ်များယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ အမျိုးသမီးထုပ်ဆီးတိုး တတိယလုပွဲတွင် စာမျက်နှာ ၁၇ ကော်လံ ၂ ❑






ရတနာပုံ
၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်
အယ်ဒီတာ့အာဘော်

# လွတ်လပ်ရေးထာဝစဉ်တည်မြဲရေးသည် နိုင်ငံသားတိုင်းမွေးရာပါတာဝန်

နိုင်ငံတော်အတွင်းမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ရှေးကာလကတည်းကပင် ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်လျက် ကိုယ့်ထီးကိုယ့်နန်းနှင့် အေးအတူပူအမျှ ညီညွတ်စွာနေထိုင်ခဲ့ကြသည်။ သို့သော် ၁၈၂၄ ခုနှစ်မှစတင်ပြီး ဗြိတိသျှကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲမှုကြောင့် ၁၈၈၅ ခုနှစ်တွင် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးခဲ့ရသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ကိုယ့်ထီးကိုယ့်နန်းကို တန်ဖိုးထားစိတ်၊ ဖိနှိပ်ချုပ်ချယ်မှုအပေါ် မခံချင်စိတ်၊ နယ်ချဲ့ဗြိတိသျှနှင့် ဖက်ဆစ်များအပေါ် နာကြည်းစိတ်များကြောင့် ဖြစ်ပေါ်လာသော ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ကာ ဖွဲ၊ လုံ့လ၊ သတ္တိတို့ဖြင့် လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြသည်။ တိုင်းရင်းသားများ၏ အသက်၊ သွေး၊ ချွေးများ ရင်းနှီးပေးဆပ်တိုက်ပွဲဝင်ခဲ့မှုကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအဖြစ် ပြန်လည်ရပ်တည်နိုင်ခဲ့ပြီး ယခုအခါ ၇၇ နှစ်ထိ ခိုင်မာစွာတည်တံ့နေပြီလည်းဖြစ်ပါသည်။

လွတ်လပ်ရေးသည် မထိန်းသိမ်းပါက တစ်ခဏတာအတွင်း ဆုံးရှုံးနိုင်သော်လည်း စစ်မှန်သော လွတ်လပ်ရေးပြန်ရရန်အတွက်ကိုမူ နှစ်ပေါင်းများစွာ တိုင်းရင်းသားပြည်သူများ၏ အသက်၊ သွေး၊ ချွေးများကို ရင်းနှီးပေးဆပ်၍ ခက်ခဲပင်ပန်းစွာ ကြိုးပမ်းရယူခဲ့ရပါသည်။ ယခုရရှိပြီးသော လွတ်လပ်ရေးကို မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ တွဲလက်ညီညီ ရင်ဆိုင်ရယူနိုင်ခဲ့ခြင်းကြောင့် ယနေ့တိုင် တည်တံ့နေခြင်းပင်ဖြစ်ပါသည်။ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ခိုင်မာသော အမျိုးသားရေးဦးတည်ချက်များကို နိုင်ငံတော်က နှစ်စဉ်ချမှတ်ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည်လည်း ယခုနှစ် ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အမျိုးသားရေးဦးတည်ချက်များအဖြစ် ၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီထိန်းသိမ်းဆောင်ရွက်ရေး၊ ၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး၊ ၃။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး၊ ၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား"ဖြင့်ဆောင်ရွက်ရေး၊ ၅။ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ"ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသား စိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဖွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေးတို့ကို ခိုင်မာစွာချမှတ်ထားပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်မှာ နှစ်ပေါင်း ၇၇ နှစ်တိုင် ကြာမြင့်ခဲ့ပြီးဖြစ်ပါသည်။ ထိုမျှနှစ်ပေါင်းကြာရှည်အောင် လွတ်လပ်ရေးရရှိပိုင်ဆိုင်ခဲ့သော်လည်း လွတ်လပ်ရေး၏အသီးအပွင့်များဖြစ်သည့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ထိုက်တန်စွာမခံစားရသေးပေ။ အကြောင်းမှာ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးရခြင်းပင်ဖြစ်သည်။ ထို့ကြောင့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ တိုင်းရင်းသားပြည်သူအားလုံး ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သို့မှသာ အဖိုးအနဂ္ဃ ထိုက်တန်လှသည့် လွတ်လပ်ရေးကြီး ထာဝစဉ်တည်တံ့နေမည်လည်းဖြစ်ပါသည်။ ဘိုးဘေးဘီဘင်များထံမှ လက်ဆင့်ကမ်းရရှိခဲ့သော လွတ်လပ်ရေးအမွေကို ဆက်လက်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကြရေးသည် နိုင်ငံသားအားလုံး၏ မွေးရာပါတာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

# ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများချီးမြှင့်ရေး ညှိနှိုင်းစည်းဝေး



**မန္တလေး ဇန်နဝါရီ ၃**

၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်အပ်နှင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က တိုင်းဒေသကြီးအတွင်း အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့တွင် ဂုဏ်ပြုလေးစားထိုက်သောစိတ်ဓာတ်ဖြင့် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသူများအား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်အပ်နှင်းသွားနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ ချီးမြှင့်ထိုက်သူများအား မှန်ကန်စွာ စိစစ်ရွေးချယ်ပြီး ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့တွင် မြို့တော်ခန်းမ၌ အခမ်းအနားဖြင့် ချီးမြှင့်အပ်နှင်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက စိစစ်ရွေးချယ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မျိုးကျော်

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ဓနိချပ်ရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ဓနိချပ်ရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဓနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်သည် ဓနိထွက်သောဒေသဖြစ်ပြီး ထွက်ရှိလာသည့် ဓနိများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်းက ဓနိချပ်ရေ ၃၉၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း ဓနိချပ်ရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က တောင်သူတွေက စပါးအပြင် ဓနိနဲ့ အခြားသီးနှံတွေ စိုက်ပျိုးရောင်းချနေပါတယ်။ ဓနိစိုက်ပျိုးရေးလုပ်ငန်းကတော့ ဒေသခံတွေအတွက် စီးပွားရေး လုပ်ငန်းတစ်ခုထဲမှာ အပါအဝင်ဖြစ်ပါတယ်။ ဒီဇင်ဘာလထဲမှာ ရန်ကုန်ဈေးကွက်က ဓနိဝယ်ယူမှု အားကောင်းခဲ့ပါတယ်။ ဝယ်ယူမှုအားကောင်းခဲ့တဲ့အတွက် ဒေသခံဓနိစိုက်ပျိုးသူတွေနဲ့ ဓနိထိုးလုပ်သားတွေ အလုပ်အကိုင်အခွင့်အလမ်းကောင်းနေတာတွေ့ရပါတယ်"ဟု ဒေါ်ဇာခြည်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ဓနိစိုက်ပျိုးရေးလုပ်ငန်းကို ကျေးရွာ ၁၄ ရွာမှ ဒေသခံများက အများစု စိုက်ပျိုးထားကြောင်း၊ အဆိုပါ ဓနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၄၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကောလင်း ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၄၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်းဧက ၂၁၂၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကောလင်းခရိုင်အတွင်း ဖူးစားပြောင်းဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဖူးစားပြောင်းဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဖူးစားပြောင်းစိုက်ပျိုးရာမှာ လျာထားဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပြောင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် ဖူးစားပြောင်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၃၈၂ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၀၂၄ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ရှစ်ဧက စုစုပေါင်း ၁၄၁၄ ဧကဖြစ်ကြောင်း၊ ကောလင်းခရိုင်အတွင်း ဖူးစားပြောင်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၃၇၈ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၇၄၂ ဧက စုစုပေါင်းဧက ၂၁၂၀ ဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် ဖူးစားပြောင်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုရေးစသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ကောလင်းခရိုင်တွင် ဖူးစားပြောင်းအောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပြည်ပသို့ပါ တင်ပို့နိုင်ပြီး လူမှုစီးပွားဘဝမြင့်မားလာမည်ဖြစ်သဖြင့် ဖူးစားပြောင်းများကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းရှူးမြို့နယ် ဟိုင်းဟွမ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုင်းရှူး ဇန်နဝါရီ ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ဆော့ကျေးရွာအုပ်စု ဟိုင်းဟွမ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်း၊ မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ဟိုင်းဟွမ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဟိုင်းဟွမ်ကျေးရွာ၌ လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသား နှစ်ပေ၊ သဲဖြူန်း ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ၂၀၂၄ ခုနှစ် ဇွန်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဟိုင်းဟွမ်ကျေးရွာရှိ ကျေးရွာသူကျေးရွာသူသားများ၏ လယ်မြေဧက ၂၀၀ ကျော်မှ ထွက်ရှိသည့် စပါးနှင့် အခြားသော စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ် သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးထံမှ သိရသည်။

**ချိုသန်းညွန့်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မိုးကုတ်မြို့နေ ဦးဇော်လွင်ဦး-ဒေါ်ချိုချိုမြင့် မိသားစုက ဆွမ်းပဒေသာပင် အလှူငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့်ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ခရီးသွားဧည့်သည် ၅၄၅၅၇ ဦးထိ လာရောက်လည်ပတ်ခဲ့



**ပုသိမ် ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းခရီးသွားဧည့်သည် ၅၄၅၅၇ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်း ခရီးသွားတာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရီးသွားဒေသများတွင် တစ်ခု အပါအဝင်ဖြစ်သည့် ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်းက ခရီးသွားဧည့်သည် ၂၀၅၆၅ ဦးထိသာ လာရောက်လည်ပတ်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၅၄၅၅၇ ဦးထိ လာရောက် လည်ပတ်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ တစ်လအတွင်း ရွှေသောင်ယံကမ်းခြေကိုလာတဲ့ ခရီးသွားအပန်းဖြေသူတွေများခဲ့ပါတယ်။ တစ်လအအတွင်း ခရီးသွားဧည့်သည့် ၅၄၅၅၇ ဦးထိ လာရောက်ခဲ့ပါတယ်။ လာတဲ့ဧည့်သည်တွေက နေ့ချင်းပြန်လာတဲ့ ဧည့်သည်တွေ များတယ်။ ခရစ္စမတ် ပိတ်ရက်တွေမှာ လာတဲ့ဧည့်သည်တွေ ပိုများခဲ့ပါတယ်။ အခု ပွင့်လင်းရာသီ ရောက်လာပြီဖြစ်လို့ လာမဲ့ ဖေပြီလနဲ့သင်္ကြန်ကာလ နှစ်ကူးပိတ်ရက်တွေမှာ ခရီးသွားတွေ ပိုမိုလာရောက်ဖို့ မျှော်မှန်းထားပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ရွှေသောင်ယံကမ်းခြေကိုလာတဲ့ ခရီးသွားဧည့်သည်တွေထဲမှာ ပြည်တွင်းဧည့်သည်တွေအပြင် ပြည်ပခရီးသွားတွေပါ လာခဲ့ပါတယ်''ဟု ခရီးသွားတာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ရွှေသောင်ယံကမ်းခြေတွင် ရွှေသောင်ယံဟိုတယ်နှင့် Lai Lai ဟိုတယ်များအပါအဝင် ဟိုတယ်နှင့် တည်းခိုရိပ်သာအလုံးရေ စုစုပေါင်း၂၀ ကျော်ဖြင့် ကမ်းခြေသို့လာသည့် ခရီးသွားများကို ဝန်ဆောင်မှုပေးလျက်ရှိပြီး ကမ်းခြေတွင် ပင်လယ်စာအမျိုးမျိုး၊ လက်ဆောင်ပစ္စည်း အမျိုးမျိုး၊ စက်ဘီးငှားခြင်း၊ မော်တော်ဘုတ်ငှားခြင်း၊ မြင်းငှားခြင်း စသည့်လုပ်ငန်းများဖြင့်လည်း ခရီးသွားများကို ဝန်ဆောင်မှု ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တောင်သာမြို့နယ် ပေါက်ကန်ကျေးရွာတွင် VDP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်သာ ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်သာမြို့နယ် ရွှေပြည်တော်ကျေးရွာအုပ်စု ပေါက်ကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၂ရက် နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်း၊ VDP စီမံကိန်းတာဝန်ခံတို့နှင့်အတူ ပေါက်ကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ မြို့နယ်ဦးစီးမှူးက လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာ၏တင်ပြချက်များ အပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပေါက်ကန်ကျေးရွာ၌ လမ်းအရှည် ၅၇၅ ပေ၊ အကျယ် ၁၂ ပေနှင့် အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၆ ဒသမ ၁၅ သန်း၊ စုစုပေါင်း ငွေကျပ် ၂၁ ဒသမ ၁၅ သန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက နည်းပညာကူညီပံ့ပိုးမှုဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချစ်ဦးကို**

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမိုးစပါး ၅၃၄၄၅ ကေရိတ်သိမ်းပြီးစီး

**မော်လိုက် ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမိုးစပါး ၅၃၄၄၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီ၌ မိုးစပါး ၅၃၄၅၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၅၃၄၄၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၁ ဒသမ ၀၃ တင်း ထွက်ရှိကြောင်း သိရသည်။

"ဖောင်းပြင်မြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါး ၅၃၄၅၈ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မိုးစပါးတွေကို ရိတ်သိမ်းလျက်ရှိရာ ဒီနေ့ထိ ၅၃၄၄၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်လဲ ရိတ်သိမ်းလျက်ရှိပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် မိုးစပါးစိုက်တောင်သူများ တစ်ဧကပန်းတိုင် အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း တိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)



# ကျန်းမာရေးအတွက် နနွင်းဆေးတစ်ခွက် အပိုင်း(၂)



နနွင်း(ဆနွင်း)သည် မြန်မာလူမျိုးတို့၏ မီးဖိုချောင်တွင် အမြဲရှိသည့်ပစ္စည်းများထဲမှ တစ်ခုဖြစ်ပြီး နေ့စဉ်ဟင်းချက်ရာတွင် ဟင်းများကို အရောင်တင်ရန်နှင့် ဟင်းခတ်အမွှေးအကြိုင်အဖြစ် ထည့်သုံးလေ့ရှိသည့် သဘာဝ၏လက်ဆောင်တစ်ခုဖြစ်သော နနွင်း၏ အသုံးဝင်ပုံအမျိုးမျိုးနှင့် ကျန်းမာရေးအကျိုးကျေးဇူးအမျိုးမျိုးတို့ကို ဆက်လက်ဖော်ပြလိုသည်။ နနွင်းကို အမှုန့်အတိုင်းအပြင် ဆေးတောင့်၊ ဆေးမှုန့်၊ ဆေးရည်၊ လက်ဖက်ရည်ပုံစံများဖြင့် သုံးစွဲနိုင်သည်။

**နနွင်းမှပေးသော ကျန်းမာရေးကောင်းကျိုးများ**

ကျန်းမာရေးကောင်းကျိုးများစွာ ပေးစွမ်းနိုင်သည့် သဘာဝ၏လက်ဆောင်တစ်ခုဖြစ်သော နနွင်းသည် ခေါင်းကိုက်ခြင်း၊ လေပွန်ရောင်ခြင်း၊ အအေးမိဝေဒနာ၊ အဆုတ်ပိုးဝင်ခြင်း၊ တစ်ကိုယ်လုံးနာကျင်ကိုက်ခဲခြင်း၊ ဖျားနာခြင်း၊ သန်ထခြင်း၊ အရေပြားယားယံခြင်း၊ ဓမ္မတာလာစဉ်ဖြစ်တတ်သည့် ဝေဒနာများ၊ ကင်ဆာရောဂါများ၊ စိတ်ကျဝေဒနာ၊ အနာကြီးရောဂါ၊ အယ်လ်ဇိုင်းမား ခေါ် မှတ်ဉာဏ်ချို့ယွင်းသည့်ရောဂါ၊ မျက်စိအလယ်လွှာရောင်ရမ်းခြင်း၊ သွေးချို၊ ဆီးချိုရောဂါ၊ ဆီးအိတ်ရောင်ရမ်းခြင်း၊ ကိုယ်ခံအားတုံ့ပြန်မှုဆိုင်ရာရောဂါ၊ တီဘီရောဂါ၊ ကျောက်ကပ်ရောဂါများအတွက်လည်း နနွင်းကို အသုံးပြုနိုင်သည်။ အဖျားရောဂါ၊ ငန်းရောဂါ၊ ဝမ်းရောဂါ၊ ရောင်ရမ်းနာကျင်ကိုက်ခဲသောရောဂါ၊ ဆီးအောင့်ဆီးကျောက်တည်ရောဂါ၊ အစာအိမ်ရောဂါ၊ မီးဖွားပြီးနောက် သွေးပုပ်ကျန်သောရောဂါနှင့် မှိုင်းရှူဆေး၊ နှာမှုတ်ဆေးများဖော်စပ်ရာတွင်လည်း ထည့်သွင်းအသုံးပြုနိုင်သည်။

**ကိုယ်ဝန်ဆောင်မိခင်နှင့် နနွင်း**

ကိုယ်ဝန်ဆောင်အမျိုးသမီးများ မွေးဖွားရလွယ်ကူစေရန်အတွက် နနွင်းမှုန့်ကို ရေအေးဖြင့်ဖျော်ပြီး မမွေးဖွားမီကြိုတင်၍ ဟင်းစားဇွန်းတစ်ဇွန်းခန့်နေ့စဉ် မှီဝဲပေးရသည်။ အမျိုးသမီးများ ကိုယ်ဝန်ရှိနေစဉ် အသားအရေအေးနေခြင်း၊ သွေးလေးနေခြင်းတို့ဖြစ်ခဲ့လျှင် နနွင်းကိုရေဖြင့်ဖျော်ပြီး တစ်ကိုယ်လုံးလိမ်းကျံပေးခြင်းဖြင့် သက်သာစေနိုင်သည်။ အမျိုးသမီးများ ခေါင်းကိုက်ခြင်း၊ ဇက်ထိုးခြင်း၊ မီးယပ်ခေါင်းကိုက်ရောဂါစွဲခြင်းဖြစ်ခဲ့လျှင် နနွင်းမှုန့်ကို မီးကျီးခဲပေါ်တွင် ဖြူး၍ မှိုင်းရှူပေးခြင်းဖြင့် သက်သာစေနိုင်သည်။ ကိုယ်ဝန်ဆောင်နေစဉ် မကြာခဏဖျားတတ်သော အမျိုးသမီးများသည် အဖျားပျောက်ဆေးများကို မှီဝဲသည့်အပြင် နနွင်းကိုလည်း သောက်ပေးသင့်သည်။ မီးဖွားပြီးနောက် သွေးများမဆင်းဘဲ အပုပ်ဆန်ရာမှ ခန္ဓာကိုယ်ဖောရောင်ခြင်းဖြစ်လျှင် နနွင်းကို သောက်ခြင်း၊ လိမ်းခြင်း၊ နနွင်းပြုတ်ရည်ဖြင့် ရေချိုးခြင်း ပြုလုပ်ပေးပါက သက်သာစေနိုင်သည်။ မီးဖွားပြီးနောက် သားမြတ်ရောင်ခြင်း၊ သားမြတ်ကိုက်ခြင်း၊ နို့ချောင်းပိတ်ခြင်းဖြစ်လျှင် နနွင်းမှုန့်ကိုသောက်ခြင်း၊ လိမ်းကျံပေးခြင်း၊ နနွင်းမှုန့်ကို အထုပ်ပြုလုပ်၍ရေနွေးငွေ့ခံပြီး ကျပ်ထုပ်ထိုးပေးခြင်းတို့ပြုလုပ်ရမည်။

**သွားနာ၊ သွားကိုက်နှင့် အဖျားတက်မှုသက်သာစေရန်**

သွားနာ၊ သွားကိုက်၊ သွားဖုံးရောင်ရောဂါဖြစ်လျှင် နနွင်းမှုန့်ကိုရေနွေးနှင့်ဖျော်၍ ဆားအနည်းငယ်ထည့်ပြီး ငုံပေးလျှင် သက်သာစေနိုင်သည်။ အပူဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်လျှင် နနွင်းမှုန့်၊ ကွမ်းစားထုံးအနည်းငယ်နှင့် ထန်းလျက်ရောကျို၍ ပူပူနွေးနွေးသောက်ပေးလျှင် ဝမ်းလျှောရောဂါသက်သာပျောက်ကင်းစေနိုင်သည်။ အဖျားတက်ခြင်း၊ ချွေးငုပ်ပြီး ငန်းဖမ်းခြင်းများဖြစ်လျှင် နနွင်းကို မီးဖိုချောင်မှ ကျပ်ခိုး၊ ဆားအနည်းငယ်ရော၍လှော်ပြီး ကွမ်းရွက်ပြုတ်ရည်နှင့်တိုက်ပေးပါက ချွေးထွက်ပြီးအဖျားကျစေနိုင်သည်။ ခန္ဓာကိုယ်တွင် နာကျင်ကိုက်ခဲသော အကျိတ်ထွက်ခြင်း၊ ခိုက်မိ၍ ရောင်ရမ်းခြင်းများဖြစ်ပါက နနွင်းကိုထုံးနှင့်ရောစပ်၍ ရေဖျော်ပြီးလိမ်းပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။ ရုတ်တရက်ထိခိုက်ပွန်းရှခြင်းများ သွေးထွက်ပြီးသွေးမတိတ်လျှင် နနွင်းမှုန့်ကိုသိပ်ပေးခြင်းဖြင့် သွေးတိတ်စေနိုင်သည်။

**အနံ့အသက်ဆိုးများပျောက်စေရန်**

ခန္ဓာကိုယ်အနံ့ဆိုးခြင်း၊ ချွေးထွက်လျှင် အနံ့အသက်မကောင်းခြင်း၊ ချိုင်းချွေးနံ့မကောင်းခြင်း



တို့ဖြစ်ပွားပါက နနွင်းမှုန့်ကို ကော်ဖီဇွန်းသေး နှစ်ဇွန်းခန့် နံနက်နှင့်ည နေ့စဉ်စားသုံးပေးပါက ပျောက်ကင်းစေနိုင်သည်။

**အသားအရေလှပစေရန်**

ဟင်းချက်သည့်အခါ ထည့်သုံးတတ်သည့် နနွင်းမှုန့်က ကျန်းမာရေးအတွက် အထူးအထောက်အကူပြုကြောင်း တွေ့ရသည်။ နနွင်းမှုန့်က အရောင်လှပြီး အနံ့မွှေးသည့်အပြင် အသားအရေကိုလည်း အထောက်အကူပြုသည်။ အဝါရောင်နနွင်းသည် အရောင်ကျစေနိုင်သောအာနိသင်ရှိသကဲ့သို့ ဗက်တီးရီးယားများကိုလည်း အထိရောက်ဆုံးတိုက်ဖျက်ပေးနိုင်သည်။ အရေပြားနီမြန်းရောင်ရမ်းမှုကို သိသာစွာသက်သာစေနိုင်ပြီး နှင်းခူအစိုကဲ့သို့ အရေပြားရောဂါကြောင့် အသားအရေထိခိုက်မှုများကိုလည်း အထိရောက်ဆုံးသက်သာစေနိုင်သည်။ ဝက်ခြံသက်သာစေရန်အတွက် နနွင်းစစ်စစ်ကိုအရည်ဖျော်၍ ဝက်ခြံပေါ်တွင်လိမ်းခြင်းဖြင့် သက်သာစေနိုင်သည်။ ဝက်ခြံအမာရွတ်များကျန်နေခဲ့လျှင် နနွင်းအစစ်ကို သုံး၍ပေါင်းတင်ခြင်းဖြင့် မျက်နှာကိုကြည်လင်စေပြီး အမာရွတ်များလျော့ပါးစေသည်။

နနွင်းက အမည်းစက်များကို ပါးစေနိုင်သည့် အာနိသင်လည်းရှိသည်။ အသားအရေအတွက် နနွင်းကို ပုံမှန်အသုံးပြုပေးမည်ဆိုလျှင် အရေပြားပေါ်ရှိ အမည်းစက်များကို သိသာစွာသက်သာစေမည်ဖြစ်သည်။ ထို့ပြင် သွေးလည်ပတ်မှုမကောင်းသောကြောင့် မျက်ကွင်းညိုခြင်းနှင့် မျက်အိတ်တွဲခြင်းတို့ကို သက်သာစေသည်။ နေလောင်ခြင်းကြောင့် အသားအရေထိခိုက်ပျက်စီးမှုကို သက်သာစေရန်အတွက်လည်း နနွင်းကိုအသုံးပြုပေးရသည်။ နေလောင်ခြင်းကြောင့် အရေပြားတွင် အမည်းစက်များဖြစ်ခြင်း အသားအရောင်မညီခြင်းများကိုလည်း သက်သာစေနိုင်သည့်အပြင် အရေးအကြောင်းဖြစ်ခြင်းကို သက်သာစေနိုင်သောကြောင့် နေရောင်ကြောင့် အသားအရေထိခိုက်မှုသက်သာစေရန်အတွက် နနွင်းကို အသုံးပြုနိုင်သည်။

**အကြောပြတ်ရာများကို သက်သာစေရန်**

နနွင်းက ဓာတ်တိုးဆန့်ကျင်အာနိသင်ကြွယ်ဝပြီး အရေပြားဆဲလ်များကို လုပ်ဆောင်မှုကောင်းစေရန် အကောင်းဆုံးပံ့ပိုးပေးသည်။ အရေပြားပေါ်တွင်ဖြစ်သည့် အကြောပြတ်ရာများ သက်သာစေရန်အတွက် နနွင်းလက်ဖက်ရည်ဇွန်းတစ်ဇွန်းစာကို သံလွင်ဆီ လက်ဖက်ရည်ဇွန်းတစ်ဇွန်းနှင့်ရောပြီး သံပရာရည်နည်းနည်းညှစ်၍ အကြောပြတ်သည့်နေရာကို တစ်နေ့နှစ်ကြိမ် လိမ်းပေးရသည်။ နနွင်းက အသားအရေအတွင်းပိုင်းထိ ရေဓာတ်ဖြည့်ပေးနိုင်သောကြောင့် အသားအရေခြောက်သွေ့နေလျှင် နနွင်းကို အရေပြားပေါ်တွင် လိမ်းပေးရုံဖြင့် အပေါ်ယံအရေပြားလွှာမှဆဲလ်သေများကို အထိရောက်ဆုံးဖယ်ရှားပေးပြီး အသားအရေကို နူးညံ့ကျန်းမာစေနိုင်၍ အရေပြားထိခိုက်ပျက်စီးမှုကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်သည်။

**အနာကျက်စေနိုင်ရန်**

နနွင်းတွင်ပါဝင်သည့် Curcumin က အနာကျက်စေနိုင်သကဲ့သို့ ဓာတ်တိုးပစ္စည်းများကြောင့် အသားအရေထိခိုက်ခြင်းမျိုးမဖြစ်စေရန် အထိရောက်ဆုံးကာကွယ်ပေးနိုင်သည်။ ပြတ်ရှဒဏ်ရာများသက်သာစေရန်၊ အရေပြားတစ်ရှူးများကို ကျန်းမာစေရန်၊ ကော်လာဂျင်ဓာတ်ထွက်ရှိစေရန် လှုံ့ဆော်ပေးသည်။ နနွင်းသည် အရေပြားတွင်ဖြစ်သည့် မီးလောင်ခြင်းနှင့် ဆီပူလောင်ခြင်းမှလွဲ၍ ပြတ်ရှခြင်းနှင့် ထိခိုက်မိခြင်းတို့ကို သက်သာစေသည့်အတွက် နနွင်းကို အသုံးပြုပေးနိုင်သည်။

**နနွင်း၏ဘေးထွက်ဆိုးကျိုးများ**

နနွင်းသောက်သုံးတတ်သည့် အမျိုးသားများသည် တက်စတိုစတီရုန်းဟော်မုန်းလျော့နည်းပြီး သုက်ကောင်များ လှုပ်ရှားမှုအားနည်းလာနိုင်သည့် အလားအလာရှိသည့်အတွက် သန္ဓေအောင်နိုင်ခြေကို ကျဆင်းစေသောကြောင့် ကလေးယူရန်ကြိုးစားနေသူများအနေဖြင့် နနွင်းကိုသတိထားပြီး သောက်သုံးရန်လိုအပ်သည်။ နနွင်းကို ပမာဏအများအပြားသောက်သုံးပါက ခန္ဓာကိုယ်၏ သံဓာတ်စုပ်ယူမှုကို ထိခိုက်နိုင်သည့်အတွက် သံဓာတ်ချို့တဲ့နေသူများ အထူးသတိပြုသင့်သည်။ ထို့ပြင် နနွင်းသည် သွေးခဲမှုကို နှေးကွေးစေနိုင်သည့်အာနိသင် ရှိသောကြောင့် ခွဲစိတ်ကုသမှုပြုလုပ်နေစဉ်နှင့် ပြုလုပ်ပြီးချိန်များတွင် သွေးယိုနိုင်သည့်အန္တရာယ်ရှိသဖြင့် ခွဲစိတ်မှုမပြုလုပ်မီ ရက်သတ္တပတ် နှစ်ပတ်ခန့် ကြိုတင်ပြီး နနွင်းအသုံးပြုမှုကို ရပ်ထားရန်လိုအပ်သည်။

နနွင်းကြောင့် ဘေးထွက်ဆိုးကျိုးဖြစ်လေ့ဖြစ်ထနည်းသော်လည်း အချို့လူများတွင် အစာအိမ်ထိခိုက်ခြင်း၊ ပျို့ခြင်း၊ မူးဝေခြင်း၊ ဝမ်းပျက်ခြင်းလက္ခဏာများရှိလာနိုင်ပြီး အဆိုပါဘေးထွက်ဆိုးကျိုးများကို ခံစားရမှုမှာ တစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားမှုရှိနိုင်ပြီး ၎င်းတို့တွင်မပါဝင်သော အခြားဘေးထွက်ဆိုးကျိုးများလည်း ရှိနိုင်သည်။ ဘေးထွက်ဆိုးကျိုးနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများရှိပါက ဆရာဝန် သို့မဟုတ် ကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးမှုများပြုလုပ်သင့်ပါသည်။

နနွင်းသည် လက်ရှိသောက်သုံးနေသည့်ဆေးဝါးများ၊ နဂိုကျန်းမာရေးအခြေအနေများနှင့် သက်ရောက်ဓာတ်ပြုမှုများရှိနိုင်သောကြောင့် အသုံးမပြုမီ ဆရာဝန် သို့မဟုတ် ဆေးပင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်ရန် အရေးကြီးသည်။

**နနွင်းမစားသင့်သောသူများ**

ကိုယ်ဝန်ဆောင်ချိန်နှင့် ကလေးနို့တိုက်နေချိန်များတွင် နနွင်းကိုအစားအသောက်များတွင် ပါဝင်နေကျပမာဏအတိုင်း စိတ်ချစွာစားသုံးနိုင်သော်လည်း နနွင်းသည် ဓမ္မတာလာခြင်းကိုအားပေးပြီး သားအိမ်ကိုလှုံ့ဆော်မှုပေးသောကြောင့် ကိုယ်ဝန်ထိခိုက်နိုင်ခြေရှိသည့်အတွက် ကိုယ်ဝန်ဆောင်ကာလတစ်လျှောက်တွင် သောက်ဆေးအဖြစ် အသုံးမပြုသင့်ပေ။ နနွင်းသည် သည်းခြေပြဿနာများကို ပိုဆိုးစေနိုင်သည့်အတွက် သည်းခြေကျောက်တည်နေသူများ၊ သည်းခြေပြွန်ပိတ်ဆို့နေသူများ နနွင်းအသုံးမပြုသင့်ပေ။ နနွင်းသည် သွေးခဲနှုန်းကို နှေးကွေးစေသည့်အတွက် သွေးမတိတ်ရောဂါရှိသူများ အလွယ်တကူအညိုမည်းစွဲနိုင်ခြေနှင့် သွေးယိုနိုင်ခြေမြင့်စေသည်။

နနွင်းတွင်ပါဝင်သည့် Curcumin ဓာတ်သည် သွေးချို၊ ဆီးချိုဝေဒနာရှင်များ၌ သွေးတွင်းသကြားဓာတ်ပမာဏကို အန္တရာယ်ရှိနိုင်သည့်အနေအထားထိ ကျဆင်းစေနိုင်သည့်အတွက် သတိနှင့်ယှဉ်ပြီး အသုံးပြုသင့်သည်။ နနွင်းသည် အချို့လူများ၏ အစာအိမ်ကိုထိခိုက်စေနိုင်ပြီး အစာအိမ်ပြဿနာများကို ပိုဆိုးရွားစေနိုင်သည်။ နနွင်းတွင် ပါဝင်သည့် Curcumin အမည်ရှိ ဓာတုပစ္စည်းသည် အီစထရိုဂျင်ဟော်မုန်းနှင့် အလားသဏ္ဍာန်တူသည့် အာနိသင်ရှိသည်။ သီအိုရီအရ နနွင်းသည် ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ သားဥအိမ်ကင်ဆာ၊ သားအိမ်တစ်ရှူးနေရာလွဲမှားခြင်း၊ သားအိမ်အလုံးတည်ခြင်းစသည့်ဟော်မုန်းနှင့်သက်ဆိုင်သည့် ရောဂါများကို အခြေအနေပိုဆိုးစေနိုင်သည်။ သို့ရာတွင် အချို့သုတေသနများ၌ နနွင်းသည် အချို့သောကင်ဆာဆဲလ်များအပေါ် အီထစရိုဂျင်၏ သက်ရောက်မှုကို လျော့နည်းစေသည်ဟုဖော်ပြထားသည်။ ဒီအချက်ကို မူတည်ပြီး စဉ်းစားမည်ဆိုပါက နနွင်းသည် အထက်တွင်ဖော်ပြခဲ့သည့် ရောဂါများအပေါ် ကောင်းကျိုးသက်ရောက်မှုရှိနိုင်သည်။ မည်သို့ပင်ဆိုစေကာမူ ဟော်မုန်းနှင့်သက်ဆိုင်သည့် ရောဂါတစ်ခုခုခံစားနေရမည်ဆိုလျှင် နနွင်းကို သတိနှင့်ယှဉ်ပြီး အသုံးပြုသင့်ကြောင်း လေ့လာရေးသားလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၇၄၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၇၄၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် နှမ်း ၃၇၄၁၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၇၄၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ နှမ်း ၃၇၄၁၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၇၄၀၂ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာ ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မြင်းမူမြို့နယ်၌ နှမ်းစိုက်ပျိုးရာတွင် နှမ်းသီးနှံများကို အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် နှမ်းစိုက်ပျိုးတောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံများ အထွက်နှုန်းတိုးတက်စေရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

## စေတုတ္တရာမြို့နယ်၌ ၂၀၂၅ ခုနှစ် ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အကြို မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**စေတုတ္တရာ ဇန်နဝါရီ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အကြို မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ပညာရေးမှူးရုံး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အကြို မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် ကျပန်းစကားပြောပြိုင်ပွဲကို စေတုတ္တရာမြို့နယ်အတွင်းရှိ အထက်တန်းနှင့် အလယ်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အခမ်းအနားသို့ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်အတွင်းရှိ အထက်တန်းကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ စေတုတ္တရာမြို့နယ်တွင် ၇၇ နှစ်မြောက်လွတ်လပ်ရေးအကြို မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်ပညာရေးစုံညီပွဲတော် ကျင်းပချိန်တွင် ဆုများအသီးသီးချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကိုကို**

## လွတ်လပ်ရေးနှင့် တို့တာဝန်

- လွတ်လပ်ရေးသည်
ဖြစ်တည်ခဏ အလွယ်မှုဖြင့်
တို့ရခဲ့သည်မဟုတ်ပါ။

- လွတ်လပ်ရေးသည်
မှန်းရည်မျှော်တ နေရုံမျှဖြင့်
တို့ရခဲ့သည်မဟုတ်ပါ။

- လွတ်လပ်ရေးသည်
သွေးချွေးအသက် စတေးစက်၍
နှစ်ရက်များစွာ ကြိုးစားရာမှ
ရလာအစစ် ဇမ္ဗူရစ်တည့်။

- လွတ်လပ်ရေးသည် ငါတို့ပြည်၌
မတည်လုံးလုံး ကျွန်ဖြစ်ရှုံး၍
ညှိုးချုံးနိမ့်ကျ "တူ"ဘဝတွေ
"ပေ"ဖြစ်လေမှ သိတတ်ကြသည်
သုခတန်ဖိုး အစစ်ကို။

- လွတ်လပ်ဂုဏ်သိန် မြဲတည်ချိန်၌
ချိုမြိန်ခံစား လွယ်သော်ငြားလည်း
တရားကင်းကွက် စည်းကမ်းပျက်ကာ
သွေဖျက်နှလုံး မစည်းလုံးသော်
ဖြုန်းခနဲသာ ခဏတာတွင်း
ကွာယွင်းပြိုယိုင် ဆုံးရှုံးနိုင်၏။

- သြော်...
လွတ်လပ်ရေးကား
ဘိုးဘွားမိဘ သွေးမြေကျ၍
ဒုက္ခကျော်နင်း သက်ပေးရင်းမှ
လက်တွင်းပိုင်တည် ရခဲ့သည်မို့
မထီလေးစား မပြုငြားဘဲ
စည်းများပျက်ယွင်း နေထိုင်ခြင်းလျှင်
ချက်ချင်းသတိ ပြင်ဖို့သိရင်း
အမိတို့မြေ ပွဲမကြွေအောင်
တွေဝေကင်းပ ကာကွယ်ကြရင်း
လှပပြည်ကြီး ရှေ့ခရီးကို
ဆက်ပြီးချီတက်ကြပါစို့။ ။

**ညွန့်ဝင်း(နတ်တလင်း)**

# သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၁ / ၂၀၂၅**
၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
( ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း၊ ပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့်ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်–

### အဘိဇဓမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ၊ ခေမာသီဝံစာသင်တိုက်၊ ခေမာသီရိရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တပညောဘာသ၊ မဟာထူပါရုံစာသင်တိုက်၊ ဘုရားကြီးလမ်းရပ်ကွက်၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တကေသဝ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တပညာဇောတာဘိဝံသ၊ ပတ္တမြားကျောင်းတိုက်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တဝိမလဗုဒ္ဓိ၊ ဩဝါဒကျောင်း၊ မြစေတီစာသင်တိုက်၊ မောင်ငံရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၆။ ဘဒ္ဒန္တပညောဘာသ၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အမှတ်(၅)ရပ်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်ရွှေကျင်တိုက်သစ်၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၈။ ဒေါက်တာဘဒ္ဒန္တကုမာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉။ ဘဒ္ဒန္တခေမိန္ဒ၊ ပစ္ဆိမာရုံစာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသ၊ ပါဠိကာရီတုလွတ်ကျောင်းတိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တကာရုဏိက၊ ဇိနောဒယစာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တသုဇန၊ မြို့ဦးတိုက်သစ်သံလမ်းစာသင်တိုက်၊ အမှတ်(၂)အောင်ဇေယျရပ်ကွက်၊ လယ်ဝေးမြို့၊ နေပြည်တော်
၄။ ဘဒ္ဒန္တဝဏ္ဏာရဟ၊ မဟာဇနကစာသင်တိုက်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်
၅။ ဘဒ္ဒန္တသာသနဓဇ၊ တိုက်ကျောင်းပါဠိတက္ကသိုလ်စာသင်တိုက်၊ ဈေးချိုတောင်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တသီဟ၊ မဟာဝိသုတာရာမ(အလယ်တိုက်)၊ အမှတ်(၁၀)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တပညာဝရ၊ ကံသာကျောင်း၊ အသောကာရာမတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တသာသန၊ ရတနာ့ဂုဏ်ရည်ကျောင်း၊ မဟာမြိုင်ကျောင်းတိုက်၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တကောဝိဒ၊ ငြိမ်းချမ်းရိပ်မြုံဓမ္မာစရိယသင်တန်းကျောင်း၊ ဆရာစံရပ်ကွက်၊ ဘီးလင်းမြို့၊ မွန်ပြည်နယ်
၁၀။ ဘဒ္ဒန္တစက္ကိန္ဒာဘိဝံသ၊ ရွှေဟင်္သာမဟာဗောဓိစာသင်တိုက်၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တကောသလ္လ၊ ဇမ္ဗူသီရိကျောင်းတိုက်၊ အမှတ် (၁၄/ ၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တနန္ဒသာရ၊ အသောကာရုံရွှေကျင်စာသင်တိုက်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တပညာသာရာဘိဝံသ၊ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တစန္ဒောဘာသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဒေါက်တာဘဒ္ဒန္တအာစိဏ္ဏ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တဉာဏိဿရ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ အမှတ်(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တတေဇဝန္တ၊ သိမ်တောင်စာသင်တိုက်၊ ချမ်းသာရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
၁၈။ ဘဒ္ဒန္တဇဝနဝံသ၊ ဒက္ခိဏာရာမစာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်၊ ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တစန္ဒသိရီဘိဝံသ၊ မြစ်ကွေ့စာသင်တိုက်၊ ဥယျာဉ်မြောက်ရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

### ပြည်ပဘွဲ့ခံဆရာတော်ကြီး

၂၀။ Venerable Dr. AkuretiyeNanda Nayaka Thero, VidyodayaPirivena , Maligakanda , Colombo 10 , သီရိလင်္ကာနိုင်ငံ

### အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တပညာတိက္ခ၊ မဟာဇောတိကာရာမကျောင်းတိုက်၊ ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တသုဇနိန္ဒာလင်္ကာရာဘိဝံသ၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ ထုံးဘိုရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တစန္ဒဝံသ၊ ကောလိပ်ကုက္ကိုလ်စာသင်တိုက်၊ တပ်ပြင်ရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တစန္ဒိမာဓဇ၊ ဂိုဏ်းထောက်စာသင်တိုက်၊ ဘုရင့်နောင်ရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်
၅။ ဘဒ္ဒန္တတေဇောဘာသ၊ ရာဇဓာနီသာမဏေကျော်စာသင်တိုက်၊ ဇလောင်းကျေးရွာ၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်
၆။ ဘဒ္ဒန္တသီတလာစာရ၊ ဝိသုဒ္ဓါရုံဗာရာဏသီစာသင်တိုက်၊ နဝင်းရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တဇနိတ၊ သာသနာ့ဇောတိကစာသင်တိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၈။ ဒေါက်တာဘဒ္ဒန္တဝိနယ၊ အောင်ဝေယံစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ ပြလို့မြို့၊ အောင်လံမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တဝါသဝသိရီ၊ သာသနာ့ဇောတိကာရုံအုဋ်ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တကောသိယာဝုဓ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တမေဃိယ၊ လောကနန္ဒာစာသင်တိုက်၊ သီရိပစ္စယာရပ်ကွက်၊ ညောင်ဦးမြို့၊ မန္တလေးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တဥတ္တရ၊ သတိပဋ္ဌာန်စာသင်တိုက်၊ ရွာလွတ်ကျေးရွာ၊ ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ်
၁၃။ ဘဒ္ဒန္တနန္ဒဝံသ၊ သာသနာ့မာရ်အောင်ဝဲပုံစာသင်တိုက်၊ ရှမ်းစုရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၁၄။ ဘဒ္ဒန္တဝိသုဒ္ဓ၊ သာသနပါလမွန်ကျောင်းစာသင်တိုက်၊ အောင်ဇေယျရပ်ကွက်၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်
၁၅။ ဘဒ္ဒန္တစန္ဒသိရီ၊ သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ ရေပြာကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တသဇ္ဇန၊ ဇောတနာရာမစာသင်တိုက်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တစန္ဒသိရီ၊ အောင်ပင်လယ်စာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တစိန္တာဝရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တအာသဘ၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တဉာဏိန္ဒ၊ ဇလွန်စာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တသောဘန၊ အောင်မော်စံစာသင်တိုက်၊ ရှုခင်းသာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၂။ ဘဒ္ဒန္တသုဓမ္မ၊ နဂါးနှစ်ကောင်ကျောင်းတိုက်၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်
၂၃။ ဘဒ္ဒန္တဝိဇယာနန္ဒ၊ ရတနာစည်တပ်ဦးစာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်၊ လွိုင်လင်မြို့၊ ရှမ်းပြည်နယ်
၂၄။ ဘဒ္ဒန္တနန္ဒိယ၊ ကွင်းကျောင်းစာသင်တိုက်၊ အိမ်မဲကြီးရပ်ကွက်၊ အိမ်မဲမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၂၅။ ဘဒ္ဒန္တအဂ္ဂဝံသ၊ မိုးညိုစာသင်တိုက်၊ မြို့မ(၁၂)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

### သီလရှင်ဆရာကြီးများ

၂၆။ ဒေါ်ဝိသိဂီ၊ ဇေယျသိင်္ဂီချောင်သီလရှင်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂၇။ ဒေါက်တာဒေါ်စန္ဒသိင်္ဂီ၊ သမိဒ္ဓေါဒယဖျာပုံသီလရှင်စာသင်တိုက်၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဂုဏာလင်္ကာရ၊ သပြေပင်တောရစာသင်တိုက်၊ ရတနာပုံရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တဥဇ္ဇောတ၊ မဟာလယ်တီကျောင်းတိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဒေါက်တာဘဒ္ဒန္တကုသလ၊ သီတဂူအပြည်ပြည်ဆိုင်ရာဝိပဿနာအကယ်ဒမီကျောင်း၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တအာလောက၊ ဃောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကညွှံရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တအရိန္ဒမ၊ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျုံကျောင်းတိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၆။ ဘဒ္ဒန္တကုလနန္ဒက၊ ဝါဆိုဦးစာသင်တိုက်၊ ရွာမရပ်ကွက်၊ အုတ်ဖိုမြို့၊ ပဲခူးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တဇနိန္ဒ၊ မဟာသုဒဿနာရာမစာသင်တိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တဥက္ကံသာလင်္ကာရ၊ ချမ်းမြေ့ဇေယျာသာမဏေကျော်တက္ကသိုလ်၊ ဖိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၉။ ဒေါက်တာဘဒ္ဒန္တပညာစာရ၊ ဇွဲမစိုးရိမ်စာသင်တိုက်၊ အရှေ့ဘက်ကမ်းရပ်ကွက်၊ ဝေါမြို့၊ ပဲခူးတိုင်းဒေသကြီး

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှအဆက်

၁၀။ ဘဒ္ဒန္တသုတာနန္ဒ၊ ဝင်းနိမ္မိတာရုံစာသင်တိုက်၊ ကလျာဏီရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ ဆုကြီးပန်ကျောင်းတိုက်၊ အမှတ်(၁၅)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တမေဓိယ၊ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အိုးဘိုရပ်ကွက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တသုမန၊ မဟာသုတသောမရွှေဘုံသာစာသင်တိုက်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တယာနိက၊ မဟာဝိဇိတာရုံစာသင်တိုက်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တခေမာသိရီ၊ ကိုးနဝင်းစာသင်တိုက်၊ အောင်ဇေယျာရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တကုမ္ဘောဘာသ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တဉာဏဓဇ၊ ဉာဏဝေပုလ္လကျောင်း၊ မဏိရတနာရာမမြတောင်တိုက်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တတေဇာနန္ဒ၊ ခေမာသီဝံစာသင်တိုက်၊ စံပြရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တဓမ္မာနန္ဒ၊ ကံဦးစာသင်တိုက်၊ ဂေါင်းဦးဘာကွက်သစ်ရပ်ကွက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တဝိမလ၊ စိန်ဟင်္သာတစာသင်တိုက်၊ ရွှေတောင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၂၁။ ဘဒ္ဒန္တဇောတိက၊ နန္ဒဝန်စာသင်တိုက်၊ အောင်သာယာရပ်ကွက်၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်
၂၂။ ဘဒ္ဒန္တစန္ဒသိရီ၊ စန္ဒာရာမစာသင်တိုက်၊ အနောက်ပိုင်းရပ်ကွက်၊ ပေါက်တောမြို့၊ ရခိုင်ပြည်နယ်
၂၃။ ဘဒ္ဒန္တကုန္ဒဝံသာလင်္ကာရာဘိဝံသ၊ ပါဠိတက္ကသိုလ်အောင်မင်္ဂလာစာသင်တိုက်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၄။ ဒေါက်တာဘဒ္ဒန္တရဋ္ဌသာရ၊ ဝိသုဒ္ဓိပရဟိတစာသင်တိုက်၊ အမှတ်(၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၅။ ဘဒ္ဒန္တဇောတိက၊ ကန်ဦးဇေတဝန်စာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၆။ ဒေါက်တာဘဒ္ဒန္တသာမိန၊ မင်းကွန်းတောရကျောင်းတိုက်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၇။ ဘဒ္ဒန္တနန္ဒဝံသ၊ မိုးကောင်းစာသင်တိုက်၊ နှောကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၈။ ဒေါက်တာဘဒ္ဒန္တအာစိဏ္ဏ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၉။ ဘဒ္ဒန္တစန္ဒိမာ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၀။ ဒေါက်တာဘဒ္ဒန္တအရိယဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၁။ ဒေါက်တာဘဒ္ဒန္တကုန္ဒာဝုဓ၊ မဇ္ဈိမဂုဏ်ရည်မဟာစည်တောရရိပ်သာ၊ ရဲမွန်တပ်မြို့၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၂။ ဘဒ္ဒန္တသာသန၊ စိန်ရတနာစာသင်တိုက်၊ အမှတ် (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၃။ ဒေါက်တာဘဒ္ဒန္တနာရဒ၊ မြို့ဦးစာသင်တိုက်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၄။ ဒေါက်တာဘဒ္ဒန္တစန္ဒမုခ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၅။ ဘဒ္ဒန္တနန္ဒမဥ္ဇူလင်္ကာရ၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၆။ ဘဒ္ဒန္တဥတ္တမ၊ ကျိုင်းလဲစာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်
၃၇။ ဘဒ္ဒန္တပညာစက္ကိန္ဒ၊ သာသနဝိပုလမင်္ဂလာရန်အောင်စာသင်တိုက်၊ ဈေးတန်းရပ်ကွက်၊ ရပ်စောက်မြို့၊ ရှမ်းပြည်နယ်
၃၈။ ဘဒ္ဒန္တကေလာသ၊ အတွင်းပတ္တမြားစာသင်တိုက်၊ လက်သမားရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

## သီလရှင်ဆရာကြီးများ

၃၉။ ဒေါ်ဝိစ္ဆာနန္ဒီ၊ သာသနပါလသီလရှင်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄၀။ ဒေါ်ခေမာသိင်္ဂီ၊ ရတနာမာရ်အောင်သီလရှင်စာသင်တိုက်၊ ကရပ်ပြင်ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၄၁။ ဒေါ်စန္ဒာရီ၊ ရုစိရပဘာဝတီသီလရှင်စာသင်တိုက်၊ စံပြညောင်ပင်သာကျေးရွာ၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်
၄၂။ ဒေါ်ကုဏ္ဍလစာရီ၊ ဗောဓိရိပ်သာစာသင်တိုက်၊ ရွာမမြောက်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး
၄၃။ ဒေါ်ထေရာသီ၊ ခေမာသီရိစာသင်တိုက်၊ မြသလွန်ကုန်းမြေ၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး
၄၄။ ဒေါ်ပဏ္ဍာဝီ၊ သာသနာ့ရောင်ခြည်သီလရှင်စာသင်တိုက်၊ ဖျောက်ဆိပ်ပင်ကျေးရွာ၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄၅။ ဒေါ်သိင်္ဂီ၊ ဝံသာရာမသီလရှင်စာသင်တိုက်၊ အမှတ် (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဉာဏဝံသ၊ မဟာသိမ်တော်ကြီးစာသင်တိုက်၊ မင်းကုန်းရပ်ကွက်၊ ဖန်းမော်မြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တကလျာဝုဓ၊ သာမိကာရာမကျောင်းတိုက်၊ ယသဝေါကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်
၃။ ဘဒ္ဒန္တကေသဝ၊ မဏိရတနာပုံစာသင်တိုက်၊ အမှတ်(၆)ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တတေဇနိယ၊ ကန်တော်စာသင်တိုက်၊ အမှတ် (၂)ရပ်ကွက်၊ မင်းကင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တဓမ္မာနန္ဒ၊ မဟာဝိဇယမဏ္ဍိုင်ကျောင်းတိုက်၊သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တတေဇောဘာသ၊ မစိုးရိမ်စာသင်တိုက်၊ ကန်ဖျားရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တသိရောမဏိ၊ ဇေယျဝတီစာသင်တိုက်၊ ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တသုဇာတ၊ ပေါက်မြိုင်စာသင်တိုက်၊ အမှတ်(၆)ရပ်ကွက်၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်
၉။ ဘဒ္ဒန္တတေဇနိယ၊ အုန်းတောစာသင်တိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၁၀။ ဘဒ္ဒန္တတေဇိန္ဒ၊ ရွှေအင်းရိပ်သာစာသင်တိုက်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်
၁၁။ ဘဒ္ဒန္တသုမင်္ဂလ၊ ကန်ဦးစာသင်တိုက်၊ ရေဆင်းကျေးရွာ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်
၁၂။ ဘဒ္ဒန္တတုသိတ၊ အောင်စည်သာစာသင်တိုက်၊ အောင်စည်သာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်
၁၃။ ဘဒ္ဒန္တဝါသေဋ္ဌ၊ သာသနပါလဓမ္မရိပ်သာ(မြိတ်)ကျောင်း၊ ဉာဏသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
၁၄။ ဘဒ္ဒန္တနန္ဒသာရ၊ ရွှေနံ့သာဓမ္မရိပ်သာကျောင်းတိုက်၊ ရွှေနံ့သာရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်
၁၅။ ဘဒ္ဒန္တတေဇနိယ၊ မောင်းထောင်စာသင်တိုက်၊ ဘုရားကြီးလမ်းရပ်ကွက်၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တပညာဇောတ၊ မန္တလေးကျောင်းစာသင်တိုက်၊ ညောင်ဝိုင်း/တရုတ္တန်းရပ်ကွက်၊ ရွှေကျင်မြို့၊ ပဲခူးတိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တကောသလ္လ၊ ဝဇီရာရာမခင်တန်းကျောင်းစာသင်တိုက်၊ မြို့မ(၅)ရပ်ကွက်၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တကုန္ဒဝံသ၊ သာမဏေကျော်စာသင်တိုက်၊ (၆/၁၈)ရပ်ကွက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တစန္ဒောဘာသ၊ ဓမ္မိကစာသင်တိုက်၊ မြို့မရပ်ကွက်၊ မိုးညိုမြို့၊ ပဲခူးတိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တဓမ္မသာရ၊ ကိုးသောင်းသာသနမင်္ဂလာစာသင်တိုက်၊ နဝင်း-ပြည်သာယာရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တတိက္ခာစာရ၊ ဥဿာသီရိစာသင်တိုက်၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၂၂။ ဘဒ္ဒန္တဝီရိယ၊ မဟာဝိသုတာရာမစာသင်တိုက်၊ ဆုံကုန်းကျေးရွာ၊ ဆင်ဖြူကျွန်းမြို့၊ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တဉာဏိဿရသာရ၊ ရွှေပုံတောင်စာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး
၂၄။ ဘဒ္ဒန္တဇောတိက၊ ဝမ်းတော်ပြည့်ကျောင်းတိုက်၊ ကျီတော်ကုန်းရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး
၂၅။ ဘဒ္ဒန္တတေဇနိယ၊ ချောင်းဒေါင်းစာသင်တိုက်၊ အမှတ်(၂၀)ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး
၂၆။ ဘဒ္ဒန္တကဝိန္ဒ၊ ပရိယတ္တိမာမကကျောင်း၊ ရှမ်းပွဲရပ်ကွက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်းဒေသကြီး
၂၇။ ဘဒ္ဒန္တအာစိဏ္ဏ၊ ရှစ်မျက်နှာစာသင်တိုက်၊ အမှတ် (၁)ရပ်ကွက်၊ မလှိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး
၂၈။ ဘဒ္ဒန္တဝါသဝ၊ ဝေဿလီမဟာဂန္ဓာရုံကျောင်းတိုက်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၉။ ဘဒ္ဒန္တပညာသိရီ၊ တောင်စလင်းတိုက်သစ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃၀။ ဘဒ္ဒန္တတေဇိန္ဒ၊ မင်္ဂလာဘုံကျော်တိုက်၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃၁။ ဘဒ္ဒန္တသုဇာတ၊ မြတ်ရွှေဂူစာသင်တိုက်၊ လယ်ယား(တောင်)ကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃၂။ ဘဒ္ဒန္တဝိဇယ၊ လေသာကျောင်းတိုက်၊ ပုသိမ်ကွင်းကျေးရွာ၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်
၃၃။ ဘဒ္ဒန္တဝိဝေက၊ ပလိုင်အိနိစာသင်တိုက်၊ ကွေ့ဝမ်းကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်
၃၄။ ဘဒ္ဒန္တသုနန္ဒ၊ နဂါးကျောင်းစာသင်တိုက်၊ အနောက်ပိုင်းရပ်ကွက်၊ ကျောက်ဖြူမြို့၊ ရခိုင်ပြည်နယ်
၃၅။ ဘဒ္ဒန္တအရိယဝံသ၊ ရွာမပရိယတ္တိစာသင်တိုက်၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၆။ ဘဒ္ဒန္တဥတ္တမ၊ အရှင်ဥတ္တမသာရစာသင်တိုက်၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၇။ ဘဒ္ဒန္တပညာသိရီ၊ ပညာရာမစာသင်တိုက်၊ အမှတ်(၈၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၈။ ဘဒ္ဒန္တကဝိသာရာလင်္ကာရ၊ ဖားအောက်တောရစာသင်တိုက်၊ ဘွက်ကြီးကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၉။ ဘဒ္ဒန္တပညာဒီပ၊ တောင်ကြီးစာသင်တိုက်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၀။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၁။ ဘဒ္ဒန္တဝိလာသ၊ မေတ္တာကျောင်းတိုက်၊ (ဆ/ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၂။ ဘဒ္ဒန္တဉာဏဓဇ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် (၇) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

စာမျက်နှာ ၈ သို့

**စာမျက်နှာ ၇ မှအဆက်**

၄၃။ ဘဒ္ဒန္တသူရိယ၊ မဟာသုခါရာမစာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၄။ ဘဒ္ဒန္တကေသဝ၊ ခေမာသီဝံစာသင်တိုက်၊ အမှတ် (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၅။ ဘဒ္ဒန္တသီရိန္ဒ၊ ရွှေသမင်(နန္ဒဝန်)စာသင်တိုက်၊ တောင်ရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်

၄၆။ ဘဒ္ဒန္တပညာသိရီ၊ သီရိမင်္ဂလာစာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ နမ့်စန်မြို့၊ ရှမ်းပြည်နယ်

၄၇။ ဘဒ္ဒန္တဝိမလသာရ၊ မြို့မစာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ ကလောမြို့၊ ရှမ်းပြည်နယ်

၄၈။ ဒေါက်တာဘဒ္ဒန္တပညာဘောဂ၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

၄၉။ ဒေါက်တာဘဒ္ဒန္တသြဘာသ၊ အောင်သပြေကျောင်းတိုက်၊ အမှတ်(၈)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၅၀။ ဘဒ္ဒန္တဝိမလ၊ ကံကုန်း+မြင်းကုန်းဝေဠုဝန်သစ္စာရွှေရောစာသင်တိုက်၊ ခတ္တာရပ်ကွက်၊ လေးမျက်နှာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၅၁။ ဒေါက်တာဘဒ္ဒန္တကဝိန္ဒ၊ မဟာသီရိမင်္ဂလာစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ ကန်ကြီးထောင့်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၅၂။ ဘဒ္ဒန္တစန္ဒသိရီ၊ သီရိလက္ခဏာကျိုက်ထီးရိုးစာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ လပွတ္တာမြို့၊ ဧရာဝတီတိုင်းဒေသကြီး

## သီလရှင်ဆရာကြီးများ

၅၃။ ဒေါ်ခေမွေသီ၊ စန္ဒာရာမသီလရှင်စာသင်တိုက်၊ ကျွန်းတောရပ်ကွက်၊ မိုးကောင်းမြို့၊ ကချင်ပြည်နယ်

၅၄။ ဒေါ်နိမ္မာရီ၊ သေ့ဝတီသီလရှင်စာသင်တိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅၅။ ဒေါ်သုဓမ္မစာရီ၊ ဣစ္ဆာသယစကြာသီလရှင်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅၆။ ဒေါ်ဟေမာရီ၊ ဇေယျာသိဒ္ဓိသီလရှင်စာသင်တိုက်၊ ထုံးဘိုရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅၇။ ဒေါ်ရူပိယသိင်္ဂီ၊ သီရိစန္ဒာရာမသီလရှင်စာသင်တိုက်၊ မြောက်လွတ်ကုန်းကျေးရွာ၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၅၈။ ဒေါ်နန္ဒမာလာ၊ ဓမ္မစေတီသီရိမင်္ဂလာသီလရှင်စာသင်တိုက်၊ (၂) ရပ်ကွက်၊ ဥသျှောင်မြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၅၉။ ဒေါ်ကုလန္ဒဝတီ၊ ထေရကုသလသီလရှင်စာသင်တိုက်၊ ရှမ်းကုန်းကြေးနန်းတန်းရပ်ကွက်၊ ရွှေကျင်မြို့၊ ပဲခူးတိုင်းဒေသကြီး

၆၀။ ဒေါ်နန္ဒာရီ၊ သာသနရံသီ သီလရှင်စာသင်တိုက်၊ စမ်းချောင်းတိုးချဲ့ကွက်သစ်၊ အောင်လံမြို့၊ မကွေးတိုင်းဒေသကြီး

၆၁။ ဒေါ်စန္ဒာသိရီ၊ သမိဒ္ဓေါဒယမြသိင်္ဂီသီလရှင်စာသင်တိုက်၊ သီလဝ(၁)ရပ်ကွက်၊ ရမည်းသင်းမြို့၊ မန္တလေးတိုင်းဒေသကြီး

၆၂။ ဒေါ်ဝဏ္ဏာသိင်္ဂီ၊ ခေမာရာမစာသင်တိုက်၊ ဘင်လှိုင်ရပ်ကွက်၊ သထုံမြို့၊ မွန်ပြည်နယ်

၆၃။ ဒေါ်စန္ဒသိင်္ဂီ၊ ဟင်္သာတသီလရှင်စာသင်တိုက်၊ မြေတိုင်း(၂၆)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၄။ ဒေါ်ဝဏ္ဏာသိင်္ဂီ၊ စတုဘုမ္မိကသမိဒ္ဓေါဒယသဒ္ဓမ္မဝံသသီလရှင်စာသင်တိုက်၊ ဒါးပိန်တောင်ရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၅။ ဒေါက်တာဒေါ်ပုဏ္ဏာမီ၊ မဏိစီတာသီလရှင်စာသင်တိုက်၊ (၁၁/၂)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၆။ ဒေါ်သြဘာသီ၊ သီရိရတနာသီလရှင်စာသင်တိုက်၊ ခေးနင်းကျေးရွာ၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်

၆၇။ ဒေါ်နေနန္ဒာ၊ ဇေယျာရွှေမြေသီလရှင်စာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

## ဓမ္မကထိကဗဟုဇနဟိတရေဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသုကဝိ၊ ကြောင်ပန်းကျောင်းတိုက်၊ ကျောက်ရေတွင်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ဘဒ္ဒန္တမေဃိယ၊ လဟာရက်ကျောင်းတိုက်၊ လဟာရက်ကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဒေါက်တာဘဒ္ဒန္တမာမက၊ မြပုလဲစာသင်တိုက်၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကုလန္ဓောဘာသာဘိဝံသ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တတိက္ခ၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာနကျောင်းတိုက်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ၊ မိုင်းသောက်ပထမစာသင်တိုက်၊ မိုင်းသောက်ကျေးရွာ၊ ညောင်ရွှေမြို့နယ်၊ ရှမ်းပြည်နယ်

၄။ ဘဒ္ဒန္တကောဝိဒ၊ မြို့မဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ် (၃) ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တပညာသာမိ၊ သာသနာ့ဟိတာရာမပုခန်းကျောင်းတိုက်၊ အရှေ့ပိုင်းရပ်ကွက်၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တသူရိယ၊ ဓမ္မဝိနယပဋ္ဌမပြန်တိုက်သစ်ကျောင်းပရိယတ္တိစာသင်တိုက်၊ အမှတ်(၉)ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး

## ပြည်ပဘွဲ့ခံဆရာတော်ကြီး

၇။ ဆမ်ဒက် ပရယ်မဟာ သုမေဓာဓိပတိ ကိတ္တိ ဥဒ္ဒေသပဏ္ဍိတနန်ငိတ်၊ Wat Padumavatirajavararama (Wat Botumvatey) ကျောင်းတိုက်၊ ဖနောင်ပင်မြို့၊ ကမ္ဘောဒီးယားနိုင်ငံ

## အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တတိသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကဘာရန်ခူးရပ်ကွက်၊ ဆွမ်ပရာဘွမ်မြို့၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တနန္ဒက၊ ဝိဝေကာရာမပရိယတ္တိစာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်

၃။ ဘဒ္ဒန္တသောဘိတ၊ မွန်ပရိယတ္တိစာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်

၄။ ဘဒ္ဒန္တဥတ္တမ၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ တောင်ကလေးပရိယတ္တိစာသင်တိုက်၊ တောင်ကလေးကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်

၅။ ဘဒ္ဒန္တကုသလ၊ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၊ ခေါဝုန်လေးဆန်းရပ်ကွက်၊ တွန်းဇံမြို့၊ ချင်းပြည်နယ်

၆။ ဘဒ္ဒန္တနန္ဒာသိရီ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ပန်းအော့ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်

၇။ ဘဒ္ဒန္တကုန္ဒာဝုဓ၊ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ မြို့မ(၁)ရပ်ကွက်၊ ကန်ပက်လက်မြို့၊ ချင်းပြည်နယ်

၈။ ဘဒ္ဒန္တပညာဝံသ၊ ရန်ကင်းပရိယတ္တိစာသင်တိုက်၊ ရန်ကင်းရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တကုမာရသိရီ၊ ဇောင်ကြမ်းပင်ပရိယတ္တိစာသင်တိုက်၊ အေးသာယာရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တကုလန္ဓောဘာသ၊ နတ်ပေးကျောင်းတိုက်၊ နတ်ပေးကျေးရွာ၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တလာသန၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကချင်စုကျေးရွာ၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၂။ ဒေါက်တာဘဒ္ဒန္တပညာသာမိ၊ တိက္ခဇေယျာကျောင်းတိုက်၊ ကင်းကျေးရွာ၊ မင်းကွန်းဒေသ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တဇဝန၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ စစ်ပြဲတိုက်ကျောင်း၊ စစ်ပြဲကျေးရွာ၊ လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တသောဘန၊ ပိန်းတောကျောင်းကြီးဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း၊ ပိန်းတောကျေးရွာ၊ သရက်ချောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တအာစာရ၊ တောင်သစ်ကျောင်းတိုက်၊ ကျောက်မြောင်းရပ်ကွက်၊ သရက်ချောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တနေမိန္ဒ၊ မာရဝိဇယကျောင်းတော်(ရွှေကျောင်း)၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၁၇။ ဘဒ္ဒန္တပညာသာမိ၊ ရွှေအင်းရိပ်သာပရိယတ္တိစာသင်တိုက်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၈။ ဘဒ္ဒန္တဥတ္တမဓဇ၊ ဂိုဏ်းထောက်ကျောင်းတိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၁၉။ ဘဒ္ဒန္တဉာဏဗလ၊ ဘုရားကျောင်းတိုက်၊ ပျဉ်ပုံကြီးစံပြကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တသာသန၊ ဓမ္မဝိဟာရပရိယတ္တိစာသင်တိုက်၊ မြို့သစ် (ဂ)ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တဉာဏဗလ၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲအမှတ် (၁၇၉)၊ သဒ္ဓမ္မမဥ္ဇူကျောင်းတိုက်၊ ပေါင်းတလည်မြို့၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၂၂။ ဘဒ္ဒန္တကောဏ္ဍည၊ တိုက်ကျောင်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဈေးချိုတောင်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး

၂၃။ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ မင်းကျောင်းပရိယတ္တိပဋိပတ္တိသာသနာပြုကျောင်းတိုက်ကြီး၊ ကျောင်းစုရပ်ကွက်၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၂၄။ ဘဒ္ဒန္တပညာဝံသ၊ ပြည်တော်သာစာသင်တိုက်၊ ပြည်တော်သာရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

၂၅။ ဘဒ္ဒန္တပဏ္ဍိတသာရ၊ မင်္ဂလာသာစည်ပရိယတ္တိစာသင်တိုက်၊ အမှတ် (၄)ရပ်ကွက်၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး

၂၆။ ဘဒ္ဒန္တဝါယမ၊ မော်လိုက်တပ်ဦးကျောင်း၊ မဟာဝိဇိတာရာမတိုက်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၇။ ဘဒ္ဒန္တဉာဏိက၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ရေလည်ကွေ့ကျေးရွာ၊ ပျော်ဘွယ်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၈။ ဘဒ္ဒန္တဝါယာမိကဓဇ၊ ကတိုးမွန်ပရိယတ္တိစာသင်တိုက်၊ အောက်ကျင်းရပ်ကွက်၊ ရှမ်းစုရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၂၉။ ဘဒ္ဒန္တစန္ဒဝံသ၊ ခဲမောက်ကျောင်းတိုက်၊ ခဲမောက်ကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်

၃၀။ ဘဒ္ဒန္တတေဇောဘာသ၊ ဓမ္မာလင်္ကာရကျောင်းတိုက်၊ ၄ က်ပျောတောကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

၃၁။ ဘဒ္ဒန္တခေမာစာရ၊ ဆင်ဖြူကျောင်းပရိယတ္တိစာသင်တိုက်၊ ရှမ်းစုရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၃၂။ ဘဒ္ဒန္တကုဏ္ဍလ၊ မြင်သာထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ကန်သာယာရပ်ကွက်၊ ဘီးလင်းမြို့၊ မွန်ပြည်နယ်

၃၃။ ဘဒ္ဒန္တသောဘန၊ သာမညမိုးကုတ်ဝိပဿနာကမ္မဋ္ဌာန်းတိုက်၊ ဆန်တန်းကျောင်းသစ်ကျောင်းတိုက်၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၃၄။ ဒေါက်တာဘဒ္ဒန္တထေရိန္ဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ အမှတ်(၇) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**စာမျက်နှာ ၉ သို့**

**စာမျက်နှာ ၈ မှအဆက်**

၃၅။ ဘဒ္ဒန္တပညာဇောတ၊ ရဲမွန်ဘုရားကျောင်းတိုက်၊ အမှတ်(၉)ရပ်ကွက်၊ ခရမ်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး

၃၆။ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ အမှတ်(၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၇။ ဒေါက်တာဘဒ္ဒန္တပညာသီဟာဘိဝံသ၊ ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ အမှတ်(၁၁) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၈။ ဘဒ္ဒန္တရေဝတ၊ ဓမ္မာလင်္ကာရပရိယတ္တိစာသင်တိုက်၊ ရွှေဆံတော်ရပ်ကွက်၊ တွံတေးမြို့၊ ရန်ကုန်တိုင်းဒေသကြီး

၃၉။ ဒေါက်တာဘဒ္ဒန္တဉာဏဝံသ၊ ဣစ္ဆာသယဘိုကလေးကျောင်းတိုက်၊ ကျောက်ရေတွင်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၀။ ဒေါက်တာဘဒ္ဒန္တဉာဏောဘာသ၊ ပရိယတ္တိသာသနာ့ဂုဏ်ရည်ကျောင်းတိုက်၊ လေးထောင့်ကန်စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၁။ ဘဒ္ဒန္တဃောသိတ၊ အနန္တဂုဏ်ရည်ပရိယတ္တိစာသင်တိုက်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၂။ ဘဒ္ဒန္တပုညဝန္တ၊ နန်းဦးကျောင်းတိုက်၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၃။ ဘဒ္ဒန္တစရဏ၊ ဓမ္မရက္ခိတကျောင်းတိုက်၊ ကသပေါင်းကျေးရွာ၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၄။ ဒေါက်တာဘဒ္ဒန္တဝါယမ၊ ရွှေထနောင်းကျောင်း၊ ကန်ဦးကျောင်းတိုက်၊ အမှတ်(၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၅။ ဘဒ္ဒန္တခေမိန္ဒ၊ သာသနရက္ခိတဓမ္မစကူးလ်ကျောင်း၊ အောင်မင်္ဂလာကျောင်းဝိုင်း၊ အမှတ်(၁၁)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၆။ ဒေါက်တာဘဒ္ဒန္တဝဏ္ဏိသရ၊ ရွှေမေတ္တာမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ရွာသာကြီးရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၇။ ဘဒ္ဒန္တသောဘိတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လကျီနွဲ့ကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်

၄၈။ ဘဒ္ဒန္တအာသဘ၊ ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း၊ ရန်ကုန်ကျောင်းတိုက်၊ မြစိမ်းရပ်ကွက်၊ ကျုံမငေးမြို့၊ ဝါးခယ်မမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၄၉။ ဘဒ္ဒန္တပညာသီဟ၊ အလယ်တောရစာသင်တိုက်၊ အမှတ်(၈)ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၅၀။ ဘဒ္ဒန္တဇဋိလ၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ စိတ္တသုခကျောင်းတိုက်၊ အမှတ် (၅) ရပ်ကွက်၊ ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၅၁။ ဘဒ္ဒန္တဝိသုတာဘိဝံသ၊ မဟာမဂ္ဂင်ကျောင်းတိုက်၊ ဝါးတောကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၅၂။ ဘဒ္ဒန္တပညာဇောတ၊ မြို့ရိုးပရိယတ္တိစာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်၊ အသုတ်မြို့၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၅၃။ ဘဒ္ဒန္တသူရပ္ပတိ၊ ပရိယတ္တိစွမ်းအားစာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၅၄။ ဘဒ္ဒန္တသုဇနိတ၊ မြန်မာရွှေကျောင်း၊ လုမ္ဗိနီဥယျာဉ်၊ နီပေါနိုင်ငံ

**မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တပညာဝရ၊ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၊ မြို့မရပ်ကွက်(၃)၊ မချမ်းဘောမြို့၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တစန္ဒနာလင်္ကာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ မုန်ဒိန်ရပ်ကွက်၊ တနိုင်းမြို့၊ ကချင်ပြည်နယ်

၃။ ဘဒ္ဒန္တကောလိတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကောင်းမှုလုံကျေးရွာ၊ မချမ်းဘောမြို့နယ်၊ ကချင်ပြည်နယ်

၄။ ဘဒ္ဒန္တသီဟနန္ဒ၊ ရွှေကျောင်းတိုက်၊ ရှမ်းစုရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်

၅။ ဘဒ္ဒန္တသုမန၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ တောရကျောင်းပရိယတ္တိစာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်

၆။ ဘဒ္ဒန္တမဟိန္ဒပဏ္ဍိတ၊ ဝေဇယန္တာအမှတ်(၂) ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ စက်မှုဇုန်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တကောဏ္ဍည၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ တောင်ဖီလာ တောင်ဖီလာ အောင်စကြာကျောင်းတိုက်၊ ဝါးချက်ကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တဝေပုလ္လ၊ မဟာစမ္ပါရုံကျောင်းတိုက်၊ ကံကုန်းကျေးရွာ၊ ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တဝိစိတ္တရ၊ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းကျောင်း၊ ပေါမိုင်းရပ်ကွက်၊ ခန္တီးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တကေသဝ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ စံပြကျေးရွာ၊ လဟယ်မြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တနရပတိ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ အောင်ရွာကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တဥတ္တမ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ပဒူးမုန်းရွာသစ်ကျေးရွာ၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တကေသရမာလာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဆပ္ပလော်ရှောင်ကျေးရွာ၊ လဟယ်မြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တပညိသရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ရန်နွေးကျေးရွာ၊ လေရှီးမြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တကုန္ဒသာရ၊ ရွှေတောင်ဦးလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာနှင့် ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ မလိဝမ်းကျေးရွာ၊ ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၁၆။ ဒေါက်တာဘဒ္ဒန္တပညာသိရီ၊ ငြိမ်းချမ်းအောင်ကျောင်းတိုက်၊ ဂျလန်းကျွန်းကျေးရွာ၊ ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၁၇။ ဘဒ္ဒန္တကုန္ဒာစက္က၊ စည်ပင်သာယာရွာဦးကျောင်းတိုက်၊ ကျည်တောင်အုပ်စု၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၁၈။ ဘဒ္ဒန္တခေမာစာရ၊ ကျွန်းတက်ပဲ့ကျောင်းတိုက်၊ ကျွန်းတက်ပဲ့ကျေးရွာအုပ်စု၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၁၉။ ဘဒ္ဒန္တဇဝန၊ သန္တိသုခရွှေမေတ္တာကျောင်းတိုက်၊ ဒိုးနွယ်ကျေးရွာ၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၂၀။ ဘဒ္ဒန္တသုဇန၊ သုဇနကာရီ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးပရဟိတ သာသနာပြုကျောင်းတိုက်၊ ခေတ်အေးကျေးရွာ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၂၁။ ဘဒ္ဒန္တဉာဏောဘာသ၊ မြို့ကြီးကျောင်းတိုက်၊ မြို့ကြီးကျေးရွာ၊ ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၂၂။ ဘဒ္ဒန္တဉာဏုတ္တရ၊ မဟာဗောဓိပင်စစ်ကိုင်းကျောင်းတိုက်၊ ရပ်ကွက်ကြီး (၃)၊ အင်းတကော်မြို့၊ ပဲခူးတိုင်းဒေသကြီး

၂၃။ ဘဒ္ဒန္တဇေယျသေန၊ ဓမ္မာလင်္ကာရကျောင်းတိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၂၄။ ဘဒ္ဒန္တပဒုမ၊ ကုန်းဝိုင်းကြီးဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ကုန်းဝိုင်းကြီးကျေးရွာ၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၂၅။ ဘဒ္ဒန္တဝေပုလ္လ၊ ဒေးစွန်ပါ အောင်ဗောဓိပင်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ကံမြင့်ကျေးရွာ၊ ဘုရားကြီးမြို့၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၂၆။ ဘဒ္ဒန္တသုမင်္ဂလ၊ သုမင်္ဂလသိရီကျောင်းတိုက်၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၂၇။ ဘဒ္ဒန္တပညာဝုဓ၊ ဝေဇယန္တာပရိယတ္တိစာသင်တိုက်၊ ရွှေဥဒေါင်းရပ်ကွက်၊ မိုးညိုမြို့၊ ပဲခူးတိုင်းဒေသကြီး

၂၈။ ဘဒ္ဒန္တသောပါက၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ မဇင်းရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၂၉။ ဘဒ္ဒန္တဝိမလ၊ ရွှေညောင်ပင်ကျောင်းတိုက်၊ ချောင်းဒေါင့်ရပ်ကွက်၊ ကျီးသဲမြို့၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃၀။ ဘဒ္ဒန္တဓမ္မသာရ၊ မဟာဒက္ခိဏာရာမ ရွာဦးကျောင်းတိုက်၊ ကံသစ်ကျေးရွာ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၃၁။ ဘဒ္ဒန္တဗာကုလ၊ သီရိမင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ညောင်ကုန်းကျေးရွာ၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၃၂။ ဘဒ္ဒန္တဝါသေဋ္ဌ၊ ပြည်တော်အေးကျောင်းတိုက်၊ ထန်းညှောက်တင်ကျေးရွာ၊ မင်းတုန်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၃၃။ ဘဒ္ဒန္တဝိနယ၊ ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း၊ မုန်ပင်ဆည်ကျောင်းတိုက်၊ မုန်ပင်ဆည်စံပြကျေးရွာ၊ မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃၄။ ဘဒ္ဒန္တမာဃိန္ဒ၊ အင်းထိပ်ဦးသာသနမာမက ကံ့ကော်တစ်ထောင်ကျောင်းတိုက်၊ အင်းထိပ်ဦးကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃၅။ ဘဒ္ဒန္တရာဇိန္ဒ၊ စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃၆။ ဘဒ္ဒန္တသီလဝန္တ၊ ကျောင်းဟောင်းကျောင်းတိုက်၊ ရသေ့တောင်ကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ်

၃၇။ ဘဒ္ဒန္တဥတ္တမသာရ၊ မဟာဗုဒ္ဓဃောသကျောင်းတိုက်၊ သဲကုန်းကျေးရွာ၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်

၃၈။ ဘဒ္ဒန္တနာယက၊ မရမ်းတောင်ကျောင်းတိုက်၊ မြောက်ပိုင်းရပ်ကွက်၊ ကျိုက်ထိုမြို့၊ မွန်ပြည်နယ်

၃၉။ ဘဒ္ဒန္တဉာဏိန္ဒ၊ မင်္ဂလာကန်တော် ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း၊ ကော့ထင်းစံပြကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

၄၀။ ဘဒ္ဒန္တခမာဝုဓ၊ ချမ်းမြေ့သာယာတောရကျောင်းတိုက်၊ ဥတ္တံတားကျေးရွာ၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်

၄၁။ ဘဒ္ဒန္တနန္ဒမာလာ၊ ရင်ပြင်တော်ကျောင်းတိုက်၊ ကင်မွန်းချောင်းကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

၄၂။ ဘဒ္ဒန္တသုန္ဒရ၊ မြသိန်းတန်ကျောင်းတိုက်၊ ရွာကြီးမြောက်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်

၄၃။ ဘဒ္ဒန္တတိက္ခဉာဏ၊ ပရိယတ္တိနယူပဒေသသိပ္ပမဥ္ဇူစာသင်တိုက်၊ အမှတ်(၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၄။ ဘဒ္ဒန္တပါကဋ၊ မြရာကုန်းကျောင်းတိုက်၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၅။ ဘဒ္ဒန္တကုန္ဒာဝုဓ၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ မေတ္တာဝါဒီ ဟင်္သာတပရဟိတကျောင်းတိုက်၊ မာလာမြိုင်(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၆။ ဘဒ္ဒန္တနန္ဒောဘာသ၊ နိဂြောဓါရုံကျောင်းတိုက်၊ ကွမ်းခြံရပ်ကွက်၊ တွံတေးမြို့၊ ရန်ကုန်တိုင်းဒေသကြီး

၄၇။ ဘဒ္ဒန္တဇဝန၊ သီရိမင်္ဂလာကန်ဦးကျောင်းတိုက်၊ ရခိုင်ရိုးကြီးကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၈။ ဘဒ္ဒန္တသုမန၊ ဘဝထူထောင်ပျဉ်းကတိုးတောင် မဟာဗောဓိတောရကျောင်းတိုက်၊ ကမ်းနီကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၉။ ဘဒ္ဒန္တပဏ္ဍိတ၊ ကန်သာဇေယျုံပရိယတ္တိစာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၀။ ဘဒ္ဒန္တဝဏ္ဏိတ၊ သီရိမင်္ဂလာကျောင်းတိုက်၊ အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၁။ ဒေါက်တာဘဒ္ဒန္တဝိသုဒ္ဓရံသီ၊ ဓမ္မသိင်္ဂီကျောင်းတိုက်၊ ကုန်းတလပေါင်ကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဆက်လက်ဖော်ပြပါမည်။**

# သမိုင်းနောက်ခံဇာတိမာန်နှင့် မြန်မာ့လွတ်လပ်ရေး

ခိုင်(မိတ္ထီလာ)

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ဗြိတိသျှနယ်ချဲ့ အစိုးရလက်အောက်မှ လွတ်လပ်ရေးရရှိခဲ့ပြီး အချုပ်အခြာ အာဏာပိုင်ဆိုင်သော မြန်မာနိုင်ငံ ဖြစ်လာခဲ့သည်။ မြန်မာ့မြေပေါ်တွင် နှစ်ပေါင်း ၁၀၀ ကျော်မျှ ကြီးစိုးခဲ့ကြသော ကိုလိုနီစနစ်ဆိုးကြီးသည် မြန်မာခေါင်းဆောင်တို့၏ ကြိုးပမ်းမှု၊ ပြည်သူတစ်ရပ်လုံး၏ မနားမနေတိုက်ပွဲဝင်မှုများကြောင့် နိဂုံးတံသွားပြီဖြစ်သည်။

မြန်မာတို့သည် ကိုယ့်မြေ၊ ကိုယ့်ရေပေါ်တွင် နှစ်သက်မြတ်နိုးစွာ တန်ဖိုးထား၍ ကိုယ့်မင်းကိုယ့်ချင်းနှင့် နေလာခဲ့သောလူမျိုးများဖြစ်သည်။ သဘာဝ သယံဇာတ ကြွယ်ဝလှသောမိမိနိုင်ငံတွင် အေးချမ်းစွာ ရပ်တည်လာကြသည်မှာလည်း နှစ်ပရိစ္ဆေဒ ကြာမြင့်လှပြီဖြစ်သည်။ သို့ဖြစ်ရာ အမျိုးဇာတိကို ချစ်ခင်စုံမက်သော ဗီဇစိတ်ဓာတ်ခံလည်း ရှေးကပင် ကိန်းအောင်းခဲ့ပြီးဖြစ်သည်။ ဇာတိဟူသော အမျိုးအနွယ်ကိုစွဲ၍လည်း မြန်မာတို့သည် သက်စွန့်ကြိုးပမ်းတတ်သော သတ္တိသွေး ပြည့်လျှမ်းသူများဟု ဆိုကမှားမည်မထင်။ အမျိုးအနွယ်ကိုစွဲ၍ဖြစ်သော မာန်မာနဟူသည် လူမျိုးတိုင်းတွင် ထက်သန်လေ့ရှိရကား မြန်မာတို့၏ဇာတိမာန်ကိုလည်း မြန်မာ့သမိုင်း အစဉ်အဆက်တွင် ထင်ရှားပေါ်လွင်စွာ တွေ့မြင်ရမည်ဖြစ်သည်။

"မြန်မာပြည်ထောင်စုဆိုတာ ခုမှပေါ်ပေါက်လာတာမှမဟုတ်ဘဲ။ တို့ဘိုးဘွားလက်ထက် ရှေးပဝေသဏီခေတ်ကရှိခဲ့တဲ့တို့ဘိုးဘွားအမွေကြီးပါ။ မြန်မာ့သမိုင်းတစ်လျှောက်မှာ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်၊ ရတနာပုံခေတ်အထိဟာ ဘုရင်တွေက ချုပ်ကိုင်တဲ့ ရှေးခေတ် ပြည်ထောင်စုစနစ်ဖြစ်ခဲ့တယ်" ဟု မြန်မာ့ဦးစွန်းဘုရင်ခေတ်နှင့် မြန်မာတို့ သွေးစည်းညီညာခဲ့ပုံသရုပ်ကို ဦးစံအောင်ရေးသားသော ညီညွတ်ရေး အရေးတော်ပုံစာအုပ်ပါ မိုင်းပွန်မြို့မှ ဦးစိတ္တစကားအရ သိရှိနိုင်သည်။

"မင်းတုန်းမင်းလက်ထက်က သံလွင်အရှေ့ဘက် ကျိုင်းတုံ၊ ကျိုင်းဟန်နယ်ထဲကို ပြည်ပက ယိုးဒယားတပ်တွေ ကျူးကျော်ဝင်ရောက်လာကြပြီး ဒုက္ခပေးတာပေါ့။ ကျိုင်းတုံစော်ဘွားက ဗဟိုအစိုးရရှိရာ ရတနာပုံမန္တလေးကို သတင်းပို့ စစ်ကူတောင်းခံတာ တပ်မတော်သား ၃၀၀၀ ပါဝင်တဲ့ တပ်မကြီးကို ကျွန်းတောင်မင်းသား သီရိသူရမဟာဓမ္မရာဇာ ခေါင်းဆောင်ပြီး ချီတက်ခဲ့တယ်။ ဆင်တပ်၊ မြင်းတပ်မှာလည်း မင်းတို့ဗမာတွေက ဆင်ကိုနိုင်တယ်။ ငါတို့ရှမ်းတွေက မြင်းကိုနိုင်တယ်။ ဟိုခေတ်က မြန်မာက ဆင်တပ်၊ ရှမ်းက မြင်းတပ်ဆိုတော့ ဘက်ညီတာပေါ့။ ပြည်တွင်းပြည်ပ ဘာရန်သူမှမခံနိုင်ခဲ့ဘူး" ဟူ၍လည်း တိုင်းရင်းသားများ၏ ချစ်ကြည်သွေးစည်းမှုကို ဦးစိတ္တက ဆက်လက်ဆိုသေးသည်။

ဗြိတိသျှတို့သည် မြန်မာပြည်ကို သိမ်းပိုက်ဝါးမျိုရန် စစ်ခင်းလာရင်း ရခိုင်နှင့် တနင်္သာရီတိုင်းကို သိမ်းပိုက်ခဲ့သည်။ ရန်ကုန်ကိုခြေကုပ်ယူ၍ ပဲခူးကို စစ်ပြုနေချိန်ဖြစ်သည်။ ပထမ အင်္ဂလိပ်- မြန်မာစစ်ပွဲကြီးပင်တည်း။ ရှမ်းကုန်းမြေထက်မှ သူ့ကျွန်မခံလိုပြီဟူသော အာဇာနည်စိတ်ဓာတ်ဖြင့် ပြည်မြို့တိုင်ချီတက်ခဲ့သော တိုင်းရင်းသားတပ်မကြီးသည် ပြည်မြို့အနီးရှိ နဝင်းချောင်း၌ အင်္ဂလိပ်နှင့် ပြင်းထန်စွာတိုက်ပွဲများဖြစ်ကြသည်။ ဤတိုက်ပွဲကို ဝက်ထီးကန်တိုက်ပွဲဟု တွင်ခဲ့သည်။ အိန္ဒိယသို့ ချီတက်သိမ်းပိုက် ခဲ့ရသည့် စစ်ပွဲများတစ်လျှောက်လုံး၌ ဤစစ်ပွဲသည် အပြင်းထန်ဆုံးနှင့် စစ်စရိတ်အကုန်အကျအများဆုံး၊ တန်ပြန်တိုက်ခိုက်နှောင့်ယှက်မှု အများဆုံးခံရ၍ အထိနာလှသော စစ်ပွဲဟုလည်း ဤစာအုပ်ကဆို သည်။ မြန်မာဘက်မှ စစ်သူကြီး မဟာဗန္ဓုလလည်း ၁၈၂၅ ခုနှစ် ဧပြီ ၁ ရက်တွင် ကျဆုံးခဲ့ရ၏။ အင်္ဂလိပ်တို့သည် သိမ်းပိုက်ရရှိသော နယ်မြေများကို အမြွတ်ထုတ်လျက် အင်းဝသို့ တက်ပြီး စစ်ပြေငြိမ်းရေးရန္တပိုစာချုပ်ကို ချုပ်ဆိုလိုက်လေသည်။

အင်္ဂလိပ်တို့သည် နယ်ချဲ့သမားပီပီ ဘကြီးတော်မင်းလက်ထက်တွင် ရခိုင်နှင့် တနင်္သာရီတိုင်းကိုလည်းကောင်း၊ ပုဂံမင်းလက်ထက်တွင် ပဲခူးတိုင်းကိုလည်းကောင်း တတိတိသိမ်းပိုက်သည်။ မျိုးချစ်စိတ်ထက်သန်သူ မြန်မာတို့အတွက် မချိစရာအခင်းပါပေ။

> ❖လွတ်လပ်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးတိုက်ပွဲပထမအဆင့်မှာ လုံးဝလွတ်လပ်ရေးအဆင့်ဖြစ်၏။ ထို့ကြောင့် ချင်းတောင်၊ ရခိုင်၊ မြစ်ဝကျွန်းပေါ်၊ ကချင်တောင်တန်းမှသည် ဗိုလ်ချုပ်မရောက်ဖူးသေးသော ရှမ်းကုန်းမြေနှင့် ကန္တာရဝတီကယားပြည်နယ်သို့ စည်းရုံးရေးခရီးထွက်ခဲ့၏။ အမိုးဖွင့်ကားပေါ်တွင် ရှေ့တွင် ထိုင်လိုက်သွားသော ဗိုလ်ချုပ်ကို လမ်းတစ်ဖက်တစ်ချက်မှ ပရိသတ်က " ဗိုလ်ချုပ်အောင်ဆန်း ကျန်းမာပါစေ၊ ရှမ်း-မြန်မာချစ်ကြည်ရေး အစွန့်ရှည်ပါစေ။ ရှမ်း-မြန်မာပူးပေါင်းရေး အောင်ရမည်။ ❖

ဒုတိယအင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီး ၁၈၅၃ ခုနှစ်တွင် မင်းတုန်းမင်းနန်းတက်လာသည်။ ဤကာလဝန်းကျင်တွင်ပုန်ကန်ခြားနားရန် ဗြိတိသျှ ပိုင်နက်အတွင်း ထွက်ပြေးလာခဲ့သောမြင်ကွန်းမင်းသားသည် ကရင်နီပြည်နယ်ထဲသို့တက်၍ လူစုပြီး အချင်းချင်းပုန်ကန်တိုက်ခိုက်သည်။ တိုက်၍မနိုင်လျှင် ဗြိတိသျှပိုင်နက်ထဲသို့ ဝင်ရောက်ခိုလှုံလေတော့သည်။ ထို့နောက်တစ်ဖန် ပြန်၍တိုက်သော်လည်း မနိုင်သဖြင့် နောက်ဆုံး၌ ပြင်သစ်၊ အင်ဒိုချိုင်းနားပြည် ဆေးဂုံမြို့အထိ တိမ်းရှောင်သွားခဲ့သည်။

နွားကွဲ ကျားကိုက် နယ်ချဲ့အကြိုက် ထပ်မံ၍ အချင်းချင်းလူသတ်ပွဲဖြင့် အသုံးတော်ခံသွားသူကား လင်းပင်မင်းသားဖြစ်သည်။ သူ့ကို နယ်ချဲ့က ခိုလှုံခွင့်ပေးထားရုံသာမက မြို့အုပ်ရာထူးဖြင့်ပင် မော်လမြိုင်မြို့တွင် ခန့်ထားလေသည်။ မင်းသားသည် စော်ဘွားများကိုစည်းရုံးလျက် ဗြိတိသျှနယ်ချဲ့ကိုတိုက်ရမည့်အစား မန္တလေး နေပြည်တော်ကိုတိုက်ပြီး နန်းလုရန် အင်္ဂလိပ်အကြိုက် ကပြလိုက်လေတော့သည်။ သတိချပ်စရာပင်။

နယ်ချဲ့၏မှိုင်းတိုက်မှုအောက်တွင် ပြားပြားဝပ်ခဲ့ရခြင်းသည် အလွန်တရာဝမ်းနည်းကြေကွဲဖွယ်ပါတကား။ တစ်ချိန်တည်းမှာပင် နယ်ချဲ့တပ်များသည် အထက်မြန်မာပြည်သို့ စစ်ချီခဲ့သည်။ ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် သီပေါမင်းကို သေနတ်တစ်ချက်မျှ မဖောက်ရဘဲ ဖမ်းဆီးပြီး သူရိယသင်္ဘောဖြင့် ရန်ကုန်မှတစ်ဆင့် အိန္ဒိယပြည် ရတနာဂီရိမြို့သို့ မိဖုရားစုဖုရားလတ်၊ သမီးတော်တို့နှင့်အတူ ပို့ဆောင်အကျဉ်းချထားလိုက်လေသတည်း။ မြန်မာ့ဦးစွန်းက ကွယ်ပခဲ့လေပြီတကား။

ဗြိတိသျှတပ်များသည် ၁၈၈၇-၈၈ ခုနှစ် ကာလများတွင် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းသို့ စစ်ကြောင်းကြီးနှစ်ကြောင်းဖြင့် ဖြန့်တက်စေခဲ့ရာမှ ကမ္ဘောဇတိုင်းမှာ နယ်ချဲ့အာဏာစက်အောက်သက်ဆင်းခဲ့ရပေသည်။ ထို့ကြောင့် ရှမ်းကုန်းမြေမြင့်ရှိ တိုင်းရင်းသားအပေါင်း၏ လူနေမှုအဆင့်အတန်းမှာ တွေးဝံ့စရာမရှိ။ ဖွတ်ကျောပြာစု ခရုဆံကျွတ် ဝမ်းမဝ ခါးမလှ နိမ့်ကျမွဲတေလှပေသည်။

၁၉၂၀ ပြည့်နှစ်၏ သည်မှာဘက်ကာလသည် မြေပြန့်ပြည်မရှိ မြန်မာအမျိုးသားတို့၏ ဝံသာနု ဂျီစီဘီအေ နိုင်ငံရေးနိုးကြားလာသည့်အချိန်ဖြစ်ရာ နယ်ချဲ့သမားသည် လိမ္မာပါးနပ်စွာ ၁၉၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင် ရှမ်းကုန်းမြေမြင့် တောင်ပိုင်းနှင့် မြောက်ပိုင်းအား ပဒေသရာဇ် ရှမ်းပြည်ဟူ၍ သီးခြားမြို့ပြုပြီး ပြည်မနိုင်ငံရေးကို မစွက်ဖက်နိုင်ရန် ခွဲထုတ်လိုက်လေသည်။ နယ်ချဲ့သည် သေနင်္ဂဗျူဟာ ကြွယ်လွန်းပေစွ။ မြေပြန့်တွင် နိုင်ငံရေးလှုပ်ရှားမှု ရေချိန်မြင့်၍ နယ်ချဲ့ဆန့်ကျင်ရေးစတင်ချိန်ဖြစ်သော်လည်း မြန်မာ့ကိစ္စ ရှမ်းနှင့်မဆိုင်၊ ရှမ်းကိစ္စ မြန်မာနှင့်မဆိုင်၊ မြန်မာတွေလည်း ရှမ်းကုန်းမြေသို့မလာရ မသွားရ။ မြန်မာများ လာလျှင် မယုံနှင့်ဆိုပြီး လူမျိုးရေးအရ သံသယဝင်နေစေရန် သွေးခွဲထားခဲ့သည်မှာ ၁၉၃၀ ခုနှစ်ထိတိုင်အောင်ဖြစ်လေသည်။ ဤအကြောင်းအရာများကလည်း အမျိုးအနွယ်ကိုစွဲ၍ဖြစ်သော ဇာတိမာန် ထက်သန်စေရန် မီးမောင်းထိုးပေးနေသည်နှင့် မခြားပါပေ။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလတွင်မူကား အရှေ့အာရှများတွင် စစ်မီးဟုန်းဟုန်းထတောက်သောကာလဖြစ်သည်။ ဂျပန်တို့သည် အမေရိကန်ရေတပ်စခန်း ပုလဲဆိပ်ကမ်းကို ဗုံးကြဲချေမှုန်းပြီးမှ အင်္ဂလိပ်၊ အမေရိကန်တို့ကို စစ်ကြေညာခဲ့သည်။ မြန်မာပြည်စစ်မျက်နှာသို့ တပ်မကြီး အမှတ် ၅၅၊ အမှတ် ၃၃၊ အမှတ် ၁၈ နှင့် အမှတ် ၅၆ တို့ဖြင့် ထိုးဖောက်ဝင်ရောက်လာ၏။ မေလ လဝက်ခန့်တွင် ဗမာပြည်စစ်မျက်နှာမှ အင်္ဂလိပ်နှင့် တရုတ်တပ်(မဟာမိတ်)များလုံးဝ ဆုတ်ခွာသွားပြီဖြစ်၏။ ဂျပန်တို့သည် ဗမာပြည်ကို အင်္ဂလိပ်လက်တွင်းမှ လုံးဝသိမ်းပိုက်ရယူလိုက်တော့သည်။

ဂျပန်တို့သည် မြန်မာပြည်ကို လွတ်လပ်ရေးပေးရန် စီစဉ်လျက်ရှိနေလေရာ ရှမ်းပြည်ရှိ ဂျပန်အုပ်ချုပ်ရေးဘက်ဆိုင်ရာ ဘုရင်ခံက ရှမ်းစော်ဘွားများကိုခေါ်၍ ယိုးဒယားနှင့် ပေါင်းပေးရန် စည်းစားကြသော်လည်း အလင်းရောင်လူငယ်များ၏ ရှမ်း-မြန်မာချစ်ကြည်ရေး လှုပ်ရှားမှုမှာ အရှိန်မြင့်မားနေပြီဖြစ်၍ သံလွင်မြစ်အရှေ့ဘက်ရှိ ကျိုင်းတုံနှင့် မိုင်းပန်နယ်ကို ဂျပန်က ယိုးဒယားသို့ လက်ဆောင်အဖြစ် ၁၉၄၃ ခုနှစ် ဇူလိုင်လတွင် ပေးအပ်လိုက်၏။ ကျန်ရှိသော ရှမ်းပြည်နယ်အပါအဝင်အားလုံးနှင့် ကရင်နီနယ်တို့ကို မြန်မာနိုင်ငံအတွင်းသို့ ဂျပန်က ၁၉၄၃ ခုနှစ် စက်တင်ဘာ ၂၅ ရက်၌ ထည့်သွင်းကြောင်း စာချုပ်ချုပ်ဆိုကြသည်။ ဤကား မြန်မာ့လွတ်လပ်ရေးသို့ တာစူလျက်ရှိသော သမိုင်းနောက်ခံ ဖြစ်ရပ်မှန်များတည်း။

ထိုကာလမတိုင်မီ မတ်လ ၁၁ ရက်နေ့တွင် ဒေါက်တာဘမော်၊ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြနှင့် ဒေါက်တာသိန်းမောင်တို့သည် ဩဂုတ်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးမည်ဟု ကြေညာသည်။ ဒေါက်တာဘမော်ကို မြန်မာနိုင်ငံ၏ အဓိပတိအဖြစ် ခန့်အပ်လိုက်လေသည်။ ဂျပန်လွတ်လပ်ရေးပေးပြီး၍ တစ်လအကြာတွင် ဂျပန်လွတ်လပ်ရေးသည် အတုအယောင်ဖြစ်ကြောင်း မြင်တွေ့လာကြသည်။

လွတ်လပ်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးတိုက်ပွဲ ပထမအဆင့်မှာ လုံးဝလွတ်လပ်ရေးအဆင့်ဖြစ်၏။ ထို့ကြောင့် ချင်းတောင်၊ ရခိုင်၊ မြစ်ဝကျွန်းပေါ်၊ ကချင်တောင်တန်း မှသည် ဗိုလ်ချုပ်မရောက်ဖူးသေးသော ရှမ်းကုန်းမြေနှင့် ကန္တာရဝတီကယားပြည်နယ်သို့ စည်းရုံးရေးခရီးထွက်ခဲ့၏။ အမိုးဖွင့်ကားပေါ်တွင် ရှေ့တွင် ထိုင်လိုက်သွားသော ဗိုလ်ချုပ်ကို လမ်းတစ်ဖက်တစ်ချက်မှ ပရိသတ်က "ဗိုလ်ချုပ်အောင်ဆန်း ကျန်းမာပါစေ၊ ရှမ်း-မြန်မာချစ်ကြည်ရေး အစွန့်ရှည်ပါစေ။ ရှမ်း-မြန်မာ ပူးပေါင်းရေးအောင်ရမည်။ ရှမ်း-မြန်မာ လွတ်လပ်ရေး အရေးတော်ပုံ အောင်ရမည် " အစရှိသည့် ကြွေးကြော်သံများ ဟစ်ကြွေးကြိုဆိုပုံမှာ တောင်ကြီးတစ်မြို့လုံး ပွဲတင်ထပ်မျှရှိတော့၏။

"ဤမြို့လုံးကျွတ်အစည်းအဝေးကြီးတွင် ဦးဘဇံက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး (၁) လုံးဝလွတ်လပ်ရေးအဆို၊ (၂)တိုင်းရင်းသာချင်းသွေးစည်းရေးအဆို၊ (၃)နယ်ချဲ့စနစ်တိုက်ဖျက်ရေး တပ်ဦးညီညွတ်ရေးအဆိုများကို တင်သွင်းကြ၏။ "

"တောင်ကြီး အစည်းအဝေးကြီးသည် မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် ပြည်ထောင်စုလမ်းကြောင်းပေါ်သို့ ရုပ်ခြည်းတွန်းတင် ပြောင်းလဲပေးလိုက်သော မှတ်တိုင်အဖြစ် မှတ်တမ်းတင်လောက်ပါသည်" "ဗိုလ်ချုပ်အောင်ဆန်းသည် ဘိလပ်၌ နန်းရင်းဝန် အက်တလီနှင့် သဘောတူညီချက်များ ရရှိကြသည့်အလျောက် အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့လေသည်။ "

"တစ်နှစ်အတွင်းလွတ်လပ်ရေးရမှာသေချာတယ် ကျုပ်တို့ လွတ်လပ်ရေးရသလို ခင်ဗျားတို့ကိုလဲ ကျုပ်တို့နှင့်အတူ လွတ်လပ်စေချင်တယ်။ ကျုပ်တို့က ခင်ဗျားတို့ကို ပေါင်းပါလို့လဲ မပြောဘူး၊ မပေါင်းနဲ့လို့လဲမပြောဘူး။ ပေါင်းချင်ပေါင်း မပေါင်းချင်နေ ခင်ဗျားတို့သဘော"(ပြတ်ပြတ်ကြီးပြောချလိုက်သော ဗိုလ်ချုပ်စကား) အစရှိသော စကားရပ်များမှာ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် အထင်ကရကျန်ရှိသော စကားစုများဖြစ်သည်။ ဤခရီးထဲတွင် မြန်မာတိုင်းရင်းသားအားလုံးသည် တိုင်းပြည်နှင့် လူမျိုးအတွက် သက်စွန့်ကြိုးပမ်းတတ်သော သတ္တိဖြစ်သည့် ဇာတိသွေးကြွယ်သူများဖြစ်ကြသည်။ ဇာတိမာန်ရင့်သန်သူများဖြစ်ကြသည်။ ဗီဇစိတ်ဟုဆိုအပ်သည့် ဇာတိစိတ်ကပင် တိုင်းပြည်နှင့်လူမျိုးအရေးကို ဦးလည်မသုန်ထမ်းရွက်လိုသူများပီပီ လွတ်လပ်ရေးကြိုးပမ်းမှုခရီးတစ်လျှောက်ဖြတ်သန်းခဲ့ကြသော သမိုင်းနောက်ခံ ဇာတိမာန်တက်ကြွစေသော အကြောင်းဖြစ်ရပ်များ၏ စေ့ဆော်မှုကြောင့် လွတ်လပ်ရေးမုခ်ဦးအရောက် တက်ညီလက်ညီ အရောက်လှမ်းနိုင်ခဲ့ပြီဖြစ်သတည်း။

ရှေ့ဆက်၍ လွတ်လပ်ရေးအစွန့်ရှည်တည်မြဲစေရန်လည်း ရှိထားပြီသားသမိုင်းအမွေ ဇာတိမသွေး ဇာတိမာန်စိတ်ဓာတ်များကို ရင်းစားပြုပြီး တိုင်းပြည်နှင့် လူမျိုးဂုဏ်ကိုဆောင်ရန် လူတိုင်းကိုယ်စီတွင် ကိန်းအောင်းရှင်သန်ရမည်ကား ဇာတိသွေး၊ ဇာတိမာန်များပင် မဟုတ်ပါလော။

# SCIENCE AND TECHNOLOGY

## နေကိုဖြတ်ကျော်ပျံသန်းပြီးနောက် Parker နေလေ့လာရေးအာကာသယာဉ်က ပထမဆုံးသတင်းအချက်အလက်များကို မြေပြင်စခန်းသို့ ပြန်လည်ပေးပို့



**ဝါရှင်တန် ဇန်နဝါရီ ၃**

နေမျက်နှာပြင်ကို ၂၂ ကြိမ်မြောက် အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ပြီးနောက် Parker နေလေ့လာရေးအာကာသယာဉ်သည် ယာဉ်၏အခြေအနေနှင့်ပတ်သက်၍ ပထမဆုံး သတင်းအချက်အလက်များကို မြေပြင်စခန်းသို့ ဇန်နဝါရီ ၂ ရက်တွင် ပြန်လည်ပေးပို့ခဲ့ကြောင်း သိရသည်။

အထက်ပါ သတင်းအချက်အလက်များအရ နေမျက်နှာပြင်ကို ၂၂ ကြိမ်မြောက် အနီးကပ်ဖြတ်သန်းခဲ့ပြီးနောက် Parker နေလေ့လာရေး အာကာသယာဉ်နှင့် တပ်ဆင်ထားသည့် စူးစမ်းလေ့လာရေးစနစ်များ ပုံမှန်ဆက်ရှိနေမှုကို မိမိတို့အတည်ပြုနိုင်ပြီဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) တာဝန်ရှိသူများက ပြောကြားသည်။

Parker နေလေ့လာရေး အာကာသယာဉ်သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် နေကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၄ ရက်မစ်ရှင်တွင် Parker နေလေ့လာရေးအာကာသယာဉ်သည် နေမျက်နှာပြင်ကို မိုင်ပေါင်း ၃ ဒသမ ၈ သန်း အကွာမှ တစ်ဆင့် အမြန်နှုန်းတစ်နာရီလျှင် ၄၃၀၀၀၀ မိုင်နှုန်းဖြင့် ဖြတ်ကျော် ပျံသန်းခဲ့ကြောင်း သိရသည်။

ထိုသို့ နေကို အနီးဆုံးမှတ်မှ ဖြတ်သန်းစဉ် ၁၈၀၀ ဒီဂရီဖယ်ရင်ဟိုက်ထိရှိသည့် ပြင်းထန်သော အပူချိန်ဖြင့် ရင်ဆိုင်ခဲ့ရသည့်တိုင် Parker နေလေ့လာရေးအာကာသယာဉ်အနေဖြင့် မည်သည့်အထိအခိုက်မျှမရှိခဲ့ကြောင်း နာဆာ တာဝန်ရှိသူများက ပြောကြားသည်။

Parker နေလေ့လာရေး အာကာသယာဉ်သည် မစ်ရှင်သက်တမ်းတစ်လျှောက် နေမျက်နှာပြင်ကို အနည်းဆုံး ၂၄ ကြိမ်ထိ အနီးကပ် ဖြတ်ကျော်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## နှစ်ပေါင်း ၁၆၆ သန်းထိရှိသော ဒိုင်နိုဆောခြေရာကျောက်ဖြစ်ရုပ်ကြွင်း ၂၀၀ ကို ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်ရှိုင်းယားဒေသ၌ သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**လန်ဒန် ဇန်နဝါရီ ၃**

သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၆၆ သန်းထိရှိသော ဒိုင်နိုဆောခြေရာ ကျောက်ဖြစ်ရုပ်ကြွင်း ၂၀၀ ကို ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်ရှိုင်းယားဒေသ၌ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၂ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဒိုင်နိုဆောခြေရာကျောက်ဖြစ်ရုပ်ကြွင်းများသည် ဂျူရက်ဆစ်ဘူမိခေတ်လယ်ပိုင်းမှ ဒိုင်နိုဆောခြေရာများ ဖြစ်ကြရာ သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၆၆ သန်းထိရှိနိုင်ကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ပါ ဒိုင်နိုဆောခြေရာကျောက်ဖြစ်ရုပ်ကြွင်းများထဲတွင် အပင်စားဒိုင်နိုဆောများနှင့် မီဂါလိုဆောရပ်စ် ခေါ် အသားစားဒိုင်နိုဆောများ၏ ခြေရာများလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါ ဒိုင်နိုဆောခြေရာများသည် ခြေရာတန်း ငါးတန်းအဖြစ်ရှိနေပြီး အရှည်ဆုံးဒိုင်နိုဆောခြေရာတန်းမှာ မီတာ ၁၅၀ ထိရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



ဒိုင်နိုဆောခြေရာတန်းငါးတန်းအနက် လေးတန်းမှာ စီတီယိုဆောရပ်စ်ကဲ့သို့ ဆော်ရိုပေါ့အုပ်စုဝင် အပင်စားဒိုင်နိုဆောများ၏ ခြေရာတန်းများဖြစ်ကြသည်။

ကျန်ခြေရာတန်း တစ်ခုမှာမူ ကိုယ်ထည်အလျား ကိုးမီတာထိရှိတတ်သည့် မီဂါလိုဆောရပ်စ်ခေါ် အသားစားဒိုင်နိုဆောတို့၏ ခြေရာတန်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ၂၀၂၄ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဂြိုဟ်နှင့်အာကာသယာဉ် လွှတ်တင်မှုပေါင်း ၂၅၉ ခုထိ ရှိခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၃**

၂၀၂၄ ခုနှစ်တွင် တစ်ကမ္ဘာလုံး အတိုင်းအတာအရ ဂြိုဟ်နှင့် အာကာသယာဉ် လွှတ်တင်မှုပေါင်း ၂၅၉ ခုထိရှိခဲ့ကြောင်း ဇန်နဝါရီ ၂ ရက် သတင်းများအရ သိရသည်။

၂၀၂၄ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဂြိုဟ်တုနှင့် အာကာသယာဉ် လွှတ်တင်မှုနှုန်းသည် ၂၀၂၃ ခုနှစ်ကထက် ၁၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း အမေရိကန် လေ့လာဆန်းစစ်သူများက တွက်ချက်ထားသည်။

နှိုင်းယှဉ်ကြည့်ပါက ၂၀၂၃ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်း အတာအရ ဂြိုဟ်တုနှင့်အာကာသ ယာဉ်လွှတ်တင်မှုပေါင်း ၂၂၁ ခုသာ ရှိခဲ့သည်။

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီ၏ အာကာသ မစ်ရှင်များကြောင့် ၂၀၂၄ ခုနှစ်၏ ဂြိုဟ်တုနှင့်အာကာသယာဉ် လွှတ်တင်မှုနှုန်း မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီတစ်ခုတည်းကပင် ၂၀၂၄ ခုနှစ်အတွက် ဖယ်လ်ကွန်-၉ ဒုံးပျံနှင့် ဖယ်လ်ကွန်ဟဲဗီး ဒုံးပျံမစ်ရှင် ၁၃၄ ခုထိ လွှတ်တင်ခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်အတွင်း ဂြိုဟ်တုနှင့် အာကာသယာဉ် ဒုတိယအများဆုံးလွှတ်တင်ခဲ့သူမှာ တရုတ်နိုင်ငံဖြစ်ပြီး မစ်ရှင်ပေါင်း ၆၈ ခုထိ လွှတ်တင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## သွေးတိုးရောဂါအတွက်သုံးသည့်ဆေးတစ်မျိုးက ပါကင်ဆန်လူနာများ တုန်ယင်မှုကိုလျှော့ချနိုင်

**အမ်စတာဒမ် ဇန်နဝါရီ ၃**

သွေးတိုးရောဂါအတွက် အသုံးများသည့် ဆေးတစ်မျိုးသည် ပါကင်ဆန်ရောဂါ လူနာများခံစားနေရသည့် အကြောအခြင် တုန်ယင်မှုပြဿနာကို လျှော့ချရာတွင် အထောက်အကူ ပေးနိုင်ဖွယ်ရှိကြောင်း ဇန်နဝါရီ ၂ ရက်သတင်းများအရ သိရသည်။

ပါကင်ဆန်ရောဂါ ပုံမှန်ကုထုံးများသည် ပါကင်ဆန်လူနာ ၉၀ ရာခိုင်နှုန်းထိ ရင်ဆိုင်ရတတ်သည့် အကြောအခြင်တုန်ယင်မှုပြဿနာကို ကုသပေးနိုင်မှုမရှိကြောင်း သိရသည်။

သို့ရာတွင် နယ်သာလန်နိုင်ငံ ရက်ဘော့တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သွေးဖိအားကို လျှော့ချပေးသော Propranolol ခေါ် ဆေးတစ်မျိုးသည် ပါကင်ဆန်လူနာများ၏ အကြောအခြင်တုန်ယင်မှုပြဿနာကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

နယ်သာလန်သုတေသနပညာရှင်များသည် ပါကင်ဆန်ရောဂါလူနာ ၂၇ ဦးတို့ကို Propranolol ဆေးဖြင့် လက်တွေ့စမ်းသပ်ကုသမှုများ ပြုလုပ်ခဲ့သည်။

စမ်းသပ်ကုသမှုမှပေါ်ထွက်လာသည့်ရလဒ်များအရ Propranolol ဆေးသည် ပါကင်ဆန်လူနာများ၏ အကြောအခြင် တုန်ယင်မှုပြဿနာကို လူနာများငြိမ်သက်နေချိန်တွင်ရော၊ စိတ်ဖိအားဝင်ချိန်တွင်ပါ လျှော့ချပေးနိုင်သည်ကို တွေ့ရသည်ဟု နယ်သာလန်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

ပါကင်ဆန် လူနာများ၏ အကြောအခြင်တုန်ယင်မှုပြဿနာသည် လူနာများ စိတ်ဖိအားဝင်ချိန်တွင် ပိုဆိုးလာတတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## နို့ဒိန်ခဲများ၌ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်များ ပါဝင်မှု ရှိ၊ မရှိစမ်းသပ်ရေး FDA ပြင်ဆင်နေ

**နယူးယောက် ဇန်နဝါရီ ၃**

အမေရိကန်နိုင်ငံအတွင်းရှိ နို့ဒိန်ခဲများ၌ ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်များ ရှိ၊ မရှိကို စမ်းသပ်ရေးအတွက် အမေရိကန်အစိုးရ အစားအစာနှင့်ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA) က ပြင်ဆင်နေကြောင်း ဇန်နဝါရီ ၂ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် FDA တာဝန်ရှိသူများသည် နိုင်ငံတစ်ဝန်းရှိ နို့ဒိန်ခဲနမူနာများကို စတင်စုဆောင်းရယူလျက်ရှိရာ လာမည့်မတ်လအတွင်း နမူနာစုဆောင်းရယူရေးလုပ်ငန်း အဆုံးသတ်မည်ဖြစ်ကြောင်း သိရသည်။

လိုအပ်ပါက နို့ဒိန်ခဲနမူနာရယူရေးလုပ်ငန်းကို ကာလထပ်တိုးမည်ဖြစ်သည်ဟု FDA က ကြေညာထားကြောင်း သိရသည်။

ဒိန်ခဲနမူနာများ ရယူပြီးပါက ၎င်းနမူနာများထဲ၌ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်ပါဝင်မှု ရှိ၊ မရှိ FDA ကျွမ်းကျင်သူများက စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၌ နွားနို့အစိမ်းဖြင့် ဒိန်ခဲပြုလုပ်နိုင်ခဲ့သော်လည်း နွားနို့အစိမ်းတွင်ပါဝင်သော ရောဂါပိုးမွှားများ၏အန္တရာယ်ကို လျှော့ချရေးအတွက် ဈေးကွက်မတင်မီ အနည်းဆုံးရက်ပေါင်း ၆၀ သိပ်ထားရမည်ဖြစ်သည်။

ကျိုချက်ထားခြင်း မရှိသည့် နွားနို့အစိမ်းများ သောက်သုံးပါက ဗိုင်းရပ်အန္တရာယ်နှင့် ဗက်တီးရီးယားအန္တရာယ်များ ရှိလာနိုင်ကြောင်း FDA က သတိပေးထားပြီးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# State Administration Council Chairman Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing sends a message to the ceremony to mark the 77th Anniversary of Independence Day 2025

**Esteemed ethnic national brethren of the Union,**

On the auspicious occasion of the 77th Anniversary of Independence Day, which falls on 4 January, today, I extend my heartfelt greetings with best wishes to all ethnic peoples of the Republic of the Union of Myanmar for their mental and physical well-being, happiness, and fulfilment.

Myanmar has stood proudly as an independent nation for many centuries, with its own land, water, territory, crown, monarch, and heritage. The people have long possessed their own language, literature, culture, art, and traditions with dignity. All the national race groups of the Union have lived together harmoniously, sharing the same fortune through thick and thin.

Following three aggressive invasions by colonialists in 1824, 1852, and 1885, resource-rich Myanmar lost its independence and sovereignty.

The entire national race people of the Union, with a nationalistic spirit rooted in ethnic pride, united in solidarity to resist and overthrow colonialists and fascists. As a result, on 4 January 1948, Myanmar regained independence and was able to re-establish the country as a sovereign nation. On 4 January 2025, this achievement will mark its 77th anniversary.

Although Myanmar has emerged as a sovereign and independent nation in the world, the consequences of colonialist instigations continue to resonate to this day.

**Esteemed ethnic national brethren of the Union,**

In Myanmar, to bring an end to the long-standing armed conflicts, resolve political issues through political means rather than military solutions, and establish long-term sustainable peace, the Nationwide Ceasefire Agreement (NCA) was signed on 15 October 2015. The agreement aimed to cease all armed hostilities across the country. Tatmadaw has repeatedly declared ceasefires, and the government has made numerous calls for peace dialogues. However, it has been observed that some Ethnic Armed Organizations (EAOs) that signed the NCA have failed to comply with its commitments, breaching the terms of the agreement.

The conflicts and armed terror attacks occurring in Myanmar are primarily rooted in differing political attitudes, driven by a desire for separate self-rule and the pursuit of personal interests and gains. In various regions, the terror attacks carried out by armed insurgents have led to the destruction of the lives, homes, and livelihoods of residents, causing widespread poverty and suffering. It is important for every citizen to be aware that behind these terror actions, various forms of support are involved.

The groups engaged in armed struggle against the State have been urged to abandon the path of terror and resolve the political issue through peaceful means. It has also been clearly declared that no solutions will be provided to demand of armed terrorism. Therefore, it is strongly urged that, for the sake of "non-disintegration of the Union, non-disintegration of national solidarity and perpetuation of sovereignty, all armed conflicts and differing attitudes should be resolved under the law".

**Esteemed ethnic national brethren of the Union,**

National race people of Myanmar, when faced with important challenges, have united with a spirit of kinship, setting aside any regional or territorial divisions, and with a shared sense of brotherhood and the spirit of the Union, they were able to achieve independence. The spirit of the Union, which was the foundation of past efforts for independence, is also the cornerstone for safeguarding the future democratic nation.

The current global situation is becoming increasingly complex and difficult, and it can only be faced through the unity and solidarity of the people. There is a proverb, "When the cow breaks loose, the tiger pulls it back." In Myanmar, where diverse ethnic groups coexist, the country faces armed terror attacks, action intended to instil fear in the villages, and misconduct by military forces. These actions undermine the rule of law, cause the government machinery to collapse, and weaken the nation, which could ultimately threaten national independence and sovereignty. To ensure the continued stability and longevity of Myanmar, it is crucial for all national race groups to unite. The entire people have to support Myanma Tatmadaw and patriotic citizens, who have sacrificed life, blood and sweat over generations to achieve success in justice clashes.

As safeguarding the nation's independence and sovereignty is the inborn responsibility of all citizens, I strongly urge all citizens to unite and, with the spirit of the Union, collectively safeguard and protect the nation.

**Esteemed ethnic national brethren of the Union,**

The ultimate goal of the State Administration Council is to successfully hold a free, fair, and multiparty democratic general election. The nationwide population and housing census was conducted from 1 to 15 October 2024. Efforts are underway to compile an accurate and verified population list to be submitted to the Union Election Commission to facilitate the preparation of voter lists for eligible voters. I firmly pledge to ensure that the general election will be systematic, fair, and dignified, and to transfer state responsibilities to the government formed as a result of the election.

I urge all citizens to participate in the effort to ensure the emergence of a genuine and disciplined democratic system by holding fair, dignified, and procedurally correct general elections.

**Esteemed ethnic national brethren of the Union,**

It is necessary to march onwards without halting despite experiencing difficulties and crises in undertaking development of a country or a region. The State Administration Council operates with the belief that politics is inherently tied to the economy. Through ensuring the well-being of the people in terms of livelihood and sustenance, the aim is to elevate living standards and achieve national development as a primary objective.

To ensure national economic prosperity, efforts are being made to prioritize and enhance agricultural and livestock-based productivity. By advancing agriculture and livestock sectors, production and industrial activities can operate more efficiently, which, in turn, will drive the growth of service industries. This process is expected to contribute to an increase in the country's GDP and improve the livelihoods of approximately 50 per cent of the population. Moreover, support is being provided to develop MSME (Micro-, Small-, and Medium-sized Enterprises) businesses to ensure sufficient domestic production of foodstuffs and consumer goods.

The foundation of a nation's development lies in the abundance of educated and skilled individuals. As such, to nurture a human resource equipped with knowledge and technology, an education system is being implemented to ensure that everyone completes at least KG+9 (kindergarten through grade 9) as a compulsory education system. Upon successfully completing KG+9, students can proceed to attend high schools specializing in basic education, agricultural development, or industrial studies. Those who meet the required qualifications will then have the opportunity to further study at relevant universities or colleges.

As the saying goes, "Strength of the nation lies within", efforts will be made to build and enhance the three pillars of strength: domestic economy, national political stability, and internal defence capability. Therefore, I urge all citizens to work collectively for the balanced and harmonious development of the entire Union in all aspects.

**Esteemed ethnic national brethren of the Union,**

In line with the motto of the State Administration Council, "Keep Moving Forward to Achieve Our Goal", efforts will be made to prioritize the nation's interests and the well-being of all ethnic people, striving to build a better nation and socioeconomic life.

The State Administration Council has adopted and is implementing four political objectives based on Our Three Main National Causes – non-disintegration of the Union, non-disintegration of national solidarity and perpetuation of sovereignty as fundamental principles by upholding the Constitution.

In moving forward, enhancing the nation's economy serves as the best driving force. By supporting the development of the country's production industries, it is possible to contribute to both the advancement of the national economy and the improvement of the socioeconomic lives of the entire population.

Tatmadaw originated from the people and will exert its utmost efforts to defend the nation. The unity between Tatmadaw and the people serves as a fundamental pillar for national defence.

All Myanmar citizens, with the spirit of being Myanmar and the mindset of "We are Myanmar", through the national spirit, must work together with determination to realize peace, stability, and development of the State.

The State Administration Council emphasizes implementation of the two national visions of prosperity and food security of the nation.

The peace and stability of a country are directly related to the matters of peace and security, just as peace and stability are directly connected to development and progress. Hence, peace and stability, as well as development and progress, are being pursued simultaneously.

The agricultural production for food security, the sown acreage expansion of oil crops, and the increase in cotton yields are being actively implemented. In order to improve the income of each farmer, agricultural and livestock projects are being expanded and implemented with the State economic promotion fund.

To enjoy welfare facilities, uniform expenses and house rents, as well as additional allowance have been provided for civil servants. Moreover, housing for staff has been expanded to ensure convenient living conditions. Teachers are being granted monthly incentives based on their qualifications, and stipends for students are being increased.

To preserve the national identity and foster a strong sense of patriotism, traditional Myanmar cultural performing arts competitions are being revived. At the same time, efforts are being made to promote the development of libraries across the country. In order to ensure health, fitness and education promotion, the policy "Every hospital must have a doctor" has been adopted and is being implemented. Moreover, the National Sports Festival was successfully held in December 2024, contributing to the cultivation of well-rounded and capable students who possess both physical and mental strength.

As such, I deeply urge the people to move forward in unity with the State Administration Council under the motto, "Keep Moving Forward to Achieve Our Goal" and to strive in unity with determination, perseverance, and courage to strengthen the political, economic, defence, and national character while fostering a strong sense of national spirit through diligence, industriousness and perseverance.

I would like to convey a message urging all Union-born national brethren to strongly implement the five National Objectives of the 77th Anniversary of Independence Day 2025 with unity and solidarity.

# PDF terrorists hiding in homes and schools at Kalar village Nganzun Township, Mandalay Region and their covertly kept explosives seized




Photo shows the place where PDF terrorists were hiding and explosives and accessories were seized.

| Reference: | |
|---|---|
| ● | The location where explosives and related equipment were seized. |

**Nay Pyi Taw January 3**

Terrorists are using civilians as human shields in launching surprise attacks against troops serving area security duties, blowing up bombs, and committing terrorist acts. In addition, they are hiding arms and ammunition and accessories in religious buildings, schools, public places and houses. In this regard, security forces are conducting area security duties, exposing and seizing their caches.

While security forces were conducting those missions, some locals who could not tolerate acts that might destroy regional peace and stability and terrorist acts secretly provided them with information that PDF terrorists, under the directives of NUG and CRPH, were hiding in Kalar village about 8500 metres west of Nganzun town and conducting terrorist acts and that they were covertly keeping arms and ammunition. Security forces launched a sudden attack against the terrorist in the village at about 11 pm on 2 January and took necessary security measures.

During the operation, security forces engaged with PDF, who were hiding in the village, captured dead three terrorists and seized substances related to explosives, a health and social welfare association branded Nissan Xtrail and a Hijet small truck they were using at the house and school they were hiding.

Also in the past, there were instances that terrorists were entering some faraway towns and villages where administration was difficult, bullying the locals with arms, taking positions in department buildings including schools and residences, fortifying them by laying sandbags around inner and outer areas, planting mines, and setting up sand bunkers and terrorist training grounds. Thanks to the information provided by duty-conscious persons, security forces were able to expose the terrorists and prevent their attacks. Under the pretext of welfare undertakings, terrorists were using social welfare automobiles in carrying arms, ammunition and wounded persons. News about those events had already been released.

Terrorists were using non-military facilities such as homes of the people and schools for children as their hiding places where they also stored arms and ammunition. Their acts were harming not only the education opportunities of school-age children, but also the education promotion that supported regional development in a way. So they were committing criminal acts. The seized materials will be dealt with accordingly.

Local nationalities do not accept the terrorist acts of PDF terrorists, and thanks to the information about terrorist movements provided by them in time, terrorists and their arms and ammunition could be exposed and seized in time. The entire people should collectively take part in ensuring community peace and stability by secretly sending information about terrorist movements to the nearest security forces. 100



A Hijet mini truck.



Seized explosives and related materials of PDF terrorists.

# Israeli military says strikes 40 sites in Gaza, resulting in "dozens of" casualties

**Jerusalem January 3**

The Israeli military announced Friday it has conducted raids on some 40 sites used by Hamas across the Gaza Strip since Thursday, with Israeli and Palestinian sources reported that these strikes have resulted in dozens of casualties.

The Israeli airstrikes targeted Hamas' command and control centers, as well as gathering points used by Hamas militants who had planned and executed attacks on Israeli troops and civilians, killing "dozens" of militants operated from these locations, the Israel Defense Forces (IDF) and Shin Bet security agency said in a joint statement.

In a post on Friday on social media platform X, Israeli military spokesperson Avichay Adraee urged residents of the Al-Bureij refugee camp in central Gaza to evacuate, warning of an upcoming wave of strikes in the area.

Meanwhile, Gazan health authorities said at least 68 people were killed across Gaza on Thursday.

Also on Friday, the Israeli military said militants in Gaza launched a missile and two rockets towards Israel, with no injuries reported.

The missile, launched at noon targeting a military helicopter, was intercepted by Israel and triggered sirens in Kibbutz Be'eri in southern Israel.

As for the two rockets, which were launched at around 1:30 p.m. local time (1130 GMT) from northern Gaza towards southern Israel, "one projectile fell near the community of Nir Am, while the second landed in an open area," according to the Israeli military.

They triggered sirens in Sderot and the nearby communities of Ibim and Nir Am in southern Israel. Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာ သတင်းများ

## ထိုင်းဝန်ကြီးချုပ် ပေထုန်တန်ရှင်နာဝပ်ထရာ ပိုင်ဆိုင်မှုစာရင်း ထုတ်ပြန်ကြေညာ



**ဗန်ကောက် ဇန်နဝါရီ ၃**

ထိုင်းဝန်ကြီးချုပ် ပေထုန်တန်ရှင်နာဝပ်ထရာသည် ၎င်း၏အမေရိကန်ဒေါ်လာသန်း ၄၀၀ ကျော်တန်ဖိုးရှိ ပိုင်ဆိုင်မှုစာရင်းကို ယနေ့တွင် ကြေညာခဲ့ကြောင်း သိရသည်။

ထိုင်းဝန်ကြီးချုပ်၏ပိုင်ဆိုင်မှုများထဲတွင် အထူးမှာယူထားသည့် လက်ကိုင်အိတ်အလုံး ၂၀၀ ကျော်နှင့် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာငါးသန်းနီးပါးရှိတန်ဖိုးကြီးလက်ပတ်နာရီ အနည်းဆုံး၇၅ လုံးလည်းပါဝင်သည်။

လက်ရှိ ထိုင်းဝန်ကြီးချုပ် ပေထုန်တန်ရှင်နာဝပ်ထရာသည် ထိုင်းဝန်ကြီးချုပ်ဟောင်း ဆက်သွယ်ရေးလုပ်ငန်းရှင် ဘီလျံနာသူကြွယ် ပေထုန်တန်ရှင်နာဝပ်ထရာ၏ အငယ်ဆုံးသမီးဖြစ်သည်။

ပေထုန်တန်ရှင်နာဝပ်ထရာသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်း ထိုင်းဝန်ကြီးချုပ်ရာထူးကို ရယူခဲ့သူဖြစ်သည်။

ပေထုန်တန်ရှင်နာဝပ်ထရာသည် ထိုင်းဝန်ကြီးချုပ်တစ်ဦးအနေဖြင့် ၎င်း၏ပိုင်ဆိုင်မှုများကို အမျိုးသားအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ထံ စာရင်းတင်ပြရန် လိုအပ်သည်။

ပိုင်ဆိုင်မှုစာရင်းကြေညာချက်အရ ထိုင်းဝန်ကြီးချုပ် ပေထုန်တန်ရှင်နာဝပ်ထရာသည် ပိုင်ဆိုင်မှုဘတ် ၁၃ ဒသမ ၈ ဘီလီယံ (အမေရိကန် ဒေါ်လာသန်း ၄၀၀) အနက် ဘတ် ငွေ ၁၁ ဘီလီယံကို ရင်းနှီးမြှုပ်နှံထားပြီး ကျန်ငွေများကို ဘဏ်တွင် ထားရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဘိုးအင်းလေယာဉ်များ စစ်ဆေးမှုလုပ်ငန်း တောင်ကိုရီးယားနိုင်ငံ ရက်သတ္တပတ် ထပ်တိုး

**ဆိုးလ် ဇန်နဝါရီ ၃**

ဘိုးအင်း ၇၃၇-၈၀၀ အမျိုးအစားခရီးသည်တင်လေယာဉ်များ ဘေးကင်းလုံခြုံမှု စစ်ဆေးရေးလုပ်ငန်းကို တောင်ကိုရီးယား သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ရက်သတ္တပတ် သက်တမ်းထပ်တိုးထားသည်ဟု ယနေ့သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံသည် ဂျီဂျူလေကြောင်းလိုင်းပိုင်ဘိုးအင်း ၇၃၇-၈၀၀ခရီးသည်တင်လေယာဉ်တစ်စင်း ဒီဇင်ဘာ ၂၉ ရက်တွင် မတော်တဆမှုဖြစ်ပွားခဲ့ပြီး ပြည်တွင်း လေကြောင်းလိုင်းများတွင် အသုံးပြုနေသည့် ဘိုးအင်း ၇၃၇-၈၀၀ လေယာဉ်များ၏ ဘေးကင်းလုံခြုံမှုကို စတင်စစ်ဆေးခဲ့သည်။

ဘိုးအင်း ၇၃၇-၈၀၀ ခရီးသည်တင်လေယာဉ်များ ဘေးကင်းလုံခြုံမှု စစ်ဆေးရေးလုပ်ငန်းများမှာ ယနေ့တွင် ပြီးဆုံးခဲ့ပြီဖြစ်သော်လည်း စစ်ဆေးရေးလုပ်ငန်းများကို ရက်သတ္တပတ်ထပ်မံပြုလုပ်ဦးမည်ဖြစ်ကြောင်း တောင်ကိုရီးယား သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဂျီဂျူ လေကြောင်းလိုင်းပိုင် ဘိုးအင်း ၇၃၇-၈၀၀ ခရီးသည်တင်လေယာဉ်သည် ဒီဇင်ဘာ ၂၉ ရက်တွင် မူအန်နိုင်ငံတကာလေဆိပ်သို့ ဝမ်းဗိုက်ဖြင့် ဆင်းသက်ခဲ့ရာ လေဆိပ်စည်းရိုးတစ်ခုနှင့်ဝင်တိုက်ခဲ့ပြီး မီးလောင်ပေါက်ကွဲခဲ့ရသည်။

ယင်းမတော်တဆမှုကြောင့် လေယာဉ်ပေါ် လိုက်ပါလာသူ ၁၈၁ ဦးအနက် ၁၇၉ ဦး သေဆုံးခဲ့ရပြီး နှစ်ဦးသာအသက်ရှင်လွတ်မြောက်ခဲ့သည်။

တောင်ကိုရီးယားလေကြောင်းလိုင်းများသည် ဘိုးအင်း ၇၃၇-၈၀၀ လေယာဉ်အစင်းပေါင်း ၁၀၁ စင်းထိ အသုံးပြုလျက်ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

## ပိုင်ဆိုင်ထားသည့် နျူကလီးယားအဆောက်အအုံများစာရင်း အိန္ဒိယနှင့် ပါကစ္စတန် အပြန်အလှန်ပေးအပ်

**အစ္စလာမ်မာဘတ် ဇန်နဝါရီ ၃**



အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် ဇန်နဝါရီ ၁ ရက်တွင် ၎င်းတို့ပိုင်ဆိုင်ထားသည့် နျူကလီးယားအဆောက်အအုံများ စာရင်းကို အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် နျူကလီးယားအဆောက်အအုံများတိုက်ခိုက်မှုတားဆီးရေး နှစ်နိုင်ငံ သဘောတူညီချက်အရ ပိုင်ဆိုင်ထားသည့် နျူကလီးယားအဆောက်အအုံများ စာရင်းကို အပြန်အလှန် ပေးအပ်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါသဘောတူညီချက်အရ အိန္ဒိယနှင့် ပါကစ္စတန်တို့သည် ပိုင်ဆိုင်ထားသည့် နျူကလီးယားအဆောက်အအုံများ စာရင်းကို နှစ်စဉ် ဇန်နဝါရီ ၁ ရက်တွင် အပြန်အလှန်ပေးအပ်လေ့ရှိသည်။

ဇန်နဝါရီ ၁ ရက်တွင် အိန္ဒိယနှင့် ပါကစ္စတန်တို့အနေဖြင့် နျူကလီးယားအဆောက်အအုံများစာရင်းကိုသက်ဆိုင်ရာသံရုံးများမှတစ်ဆင့် တစ်ချိန်တည်းတစ်ပြိုင်တည်းပေးအပ်ခဲ့ကြောင်း ပါကစ္စတန်အစိုးရက သတင်းထုတ်ပြန်ထားသည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့သည် နျူကလီးယားအဆောက်အအုံများတိုက်ခိုက်မှု တားဆီးရေးသဘောတူညီချက်ကို ၁၉၈၈ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၁ခုနှစ်တွင် နျူကလီးယား အဆောက်အအုံများစာရင်းကို အပြန်အလှန် စတင်ပေးအပ်ခဲ့သည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့သည် ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးရရှိခဲ့ချိန် ၁၉၄၇ ခုနှစ်မှစ၍ ဆက်ဆံရေး တင်းမာခဲ့ကြသောနိုင်ငံများဖြစ်ကြကြောင်း သိရသည်။

Ref : RT
Trs : KKO

## တောင်ကိုရီးယား၌ ရှစ်ထပ်အဆောက်အအုံမီးလောင်မှုဖြစ်ပွား မီးခိုးငွေ့ရှူရှိုက်မိသူ ၁၂ ဦးကို ဆေးရုံသို့ပို့ဆောင်ထားရ



**ဆိုးလ် ဇန်နဝါရီ ၃**

တောင်ကိုရီးယားနိုင်ငံ ဆောင်နမ်မြို့၌ ယနေ့တွင် ရှစ်ထပ်တိုက်တစ်လုံး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးခိုးငွေ့ရှူရှိုက်မိသူ ၁၂ ဦးကို ဆေးရုံသို့ ပို့ဆောင်ထားရကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားစဉ်အဆောက်အအုံအတွင်း၌ လူပေါင်း ၃၀ခန့် ပိတ်မိနေခဲ့သော်လည်း မီးသတ်သမားများက ၎င်းတို့ကို အောင်မြင်စွာ ကယ်တင်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းမှုကို မီးသတ်ယာဉ် ၈၂ စီးနှင့် မီးသတ်သမားအများအပြားတို့က ထိန်းချုပ်နိုင်ခဲ့သည်။

မီးလောင်ကျွမ်းမှုမှာ ရှစ်ထပ်အဆောက်အအုံ မြေညီထပ်ရှိ စားသောက်ဆိုင်မှ စတင်ခဲ့ခြင်းဖြစ်ဖွယ်ရှိကြောင်း ဆောင်နမ်မြို့ မီးသတ်တပ်ဖွဲ့က ပြောကြားထားသည်။

အဆောက်အအုံမီးလောင်စဉ် လူပေါင်း ၅၀ ခန့်မှာ အဆောက်အအုံအတွင်းမှ ထွက်ပြေးလွတ်မြောက်ခဲ့ပြီး ပိတ်မိနေသူဦးရေ ၃၀ ခန့်ကို မီးသတ်သမားများက ကယ်ထုတ်နိုင်ခဲ့သည်။

လက်ရှိအချိန်တွင် မီးလောင်မှုဖြစ်ပွားရခြင်း၏အကြောင်းရင်းကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေပြီဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ၂၀၂၄ ခုနှစ်တွင် ဒါရီယန်ဂက်တောလမ်းမှတစ်ဆင့် ပနားမားသို့ ဝင်ရောက်လာသူအရေအတွက် ကျဆင်း

**ပနားမားစီးတီး ဇန်နဝါရီ ၃**

၂၀၂၄ ခုနှစ်အတွင်း ဒါရီယန်ဂက် တောတွင်းလမ်းကြောင်းမှတစ်ဆင့် ပနားမားနိုင်ငံတွင်းသို့ ဝင်ရောက်လာသော တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူ အရေအတွက်မှာ ၂၀၂၃ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၄၂ ရာခိုင်နှုန်းကျဆင်းသွားကြောင်း ပနားမားတာဝန်ရှိသူများက ဇန်နဝါရီ ၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဒါရီယန်ဂက် လူဝင်မှုလမ်းကြောင်းသည် ကိုလံဘီယာနိုင်ငံကို ဗဟိုအမေရိကဒေသနိုင်ငံ တစ်နိုင်ငံဖြစ်သော ပနားမားတို့ကို ချိတ်ဆက်ပေးထားသော အန္တရာယ်ကြီးမားသည့် တောတွင်းလမ်းကြောင်းဖြစ်သည်။

အမေရိကန်နိုင်ငံသို့ သွားရောက်ရန်ကြိုးပမ်းနေကြသည့် လက်တင်အမေရိကမှ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများသည် ဒါရီယန်ဂက် တောတွင်းလမ်းကြောင်းမှတစ်ဆင့် ပနားမားနိုင်ငံသို့ဦးစွာ ဝင်ရောက်လေ့ရှိသည်။

ပနားမား တာဝန်ရှိသူများ၏ အဆိုအရ ၂၀၂၄ ခုနှစ်အတွင်း ဒါရီယန်ဂက် တောတွင်းလမ်းမှတစ်ဆင့် ပနားမားနိုင်ငံအတွင်းသို့ ရောက်ရှိလာသော တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူ အရေအတွက်မှာ ၃၀၂၃၀၃ ဦးထိ ရှိခဲ့ကြောင်း ပနားမားတာဝန်ရှိသူများ၏သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

နှိုင်းယှဉ်ကြည့်ပါက ၂၀၂၃ ခုနှစ်အတွင်း ဒါရီယန်ဂက် တောတွင်းလမ်းမှတစ်ဆင့် ဝင်ရောက်လာသော တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူ အရေအတွက်မှာ ၅၂၀၀၈၅ ဦးထိ ရှိခဲ့သည်။

ပြီးခဲ့သည့်နှစ် ဇူလိုင်လတွင် သမ္မတရာထူးရယူခဲ့သော ပနားမားသမ္မတဟိုဆေးရာလ်မူလီနိုသည် လူဝင်မှုပြဿနာနှင့် ပတ်သက်၍ သဘောထား တင်းမာသူဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# နိုင်ငံတကာ အားကစားသတင်းများ

## အီတလီစီးရီးအေ ပွဲစဉ်(၁၉) ပွဲကြိုသုံးသပ်ချက်

STA

**ရိုးမား** Vs **လာဇီယို**

ကစားမည့်ရက်/အချိန် ၆-၁-၂၀၂၅ (နံနက် ၀၂:၁၅ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ရိုးမား ၁ - ၀ လာဇီယို

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ရိုးမား | - | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |
| လာဇီယို | - | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(သရေ) |

နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေပြန်လည်ကောင်းမွန်လာတဲ့ ရိုးမားအသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာလဲ လာဇီယိုအသင်းကို အကောင်းဆုံးဖိအားပေးနိုင်မှာပါ။ လာဇီယိုအသင်းကလဲ အသင်းလိုက်ကစားပုံကောင်းမွန်တဲ့အသင်းဆိုပေမယ့် အဝေးကွင်းခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမယ့် ရိုးမားအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - ရိုးမား ၁ - ၀ လာဇီယို

## ပြင်သစ်စူပါဖလားဗိုလ်လုပွဲ ပွဲကြိုသုံးသပ်ချက်

STA

**ပီအက်စ်ဂျီ** Vs **မိုနာကို**

ကစားမည့်ရက်/အချိန် ၅-၁-၂၀၂၅ (ည ၁၁:၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

မိုနာကို ၂ - ၄ ပီအက်စ်ဂျီ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(သရေ) |
| မိုနာကို | - | ဝေး(သရေ) | အိမ်(ရှုံး) | ဝေး(နိုင်) |

ပြီးခဲ့တဲ့ ပြင်သစ်လီဂူးပွဲစဉ်တွေ့ဆုံမှုမှာ ပီအက်စ်ဂျီအသင်းက လေးဂိုး နှစ်ဂိုးနဲ့ဂိုးပြတ်အနိုင်ရရှိခဲ့ပါတယ်။ လက်ရှိခြေစွမ်းပိုင်းအရလဲ ပီအက်စ်ဂျီအသင်းက အသာစီးမှာရှိနေလို့ မိုနာကိုအသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ မိုနာကိုအသင်းရဲ့ ခြေစွမ်းပိုင်းက တည်ငြိမ်မှုအားနည်းနေလို့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ပီအက်စ်ဂျီအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - ပီအက်စ်ဂျီ ၂ - ၁ မိုနာကို

## ပရီးမီးယားလိဂ် တစ်လတာအကောင်းဆုံး နည်းပြဆုအတွက် ဆန်ခါတင်စာရင်းထုတ်ပြန်

**လန်ဒန် ဇန်နဝါရီ ၃**

ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်လတာအကောင်းဆုံး နည်းပြဆုအတွက် ဆန်ခါတင်စာရင်း ထုတ်ပြန်ခဲ့ရာ နယူးကာဆယ်အသင်း နည်းပြဟိုဝီက ထိပ်ဆုံးမှဦးဆောင်နေကြောင်း သိရသည်။

အဆိုပါ တစ်လတာအကောင်းဆုံးနည်းပြစာရင်းတွင် ဟိုဝီအပြင် လီဗာပူးနည်းပြစလော့၊ နော်တင်ဟမ်နည်းပြနူနိုဆန်းတို့ဘုန်းမောက် နည်းပြအီရာအိုလာတို့ ပါဝင်ခဲ့ပြီး ဟိုဝီက တစ်လတာအကောင်းဆုံး ဆုရရှိရန် ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိသည်။

နည်းပြဟိုဝီသည် ဒီဇင်ဘာလအတွင်းအမှတ်ပေးပြိုင်ပွဲ ခြောက်ပွဲကစားခဲ့ရာ ဘရန့်ဖို့ဒ်အသင်းကို သာရှုံးနိမ့်ခဲ့ပြီး အမှတ်ပေးဇယားကို ဦးဆောင်နေသည့် လီဗာပူးအသင်းကို အိမ်ကွင်းတွင် သုံးဂိုးစီသရေ၊ လက်စတာအသင်းကို လေးဂိုး ဂိုးမရှိ၊ အစ်ဗတ်စ်အသင်းကို လေးဂိုးဂိုးမရှိ၊အေဗီလာအသင်းကို သုံးဂိုး ဂိုးမရှိ၊ မန်ယူအသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် အကောင်းဆုံးစာရင်းတွင် ပါဝင်လာခဲ့သည်။

နည်းပြဟိုဝီသည် ကွာရာဘောင်းဖလားပြိုင်ပွဲတွင် ဘရန့်ဖို့ဒ်အသင်းကို အနိုင်ယူ၍ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သကဲ့သို့ အမှတ်ပေးပြိုင်ပွဲတွင်လည်း တိုက်စစ်ပိုင်းက သွင်းဂိုး ၁၃ ဂိုးနှင့် လေးပွဲဆက်ပေးဂိုးမရှိအောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

## အီတလီစူပါဖလား ဗိုလ်လုပွဲသို့ အင်တာမီလန်အသင်းတက်ရောက်



**မီလန် ဇန်နဝါရီ ၃**

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင်ကျင်းပနေသည့် အီတလီစူပါဖလား ဆီမီးဖိုင်နယ်အဆင့်တွင် အင်တာမီလန်အသင်းက အတ္တလန်တာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ယူ၍ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အင်တာမီလန် အသင်းသည် အတ္တလန်တာအသင်းကို ကစားသမားအစုံအလင်ဖြင့် ယှဉ်ပြိုင်ခဲ့သဖြင့် ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှုအသာ ဂိုးပေါက်ခြိမ်းခြောက်မှု အသာရယူနိုင်ခဲ့သော်လည်း ပထမပိုင်းတွင် သရေရလဒ်သာ ရရှိခဲ့သည်။

ဒုတိယပိုင်းတွင် နည်းပြ အင်ဇာဂီက တိုက်စစ်မှူး တာရီမီ၏နေရာတွင် မားကပ်သူရမ်ကို ထည့်သွင်းခဲ့ရာ တိုက်စစ်ကစားအားမြင့်တက်လာသဖြင့် ပွဲချိန် ၄၉ မိနစ်နှင့် ၆၁ မိနစ်တို့တွင် ခံစစ်ကစားသမားဒမ်ဖရိုင်း၏ဦးဆောင်ဂိုးများဖြင့်အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

အင်တာမီလန် အသင်းသည် ဗိုလ်လုပွဲစဉ်တွင် ဂျူဗင်တပ်အသင်းနှင့် အေစီမီလန်အသင်းတို့မှ အနိုင်ရခဲ့သည့်အသင်းနှင့် တွေ့ဆုံမည်ဖြစ်ပြီး အဆိုပါပွဲစဉ်ကိုလာမည့် ဇန်နဝါရီ ၉ ရက်တွင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

အင်တာမီလန် အသင်းသည် စူပါဖလားပြိုင်ပွဲတွင် ၁၂ ကြိမ် ဗိုလ်လုပွဲတက်ရောက်ခဲ့ရာ ရှစ်ကြိမ်ဆုဖလားရခဲ့ပြီး နောက်ဆုံးသုံးနှစ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

## ASB Classic တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အိုဆာကာတက်ရောက်

**အော့ကလန် ဇန်နဝါရီ ၃**

နယူးဇီလန်နိုင်ငံ အော့ကလန်မြို့တွင် ကျင်းပနေသည့် ASB Classic တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဂျပန်တင်းနစ်မယ် အိုဆာကာက အမေရိကန်တင်းနစ်မယ်ဘက်တစ်တီနှင့် ယှဉ်ပြိုင်ကစားသွားခဲ့ရာ အိုဆာကာက (၆-၇၊ ၆-၁၊ ၆-၂) ရလဒ်ဖြင့်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



အိုဆာကာအနေဖြင့် ၂၀၂၂ခုနှစ်နောက်ပိုင်းပြိုင်ပွဲများတွင် ပထမဆုံးအကြိမ် ဆီမီးဖိုင်နယ်အဆင့်သို့ ပြန်လည်တက်ရောက်ခွင့်ရခဲ့ခြင်းဖြစ်ပြီး အကောင်းဆုံးပုံစံပြန်မရသေးသော်လည်းရလဒ်ပိုင်း သိသိသာသာတိုးတက်လာခဲ့သည်။

အိုဆာကာသည် ဘက်တစ်တီအား ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့ရသော်လည်း ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည်အနိုင်ရရှိကာ တတိယပွဲငယ်တွင်လည်း ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အိုဆာကာသည် ကမ္ဘာ့အဆင့်သတ်မှတ်ချက်အရနိုင်ခြေ အဆင့် (၇)သာ သတ်မှတ်ခြင်းခံထားရသော်လည်း ဆီမီးဖိုင်နယ်အဆင့်အထိ တက်ရောက်လာနိုင်ခဲ့ပြီးနောက် ဗိုလ်စွဲရန်ရေပန်းစားသည့်စာရင်းတွင် ပါဝင်လာသည်။

အိုဆာကာက "ရလဒ်တွေပြန်ကောင်းလာဖို့ အဓိကအရေးကြီးဆုံးသော့ချက်ကတော့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိဖို့ပါပဲ။ ယုံကြည်မှုပြန်တည်ဆောက်ဖို့ လိုအပ်နေတဲ့ အခြေအနေဖြစ်တဲ့အတွက် ယုံကြည်မှုရှိဖို့ရယ် ပွဲအပေါ်အာရုံစိုက်နိုင်ဖို့ပါပဲ။ လိုအပ်ချက်အားလုံးကိုလုပ်နိုင်ခဲ့တယ်။ ၂၀၂၄ ခုနှစ်ထဲမှာရလဒ်တွေ မကောင်းခဲ့ပေမယ့်လဲ ကျွန်မအနေနဲ့ ပြင်ဆင်လေ့ကျင့်မှုအပိုင်းမှာတော့ သေချာအချိန်ပေးဖြစ်ခဲ့တယ်။ ကြိုးစားအားထုတ်မှုတွေလဲ ဒီထက်ပိုပြီးတော့ လုပ်နိုင်ဖို့လိုအပ်နေသေးတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

## မန်ယူအသင်းနည်းပြ အာမိုရင်က အသင်းဟောင်း စပို့တင်းလစ္စဘွန်းအသင်းမှ ဂရိုကာရက်ဇ်ကိုခေါ်ယူပေးရန် ဘုတ်အဖွဲ့ထံတောင်းဆို

**မန်ချက်စတာ ဇန်နဝါရီ ၃**

မန်ယူအသင်းနည်းပြ အာမိုရင်က လိုအပ်ချက်များရှိနေသည့် အသင်းတိုက်စစ်ပိုင်းအတွက် အသင်းဟောင်း စပို့တင်းလစ္စဘွန်းအသင်းမှ တိုက်စစ်ကစားသမား ဂရိုကာရက်ဇ်ကို လက်ရှိဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလတွင်ပင် ခေါ်ယူပေးရန်အတွက် အသင်းဘုတ်အဖွဲ့ထံ တောင်းဆိုခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် လက်ရှိနည်းပြအာမိုရင် လက်အောက်တွင်လည်း ရလဒ်များဆိုးရွားနေပြီး အသင်းတိုက်စစ်ပိုင်းတွင်လည်း သွင်းဂိုးများရယူနိုင်ရန် ရုန်းကန်နေရသည့်အတွက် ဂရိုကာရက်ဇ်ကို ခေါ်ယူပေးရန် အသင်းဘုတ်အဖွဲ့ထံ တောင်းဆိုခဲ့သည်။

လက်ရှိမန်ယူအသင်းတိုက်စစ်ပိုင်းတွင် ရက်ရှ်ဖို့ဒ်၊ ဇက်ခ်ဇီးနှင့် ဟိုက်လန်းတို့ ရှိနေသော်လည်း ဇက်ခ်ဇီးနှင့် ရက်ရှ်ဖို့ဒ် တို့အနေဖြင့် နည်းပြအာမိုရင်၏ ကစားကွက်ပိုင်းတွင် ခြေစွမ်းပြသနိုင်ခြင်းမရှိသည့်အတွက် နည်းပြအာမိုရင်က ဂရိုကာရက်ဇ်ကို ခေါ်ယူလိုနေခြင်းဖြစ်သည်။

အသက် ၂၆နှစ်ရှိ ဂရိုကာရက်ဇ်သည် စပို့တင်းလစ္စဘွန်းအသင်းကို နည်းပြအာမိုရင် တာဝန်ယူကိုင်တွယ်ခဲ့စဉ် ပြီးခဲ့သည့် ၂၀၂၃ခုနှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက စပို့တင်းလစ္စဘွန်းအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက နည်းပြအာမိုရင် လက်အောက်တွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ကာ ပြိုင်ပွဲစုံ ပွဲပေါင်း ၅၀ပါဝင်ကစားခဲ့ရာ ၄၃ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ယခုနှစ် ဘောလုံးရာသီတွင်လည်း ၂၇ ပွဲကစားပြီး ၂၇ဂိုးထိသွင်းယူထားသူဖြစ်ကြောင်း သိရသည်။

လက်ရှိ စပို့တင်းလစ္စဘွန်းအသင်းနှင့် ဂရိုကာရက်ဇ်တို့စာချုပ်သက်တမ်းမှာ ၂၀၂၈ ခုနှစ်ထိကျန်ရှိနေပြီး စာချုပ်ဖျက်သိမ်းကြေးမှာလည်း စတာလင်ပေါင်သန်း ၈၀ရှိနေသည့်အတွက် မန်ယူအသင်းအနေဖြင့် ဂရိုကာရက်ဇ်ကို ခေါ်ယူလိုပါက စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် သန်း ၈၀ ထိ ပေးချေရဖွယ်ရှိနေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘာတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ကမ္ဘောဒီးယားပြည်သူများနှင့် မိမိမှ ဂုဏ်ပြုဝမ်းမြောက်စကားများ ပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် တူညီသည့် ရိုးရာယဉ်ကျေးမှုနှင့် ယုံကြည်မှု၊ အပြန်အလှန် နားလည်မှုနှင့် လေးစားမှုတို့ကို အခြေခံ၍ နှစ်နိုင်ငံအကြား ကာလရှည်ကြာ နီးကပ်စွာတည်ရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုကို မိမိအနေဖြင့် အထူးအလေးထားပါကြောင်းနှင့် မိမိတို့ အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် အနာဂတ်တွင် ပိုမိုတိုးတက်မှုရှိလာမည်ကို အခိုင်အမာ ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပြီး စိတ်နှလုံးပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နှစ်သစ်တွင် မြန်မာပြည်သူများအားလုံးသည် ငြိမ်းချမ်းမှု၊ ကျန်းမာရွှင်လန်းမှုနှင့် ပျော်ရွှင်မှုတို့ကို ရရှိခံစားနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် မဟာ ပဝရ ဓိပတိ ဟွန်မာနိုက်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများထံသို့ ကမ္ဘောဒီးယားနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိမှဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ခိုင်မာစွာ တည်ဆောက်ထားပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို အလေးထားပါသည်။ မိမိတို့နှစ်နိုင်ငံသည် ယုံကြည်မှု၊ အပြန်အလှန်နားလည်မှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အခြေခံ၍ နွေးထွေးပျူငှာသည့်ဆက်ဆံရေးကို အတူတကွ မျှဝေခံစားလျက်ရှိကြပါသည်။ မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် နီးကပ်သည့်စေ့စပ်ညှိနှိုင်းမှုများဖြင့် ပိုမိုခိုင်မြဲလာသည်ကို တွေ့မြင်ရသဖြင့် မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလက တရုတ်နိုင်ငံ ကူမင်းမြို့၌ကျင်းပသည့် (၁၁)ကြိမ်မြောက် CLMV အစည်းအဝေးကာလအတွင်း ပြုလုပ်ခဲ့သည့် နှစ်နိုင်ငံတွေ့ဆုံမှုက မိမိတို့အကြား တည်ရှိပြီးဖြစ်သည့် နွေးထွေးသည့်ဆက်ဆံရေးနှင့် ခိုင်မာသည့်ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုအားကောင်းလာစေပါသည်။

အခါအခွင့်ကြုံခိုက် နှစ်နိုင်ငံပြည်သူများကြွယ်ဝမှုနှင့် ကျန်းမာရွှင်လန်းစေရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာလာစေရန် မိမိအနေဖြင့် နှစ်နိုင်ငံအကြားသာမက ဘက်ပေါင်းစုံမဏ္ဍိုင်အောက်၌ အဆွေတော်နှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါသည်။ လာမည့်နှစ်တွင် နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၇၀)ပြည့်မြောက်မည်ဖြစ်သဖြင့် နှစ်နိုင်ငံအကြား လေးနက်မှုရှိသည့် အထိမ်းအမှတ်အခမ်းအနားများကို အတူတကွ ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း ပြောကြားလိုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်လေးစားမှု အစဉ်အလာများအပေါ် အခြေခံပါသည်။

အခါအခွင့်ကြုံခိုက် ၂၀၂၅ နှစ်သစ်အတွက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။ အဆွေတော် ကျန်းမာ၊ ပျော်ရွှင်၍ အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေးလ် မီရှူစတင်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရကိုယ်စားနှင့် မိမိအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယအတွက် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေးမှုများအပေါ် အခြေခံသည့် ရုရှား-မြန်မာ ဆက်ဆံရေးဆက်လက်ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် ကျေနပ်အားရကြောင်း ပြောကြားလိုပါသည်။ ကုန်သွယ်ရေးနှင့် စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှုနှင့် လူသားချင်းစာနာထောက်ထားမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာလာပြီး အလားအလာရှိသော ပူးတွဲစီမံကိန်းများလည်း အသက်ဝင်လာသည်ကို တွေ့ရှိရပါသည်။

နယ်ပယ်ပေါင်းစုံတွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်ရန် ရည်ရွယ်လျက် မိမိတို့နှစ်နိုင်ငံအစိုးရအကြား တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်လိုကြောင်း ဆန္ဒရှိမှုကို ထပ်လောင်းအတည်ပြုပါသည်။ ဤသို့ဆောင်ရွက်ခြင်းသည် ရုရှားနှင့် မြန်မာ နှစ်နိုင်ငံအကျိုးစီးပွားနှင့် အပြည့်အဝကိုက်ညီမှုရှိပါသည်။

အဆွေတော် ကျန်းမာချမ်းသာပြီး လုပ်ငန်းဆောင်တာများ အောင်မြင်ပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများအားလုံး ပျော်ရွှင်၊ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဦးသန်းဆွေထံသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကြားဖြတ်အစိုးရအဖွဲ့၏ နိုင်ငံခြားရေးအကြံပေးပုဂ္ဂိုလ် မစ္စတာ မိုဟာမက် တိုဟိဒ် ဟူစိန်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မြန်မာပြည်သူများထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူများက နှုတ်ခွန်းဆက်သပါကြောင်းနှင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ မြန်မာပြည်သူများတိုးတက်၍ ငြိမ်းချမ်းပြီးသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းဖြစ်သည့်အတွက် အပြန်အလှန်လေးစားမှုကိုအခြေခံလျက် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့်ဆက်ဆံရေးကို ဖွံ့ဖြိုးတိုးတက်စေလျက် ပိုမိုခိုင်မာသည့် ဆက်ဆံရေးတည်ဆောက်သွားရန် ကတိကဝတ်ပြုပါသည်။

# နေပြည်တော်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၃**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးတို့က ပညာရေးစုံညီပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူလေးများက **"စုံညီပွဲတော်တို့နွဲပျော်"** တေးသီချင်းကိုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပညာရေးပြက္ခဒိန်တွင်ကျောင်းသား၊ကျောင်းသူများ၏ စွမ်းဆောင်မှုများကို ထုတ်ဖော်ဂုဏ်ပြုနိုင်ရေးအတွက် ၁၉၉၈-၁၉၉၉ ပညာသင်နှစ်မှစ၍ နှစ်စဉ် ဇန်နဝါရီ ၃ ရက်ကို ပညာရေးစုံညီပွဲတော်နေ့အဖြစ်သတ်မှတ်ပြီး ဆုချီးမြှင့်ပွဲ၊ စွမ်းရည်ပြပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို တစ်နိုင်ငံလုံးတွင် ကျင်းပဆောင်ရွက်ခဲ့ကြကြောင်း၊ ကျောင်းသားလူငယ်များကို ကျောင်းသင်ဘာသာရပ်အပြင် လူတော်လူကောင်းတစ်ဦးအနေဖြင့် ဘဝတွင်ကြုံတွေ့ရမည့် ပြောဆိုဆက်သွယ်မှု၊ စီမံခန့်ခွဲမှု၊ လူမှုရေးတာဝန်သိတတ်ကျေပွန်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ ပြဿနာဖြေရှင်းတတ်မှု၊ မှန်ကန်စွာ ဆုံးဖြတ်ချက်ချနိုင်မှုစသည်တို့ကို ကျောင်းတွင်းလုပ်ငန်းများနှင့် လေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း။

လာမည့် ပညာသင်နှစ်များတွင်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် ပညာရေးကဏ္ဍမှ ဘက်စုံထူးချွန်ထက်မြက်သော အနာဂတ်သားကောင်း၊ သမီးကောင်းရတနာလေးများပေါ်ထွန်းလာအောင် ပညာရေးမိသားစုများအားလုံးနှင့် မိဘပြည်သူများ၊ ကျောင်းအကျိုးဆောင်များ အားလုံးဝိုင်းဝန်းပံ့ပိုးကူညီကြစေလိုကြောင်း ဖြင့် ပြောကြားသည်။

ယင်းနောက် အင်္ဂလိပ်နှင့်သင်္ချာစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးဇေယျာလင်းတို့က ဆုများချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက **"ရွှေမြန်မာ သာယာငြိမ်းချမ်း"**တေးသီချင်းဖြင့်လည်းကောင်း၊ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက **"ပန်းဥယျာဉ်ဝယ်"** တေးသီချင်း၊ ပျဉ်းမနားမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများက **"ရွှေမြန်မာ"** တေးသီချင်း၊ ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ကျောင်းသူလေးများက**"မလေးလက်ခတ်သံ"** တေးသီချင်း၊ ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက **"ထန်းရွက်ပုတီးလေး"**၊ **"ခေတ်ခြောက်ခေတ်"**၊ **"အောင်ပါစေ"** တေးသီချင်းများဖြင့် တေးသရုပ်ဖော် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ညွှန်ကြားရေးမှူးချုပ်များက ကမ္ဘာ့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ အက်ဘ်ဒယ်လ်မက်ဂျစ် တက်ဘ်ဘွန်းထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ မြန်မာပြည်သူများ ဆက်လက်အောင်မြင် တိုးတက်ပါစေကြောင်း အယ်လ်ဂျီးရီးယားအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် လှိုက်လှိုက်လှဲလှဲ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိအနေဖြင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းစေရေးဆောင်ရွက်သွားရန် အသင့်ရှိနေပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ နီပေါနိုင်ငံ သမ္မတ ရမ် ချန်ဒရာ ပေါ်ဒဲလ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မြန်မာနိုင်ငံ၏ ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူများအား မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။ ထို့ပြင် မြန်မာပြည်သူများဆက်လက်၍ တိုးတက်မှုနှင့် သာယာဝပြောမှုများရရှိပါစေကြောင်း မိမိကဆုမွန်ကောင်းပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကေ ပီ ရှာမာအိုလီထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မြန်မာနိုင်ငံ၏ ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူများအား နီပေါအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။ ဖော်ရွေသည့် မြန်မာပြည်သူများ ဆက်လက်၍ တိုးတက်မှုနှင့် သာယာဝပြောမှုများရရှိပါစေကြောင်း မိမိက ဆုမွန်ကောင်းပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ် မိုဟာမက် ရှီဘက် ရှာရစ်ဖ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပျော်ရွှင်ဖွယ် ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိတို့အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။

ပါကစ္စတန်နှင့် မြန်မာနိုင်ငံတို့သည် အပြန်အလှန်လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ဖြင့် ရင်းနှီးသည့်ဆက်ဆံရေးကို ထိန်းသိမ်းထားရှိပါသည်။ မိမိတို့အတူတကွ ကြိုးပမ်းအားထုတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် မိမိတို့ပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားအတွက် အကျိုးတူကဏ္ဍအားလုံး၌ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာအောင်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။

အခွင့်ကြုံခိုက် မိမိအနေဖြင့် အဆွေတော်ကျန်းမာပျော်ရွှင်ပြီး အဆင်ပြေပါစေကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြည်သူများ ဆက်လက်တိုးတက်၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်စန္ဒား လူကာရှန့်ကိုထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

ကိုလိုနီနယ်ချဲ့အောက်မှ လွတ်မြောက်ခဲ့ပြီး နှစ်ပေါင်း ၇၇ နှစ်ကျော်ကာလတွင် အဆွေတော်တို့၏ မြန်မာနိုင်ငံသည် စိန်ခေါ်မှုများကြားမှ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့၌ သိသာထင်ရှားသည့် တိုးတက်မှုများရရှိခဲ့ပြီး အချုပ်အခြာအာဏာနှင့် လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာ၊ လူသားချင်းစာနာထောက်ထားမှု စသည့်ကဏ္ဍများတွင် ဘယ်လာရုစ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှု၏ အလားအလာကောင်းများကို မြှင့်တင်ရန်နှင့် နှစ်နိုင်ငံ ပိုမိုနီးကပ်လာစေရန် အခွင့်အလမ်းသစ်များကို ရှာဖွေသွားရန် မိမိအနေဖြင့် စိတ်ပါဝင်စားလျက်ရှိသည်ကို ပြောကြားလိုပါသည်။

အဆွေတော်ကျန်းမာ၍ အောင်မြင်မှုများဆက်လက်ရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများ ငြိမ်းချမ်း၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရိုမန် ဂိုလော့ဗ်ချန်ကိုထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ဘယ်လာရုစ်နိုင်ငံအစိုးရကိုယ်စားလည်းကောင်း၊ မိမိကိုယ်စားလည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ကြောင်း လှိုက်လှဲစွာပြောကြားလိုပါသည်။

နိုင်ငံတိုင်းသည် အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းတွင် ဂုဏ်သိက္ခာရှိသည့် နေရာတစ်နေရာရရှိပြီး ၎င်းတို့၏ သဘောဆန္ဒကို ထုတ်ဖော်ပြောကြားခွင့်ရှိသော သာတူညီမျှရှိသည့်ကမ္ဘာအစီအစဉ်အတွက်နှင့် မိမိတို့ပြည်သူများ၏ အကျိုးစီးပွားနှင့်အညီ လွတ်လပ်၍ အမှီအခိုကင်းသည့် လမ်းကြောင်းအတွက် မိမိတို့နိုင်ငံများသည် ယုံကြည်မှုဖြင့် ပေါင်းစည်းညီညွတ်လျက်ရှိပါသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် အဆင့်အသီးသီးတွင် ထိတွေ့ဆက်ဆံမှုများ မြှင့်တင်သွားပြီး နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်နိုင်ရန် ဆန္ဒရှိပါသည်။

နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေး၏ တည်ရှိပြီးဖြစ်သည့် အခြေခံယန္တရားများကို အတတ်နိုင်ဆုံး အကျိုးရှိစွာ အသုံးချရန် အရေးကြီးသည်ဟု မိမိအနေဖြင့် ထင်မြင်ပါသည်။ အဆွေတော်အနေဖြင့် ဘယ်လာရုစ်-မြန်မာ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ အစည်းအဝေးကျင်းပနိုင်ရေးအတွက် ကူညီပေးနိုင်ရန် မျှော်လင့်ပါသည်။ နှစ်နိုင်ငံ ပူးတွဲစီမံကိန်းများကို အကောင်အထည်ဖော်ခြင်းနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ခြင်းတို့ဖြင့် နှစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများ ဆက်လက်ရရှိရေးအတွက် အထောက်အပံ့ဖြစ်စေမည်ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများ၏ သာယာဝပြောရေးကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

အဆွေတော်၏ အစီအစဉ်များအားလုံး အောင်မြင်စွာအကောင်အထည်ဖော်နိုင်ပြီး ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်လျက် အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဆရာများနေ့အထိမ်းအမှတ် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာဆုရရှိသူများ၊ National ICT Awards-2024 (Educational Project and skills Competition) ပြိုင်ပွဲဆုရရှိသူများ၊ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အထက်တန်းအဆင့်စာစီစာကုံး ဆုရရှိသူများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အမှတ်စဉ်(၇၃) စစ်ရေးပြထုးချွန်ဆုနှင့် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT)တွင် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ(အလက-၃)၏ သိပ္ပံဘာသာရပ်ဆိုင်ရာ သင်ထောက်ကူပြခန်း၊ ဇေယျာသီရိမြို့နယ်နှင့် နေပြည်တော်ကိုယ်ပိုင်ကျောင်းအသင်းမှ သင်ရိုးသစ်သင်ထောက်ကူပြခန်း၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြခန်း၊ စွန့်ဦးတီထွင်ပြခန်းတို့ကို ကြည့်ရှုလေ့လာ အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**❑ အားကစားပြိုင်ပွဲမှအဆက်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို ရမှတ် ၁၄ မှတ် ခြောက်မှတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းကို ရမှတ် ၂၅ မှတ် ငါးမှတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အမျိုးသမီးလွန်ဆွဲ တတိယလုပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသားလွန်ဆွဲ တတိယလုပွဲတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးလွန်ဆွဲဗိုလ်လုပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊အမျိုးသားလွန်ဆွဲဗိုလ်လုပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲတွင် ပထမဆုရရှိသော နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ တတိယဆုရရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊စတုတ္ထဆုရရှိသော ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ အမျိုးသားလွန်ဆွဲပြိုင်ပွဲတွင် ပထမဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ဒုတိယဆုရရှိသော နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ တတိယဆုရရှိသောအားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ စတုတ္ထဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ အမျိုးသမီးလွန်ဆွဲပြိုင်ပွဲတွင် ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသော အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ တတိယဆုရရှိသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် စတုတ္ထဆုရရှိသော ပြည်ထောင်စုရာထူးဝန်အသင်းတို့ကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမင်းသိန်း၏၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ရှေ့ဖုံးမှအဆက်**

ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့သည် တစ်အူထုံ့ဆင်းသွေးသားရင်းပမာချစ်ကြည်လေးစားကြလျက်တစ်မြေတည်းနေ တစ်ရေတည်းသောက်ကာ အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာနေထိုင်ခဲ့ကြပါသည်။

ဤသို့နေထိုင်ခဲ့ကြရာမှ ကိုလိုနီနယ်ချဲ့သမားများက သယံဇာတပေါကြွယ်ဝသည့် မြန်မာနိုင်ငံကို ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်၊ ၁၈၈၅ ခုနှစ်တို့တွင် မတရားကျူးကျော်စစ် သုံးကြိမ်တိုင်တိုင် ဆင်နွှဲခဲ့ပြီးနောက် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို လက်လွှတ်ဆုံးရှုံးခဲ့ရပါသည်။

ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကိုလိုနီနယ်ချဲ့သမားများနှင့် ဖက်ဆစ်တို့ကို အမျိုးသားရေးဇာတိမာန်အရင်းခံသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် သွေးစည်းညီညွတ်စွာတွန်းလှန်တိုက်ထုတ်ခဲ့ခြင်းကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးရရှိကာ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်နိုင်ခဲ့သည်မှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ၇၇ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်သောအချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်ခဲ့ပါသော်လည်း နယ်ချဲ့သမားတို့ သွေးခွဲချန်ထားရစ်ခဲ့သော မီးကြွင်းများတညီးညီးတောက်လောင်ခဲ့သည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများအဆုံးသတ်နိုင်ရန်၊ နိုင်ငံရေးပြဿနာကိုစစ်ရေးဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးကို တည်ဆောက်ရန်အတွက် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ တပ်မတော်အနေဖြင့် တစ်ဖက်သတ်အပစ်အခတ်ရပ်စဲကြောင်းကို အကြိမ်ပေါင်းများစွာ ထုတ်ပြန်ကြေညာခဲ့ပြီး နိုင်ငံတော်အစိုးရအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်သော တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ရန် ဖိတ်ခေါ်မှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ သို့သော်လည်း NCAတွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(EAO)အချို့သည် NCAပါ ကတိကဝတ်များကိုလိုက်နာမှုမရှိဘဲချိုးဖောက်နေကြသည်ကိုလည်း တွေ့ရှိနေရပါသည်။

မြန်မာနိုင်ငံတွင်ဖြစ်ပေါ်လျက်ရှိသော ပဋိပက္ခများနှင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများမှာနိုင်ငံရေးအမြင်မတူညီမှုများကို အခြေခံသကဲ့သို့ တသီးတခြားရပ်တည်လိုစိတ်နှင့် အတ္တအကျိုးစီးပွားကိုသာရှေ့တန်းတင်ခဲ့ခြင်းကြောင့်လည်း ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။ နယ်မြေဒေသအသီးသီးတွင် လက်နက်ကိုင်သောင်းကျန်းသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များပျက်သုဉ်းကာ ဆင်းရဲဒုက္ခရောက်ခဲ့ကြရပါသည်။ အကြမ်းဖက်မှုများ၏ နောက်ကွယ်တွင် အမျိုးမျိုးသောပံ့ပိုးမှုများပါဝင်ပတ်သက်နေသည်ကိုလည်း နိုင်ငံသားတိုင်း သတိချပ်သင့်ကြပါသည်။

နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် အဖွဲ့များအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် ကမ်းလှမ်းဖိတ်ခေါ်လျက်ရှိပါသည်။ လက်နက်ကိုင်အကြမ်းဖက်တောင်းဆိုမှုများအပေါ် လိုက်လျောဖြေရှင်းပေးသွားမည်မဟုတ်ကြောင်းကိုလည်း အတိအလင်းကြေညာထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကိုဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားကြရန်"တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

မြန်မာတိုင်းရင်းသားတို့သည် အရေးကြီးသည့်အခါ သွေးနီး၍အရေးကြုံတော့သွေးဆုံကာပြည်နယ်၊ ပြည်မမခွဲခြားဘဲ တစ်သွေးတစ်သားတည်းတစ်အူထုံ့ဆင်းဆွေမျိုးရင်းစိတ်ဓာတ်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ကြပါသည်။ ပြည်ထောင်စုစိတ်ဓာတ်သည် အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် အရင်းခံဖြစ်သကဲ့သို့ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ရေး၏ အခြေခံအုတ်မြစ်လည်းဖြစ်ပါသည်။

ယနေ့ကမ္ဘာ့ရေးရာအခြေအနေများမှာ လွန်စွာနက်နဲရှုပ်ထွေးလာနေသောကြောင့် နိုင်ငံသူ၊ နိုင်ငံသားတို့၏ စည်းလုံးညီညွတ်မှုအားဖြင့်သာ ရင်ဆိုင်နိုင်မည်ဖြစ်ပါသည်။ "နွားကွဲလျှင် ကျားဆွဲ"ဟူသောစကားပုံရှိပါသည်။တိုင်းရင်းသားလူမျိုးပေါင်းစုံစုပေါင်းနေထိုင်လျက်ရှိကြသော မြန်မာနိုင်ငံတွင် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများ၊ ရပ်ရွာပြည်သူလူထုကို အကြောက်တရားကိန်းအောင်းစေရန် အနိုင်ကျင့်ဗိုလ်ကျမှုများ၊ တရားဥပဒေစိုးမိုးမှုနှင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားပျက်စီးအောင် အဖျက်အမှောင့်လုပ်ငန်းဆောင်ရွက်မှုများသည် နိုင်ငံတော်ကို အားအင်ချည့်နဲ့စေကာ နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိပါးစေနိုင်ပါသည်။ **အမိမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့နေစေရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်ကြရန် အရေးကြီးပါသည်။ခေတ်အဆက်ဆက် အသက်၊ သွေး၊ ချွေး များရင်းနှီးပေးဆပ်ခဲ့သော မြန်မာ့တပ်မတော်နှင့် မျိုးချစ်ပြည်သူများက ဦးဆောင်ဆင်နွှဲနေသည့် တရားသောစစ်အောင်မြင်ရေးအတွက် ပြည်သူ တစ်ရပ်လုံးက ယုံကြည်စွာဝန်းရံပေးကြရန် လိုအပ်**ပါသည်။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းရေးမှာ ပြည်ထောင်စုသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်သောကြောင့် "နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားကြပါရန်" အလေးအနက်တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပရန်ဖြစ်ပါသည်။ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိဆောင်ရွက်ခဲ့ပြီး တိကျမှန်ကန်သည့် အတည်ပြုလူဦးရေစာရင်းကို ဆက်လက်ပြုစု၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ မဲပေးပိုင်ခွင့်ရှိသူ မဲစာရင်းပြုစုနိုင်ရေးပေးပို့သွားရန် ဆောင်ရွက်လျက်ရှိပါသည်။ စည်းစနစ်ကျနသည့်၊ တရားမျှတပြီး သိက္ခာရှိသည့်အထွေထွေရွေးကောက်ပွဲဖြစ်စေရေးနှင့် ရွေးကောက်ပွဲမှထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားလိုပါသည်။

"စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး" အတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အမိမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့တည်တံ့နေစေရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြရန် အရေးကြီး၊ ခေတ်အဆက်ဆက် အသက်၊ သွေး၊ ချွေးများရင်းနှီးပေးဆပ်ခဲ့သော မြန်မာ့တပ်မတော်နှင့် မျိုးချစ်ပြည်သူများက ဦးဆောင်ဆင်နွှဲနေသည့် တရားသောစစ်အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးက ယုံကြည်စွာ ဝန်းရံပေးကြရန်လိုအပ် . . .**

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများကို အခက်အခဲအကျပ်အတည်းများကြုံတွေ့ရပါက ရပ်တန့်နေ၍မရဘဲ ရှေ့သို့ဆက်လက်လှမ်းချီနေရမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးသည် စီးပွားရေးပင်ဖြစ်သည်ဟုခံယူကာ ပြည်သူများစားဝတ်နေရေးပြေလည်မှုမှတစ်ဆင့် လူနေမှုအဆင့်အတန်းမြင့်မားလာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် အဓိကရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံ့စီးပွားကောင်းမွန်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသော ကုန်ထုတ်စွမ်းအားကို ဦးစားပေးမြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့်စက်မှုလုပ်ငန်းများကိုပိုမိုလည်ပတ်စေနိုင်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သောကြောင့် နိုင်ငံ၏ GDP တိုးတက်လာနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ့လူဦးရေ ၅၀ ရာခိုင်နှုန်းခန့်၏ လူမှုဘဝများဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကိုပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေးအတွက် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိပါသည်။

တိုင်းပြည်တစ်ပြည်တိုးတက်ရေး၏ အခြေခံလိုအပ်ချက်မှာ ပညာတတ်များပေါကြွယ်ဝခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်ပေရာ အသိပညာ၊ အတတ်ပညာပြည့်စုံသော လူသားအရင်းအမြစ်များပျိုးထောင်နိုင်ရေးအတွက် လူတိုင်းအနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်ရန် မသင်မနေရပညာရေးစနစ်ကိုအကောင်အထည်ဖော်လျက်ရှိပါသည်။ KG+9တက်ရောက်အောင်မြင်ပြီးပါက အခြေခံပညာစိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများသို့ တက်ရောက်နိုင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များသို့ ဆက်လက်တက်ရောက်ပညာသင်ယူခွင့်ရရှိမည်ဖြစ်ပါသည်။

"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း ပြည်တွင်းစီးပွားရေးအား၊ ပြည်တွင်းနိုင်ငံရေးခိုင်မာမှုအင်အား၊ ပြည်တွင်းကာကွယ်ရေးစွမ်းပကားဟူသော အားသုံးအားကို ကြိုးစားတည်ဆောက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်၍ "ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ရပ်လုံး၏ စုပေါင်းအားဖြင့် ဆောင်ရွက်ကြပါရန်" တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ "ရှေ့သို့ချီမည်ပန်းတိုင်ဆီ"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးကိုရှေးရှုပြီး ပိုမိုကောင်းမွန်သောနိုင်ငံတော်နှင့် လူမှုစီးပွားဘဝများကို ကြိုးစားတည်ဆောက်ပေးသွားမည်ဖြစ်ပါသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ကိုဖွဲ့စည်းပြီး အဂတိလိုက်စားမှုများ လျော့နည်းပပျောက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင်ပုံစံအမျိုးမျိုးနှင့် ဖြစ်ပွားနိုင်သဖြင့် ဝန်ထမ်းများအနေဖြင့်ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာဆောင်ရွက်ရန်၊ကျောသားရင်သားမခွဲခြားဘဲ မျှတစွာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထို့ပြင် တာဝန်ထမ်းဆောင်ရာ၌ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာလိုက်နာဆောင်ရွက်ရန်တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးက ဆွေးနွေးပွဲများကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ အဂတိလိုက်စားမှုအဓိပ္ပာယ်ဖွင့်ဆိုချက်၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာများ သိရှိရန် လိုအပ်မှုနှင့် ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများကအဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်ရခြင်းအကြောင်းအရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(Corruption Prevention Unit-CPU) များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ ကြုံတွေ့ရသည့်အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



| ထူးခြားသည့် ညအပူချိန်များ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၃-၁-၂၀၂၅ | | | | | နမ့်စန် | ၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မြစ်ကြီးနား | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ပင်လောင်း | ၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | လွိုင်လင် | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | တောင်ကြီး | ၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်း | ၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲများ ကျင်းပ



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ထူးချွန်ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။


တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၃**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲများကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ပဲခူးတိုင်းဒေသကြီး ကေတုမတီမြို့သစ်ရှိ အခြေခံပညာအလယ်တန်းကျောင်း၌လည်းကောင်းပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးများနှင့်တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျောင်းသား၊ကျောင်းသူများက စုံညီပွဲတော်သီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။ ထို့နောက် တိုင်းမှူးများက အဖွင့်အမှာစကားများအသီးသီးပြောကြားကြပြီး ပညာရေးစုံညီပွဲတော်အတွက် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် စာပေနှင့်ဖွံ့ဖြိုးရေးထူးချွန်ဆုရရှိသူများ၊အတန်းစဉ်ဆုရရှိသူများ၊လူရည်ချွန်ဆုရရှိသူများ၊စွမ်းရည်ပြိုင်ပွဲများ၌ဆုရရှိကြသူများ၊ ထူးချွန်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့်ဂုဏ်ထူးရရှိအောင် သင်ကြားပေးကြသည့် ဆရာ၊ ဆရာမများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ၎င်းနောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံတို့၌တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)


ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှု ခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားစဉ်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ငွေကျပ်သိန်း ၄၈၀၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၆၀ ဖမ်းဆီးရမိ


ပြစ်မှုကျူးလွန်သူကို သိမ်းဆည်းရမိသည့် မော်တော်ယာဉ်၊ အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃၀ ရက် ညနေ ၃ နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ကျိုင်းဖောင်းကျေးရွာအနီးတွင် မိုင်းပျဉ်းမှ ကျိုင်းတုံဘက်သို့ စိုင်းထွန်းကျော်က မောင်းနှင်လာသည့် TOYOTA ALPHARD မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်၏ကြမ်းခင်းအံ့ဝှက်အတွင်း သိုဝှက်သယ်ဆောင်လာသည့် ကာလတန်ဖိုးငွေကျပ်သိန်း ၄၈၀၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၆၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို မိုင်းပျဉ်းမြို့နယ်မှ တာချီလိတ်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိသည့် ငါန်းဇွန်မြို့နယ် ကုလားကျေးရွာအတွင်း ဝင်ရောက်ရှင်းလင်းစဉ် ဖောက်ခွဲရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည့် ဖြစ်စဉ်နေရာပြပုံ။




ရည်ညွှန်းချက်

| | |
|---|---|
| ● | ဖောက်ခွဲရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများသိမ်းဆည်းရရှိသည့် နေရာ |






PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိသည့် ငါန်းဇွန်မြို့နယ် ကုလားကျေးရွာအတွင်း ဝင်ရောက်ရှင်းလင်းစဉ် ဖော်ထုတ်ဖမ်းဆီးရမိသည့် ၎င်းတို့အသုံးပြုလျက်ရှိသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။

☆ ကျောဖုံးမှအဆက်

ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၊ နေအိမ်များ အတွင်း၌ သိုဝှက်သိမ်းဆည်းခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေဖော်ထုတ်သိမ်းဆည်းခြင်းများအပါအဝင် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရှာဖွေဖော်ထုတ်ဆောင်ရွက်လျက်ရှိစဉ် နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသောလုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ဆောင်မှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူအချို့၏ လျှို့ဝှက်ဆက်သွယ် သတင်းပေးပို့မှုအရ NUG၊ CRPH တို့၏ ဆက်သွယ်ညွှန်ကြားမှုဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများသည် ငါန်းဇွန်မြို့ အနောက်ဘက် မီတာ ၈၅၀၀ ခန့်အကွာ ကုလားကျေးရွာအတွင်း၌ ခိုအောင်းနေထိုင်ပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိကြောင်းနှင့် လက်နက်၊ ခဲယမ်းများသိုဝှက်သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂ ရက် ည ၁၁ နာရီခန့်တွင် အဆိုပါကျေးရွာအတွင်းသို့ ရုတ်ခြည်းထိုးဖောက်ဝင်ရောက်တိုက်ခိုက်၍ လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ကျေးရွာအတွင်း ခိုအောင်းနေထိုင်လျက်ရှိသည့် PDF အမည်ခံအကြမ်းဖက်သမားနှင့် ရင်ဆိုင်ထိတွေ့မှုများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားသုံးဦးကို အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ကာ ၎င်းတို့ခိုအောင်းနေထိုင်လျက်ရှိသည့်နေအိမ်နှင့်စာသင်ကျောင်းအတွင်းမှ ဖောက်ခွဲဖျက်ဆီးရေးဆက်စပ်ပစ္စည်းများ၊ ၎င်းတို့အသုံးပြုလျက်ရှိသည့် ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းစာတန်းပါ NIS SAN XTRAIL အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် Hijet အမျိုးအစား မော်တော်ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် ယခင်ကလည်း အုပ်ချုပ်မှုခက်ခဲပြီး အလှမ်းကွာဝေးသည့် မြို့ရွာအချို့တို့သို့ ဝင်ရောက်၍ လက်နက်အားကိုးဖြင့် အနိုင်ကျင့်ကာ စာသင်ကျောင်းများအပါအဝင် ဌာနဆိုင်ရာအဆောက်အအုံများ၊ ပြည်သူလူထုတို့၏နေအိမ်များအတွင်းသို့ဝင်ရောက်နေရာယူ၍ အတွင်း၊အပြင်၌ ခြံစည်းရိုးပတ်လည်အား သံအိတ်များကာရံခြင်း၊မိုင်းများထောင်ထားခြင်း၊ သံအိတ်ဘန်ကာများ တည်ဆောက်ခြင်း၊ အကြမ်းဖက်လေ့ကျင့်ရေးကွင်းများ ဖောက်လုပ်ခြင်းများပြုလုပ်ကာ အခိုင်အမာစခန်းတည်ဆောက်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ရန် ကြိုးပမ်းခဲ့သည့်ဖြစ်စဉ်များလည်းရှိခဲ့ပြီး တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်တားဆီးနိုင်ခဲ့မှုများနှင့် အကြမ်းဖက်သမားများအနေဖြင့် ပရဟိတလုပ်ငန်းခေါင်းစဉ်အကြောင်းပြ၍ အဆိုပါယာဉ်များအသုံးပြုကာ လက်နက်၊ ခဲယမ်းများ သယ်ဆောင်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကို သယ်ယူပို့ဆောင်ခြင်းဆောင်ရွက်လျက်ရှိမှုများကိုလည်း သတင်းများ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အကြမ်းဖက်သမားများအနေဖြင့် ထိုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သော ပြည်သူလူထုတို့၏ နေအိမ်များ၊ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရေးအတွက် အသုံးပြုနေသည့် စာသင်ကျောင်းများကို အသုံးချကာ ခိုအောင်းနေထိုင်ခြင်း၊ လက်နက်၊ ခဲယမ်းများ သိုဝှက်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျောင်းနေအရွယ် ကလေးငယ်များ၏ ပညာသင်ယူခွင့်ကို ထိခိုက်နစ်နာစေရုံသာမက ဒေသဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုသည့် ပညာရည်မြင့်မားမှုကို ပိတ်ပင်ဖျက်ဆီးမှုဖြစ်သဖြင့် ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ကြောင်းနှင့် အဆိုပါသိမ်းဆည်းရမိ ဆက်စပ်ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် လက်ခံမှုမရှိဘဲ ၎င်းတို့၏ လှုပ်ရှားမှုသတင်းများအား အချိန်မီပေးပို့ခဲ့မှုကြောင့်သာ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်မည့် အကြမ်းဖက်သမားများနှင့် လက်နက်၊ ခဲယမ်းများကို ယခုကဲ့သို့အချိန်မီဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာသတင်းပေးပို့ခြင်းဖြင့် ရပ်ရွာတည်ငြိမ်အေးချမ်းအတွက် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဖဝ၁)



PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိသည့် ငါန်းဇွန်မြို့နယ် ကုလားကျေးရွာအတွင်း ဝင်ရောက်ရှင်းလင်းစဉ် ဖော်ထုတ်ဖမ်းဆီးရမိသည့် အကြမ်းဖက်သမားများ၏ အလောင်းအား တွေ့ရစဉ်။

## နွားထိုးကြီးမြို့နယ် ဝက်လူးအရှေ့ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးခဲ့ရသည်ဟု သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ

နေပြည်တော် ဇန်နဝါရီ ၃

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဝက်လူးအရှေ့ကျေးရွာကို ဒီဇင်ဘာ ၃၁ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များမှ




လက်နက်ကြီးပစ်ခတ်မှုကြောင့် ကလေးငယ် သုံးဦးအပါအဝင် ဒေသခံပြည်သူခုနစ်ဦးသေဆုံးခဲ့ကာ ၁၀ ဦးထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက တစ်ဖက်သတ်လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းမှားများဖြင့် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဝက်လူးအရှေ့ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့ခြင်းမရှိကြောင်း၊ PDFအမည်ခံအကြမ်းဖက်သမားများက ဝက်လူးအရှေ့ကျေးရွာအနီးဝန်းကျင်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် နှစ်ဖက်ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ၎င်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများ၏ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများက နွားထိုးကြီးမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှုမရှိစေရန်အတွက် ကျေးရွာများကို လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ လမ်းသွားလမ်းလာပြည်သူများကို နှောင့်ယှက်ပစ်ခတ်ခြင်းနှင့် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်းများတွင် မိုင်းထောင်ဖောက်ခွဲခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (ဖဝ၁)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Nay Htet Aung" Telegram အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဖြူကြီးကျေးရွာနေ နေထက်အောင်(ခ)မောင်ဆပ်အား မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တွင် ကျောက်ပန်းတောင်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဖဝ၁)

**အောင်ကြည်ညွန့်(တက္ကသိုလ်)**

# ဒဿနိကဗေဒ ပါမောက္ခဆရာကြီး နန္ဒာသိန်းဇံ



ပါမောက္ခဆရာကြီး နန္ဒာသိန်းဇံ

စာရေးသူလေးစားအားကျရသော စာရေးဆရာများတွင် ပါမောက္ခဆရာကြီး နန္ဒာသိန်းဇံလည်း တစ်ယောက်အပါအဝင်ဖြစ်သည်။ ဆရာရေးသားသောစာပေများကို လေးစားတန်ဖိုးထားသကဲ့သို့ ပုဂ္ဂိုလ်ရေးအရလည်း ကြည်ညိုလေးစားသည်။ ဆရာသည် တက္ကသိုလ်ဆရာတစ်ဦးဖြစ်ပြီး ဒဿနနှင့်ဆိုင်သော စာပေများ၊ ဗုဒ္ဓဘာသာအတွေးအခေါ် အယူအဆစာပေများကို ၂၀ အုပ်မျှ ရေးသားခဲ့ပြီး အတွေးအခေါ်ဆိုင်ရာ သုတေသနစာတမ်းများလည်း ပြုစုဖတ်ကြားခဲ့သည်။

ဆရာနှင့် စာပေပွဲတစ်ခုတွင် မိတ်ဆွေတစ်ဦးက မိတ်ဆက်ပေးရာမှ စတင်သိခဲ့ရခြင်းဖြစ်သည်။ သို့သော် ဆရာ့ကို လူချင်းမတွေ့မီကတည်းက ဆရာ၏တန်ဖိုးအလွန်ရှိသော စာပေများကြောင့် ခင်မင်လေးစားပြီးသားဖြစ်သည်။ **'ဘဝအဓိပ္ပာယ်နှင့်ဘဝသစ္စာ'**စာအုပ်သည် ဆရာ၏အပြောင်မြောက်ဆုံးလက်ရာဟု ဆိုရလောက်သည်။ ထိုစာအုပ်သည် အကြိမ်ကြိမ်ပြန်ရိုက်ရသောစာအုပ်လည်းဖြစ်သည်။ ဆရာကြီး ဦးသန်းထွတ်ပြောပြချက်အရ အဆိုပါစာအုပ်သည် ပါမောက္ခဆရာကြီး နန္ဒာသိန်းဇံ၏ မဟာဝိဇ္ဇာဘွဲ့အတွက် ၁၉၇၅ ခုနှစ်က တင်သွင်းသောကျမ်းဖြစ်ကြောင်း သိရသည်။ ပါမောက္ခဆရာကြီး နန္ဒာသိန်းဇံကို လေးစားဂုဏ်ပြုသောအားဖြင့် ဤဆောင်းပါးကို ရေးသားရခြင်းဖြစ်သည်။

ထင်ရှားသောကျမ်းပြုဆရာ စာရေးဆရာနန္ဒာသိန်းဇံသည် ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ဇာတိဖြစ်သည်။ မိဘနှစ်ပါးမှာ ဦးညီကွန်း၊ ဒေါ်ဟန်တင်ဖြစ်သည်။ ဆရာနန္ဒာသိန်းဇံကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက် သောကြာနေ့တွင် မွေးဖွားခဲ့သည်။ သားသုံးယောက်အနက် အငယ်ဆုံးသားဖြစ်သည်။

ဆရာသည် ၁၉၅၃ ခုနှစ်မှ ၁၉၆၂ ခုနှစ်ထိ ပေါင်းတည်မြို့ မြို့မအလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် အထက်တန်းစာမေးပွဲကို ပဲခူးတိုင်းတစ်တိုင်းလုံးတွင် ပထမအဆင့်ဖြင့် အောင်မြင်ခဲ့သည်။

၁၉၆၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို ဒဿနိကဗေဒအဓိကဖြင့်ရခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကိုရရှိခဲ့သည်။ မဟာဝိဇ္ဇာဘွဲ့အတွက်တင်သွင်းသောကျမ်းမှာ ဗုဒ္ဓယဉ်ကျေးမှုအထူးပြုကျမ်းဖြစ်၍ နောင်အခါ 'ဘဝအဓိပ္ပာယ်နှင့်ဘဝသစ္စာ'စာအုပ်အဖြစ် ထင်ရှားခဲ့သည်။

အဆိုပါကျမ်းကို စာအုပ်အဖြစ် ထုတ်ဝေရာတွင် ဒဿနိကဗေဒဌာနပါမောက္ခ၊ ဆရာမကြီးဒေါ်ကြည်ကြည်လှက အမှာစာရေးသားပေးထားသည်။ ဆရာမကြီးက "စာရေးသူနန္ဒာသိန်းဇံသည် ဤစာအုပ်တွင် ဘဝနှင့်ပတ်သက်သောဗုဒ္ဓဒဿနရှိ အယူအဆတို့ကို အခြားသော အရှေ့တိုင်း၊ အနောက်တိုင်းပညာရှင်ကြီးများ၏ ယူဆချက်များနှင့် နှိုင်းယှဉ်ဖော်ပြထားပါသည်။ ဗုဒ္ဓဟောကြားခဲ့သည့် ဘဝ၏ သစ္စာတရားသည် မည်မျှတန်ဖိုးရှိသည်ကို အကဲဖြတ်သုံးသပ်ရာတွင်လည်း အခြားသော အမြင်များနှင့် ချိန်ထိုး၍ တင်ပြထားပေသည်" ဟူ၍ ရေးသားဖော်ပြထားသည်။

ပါမောက္ခဆရာကြီး နန္ဒာသိန်းဇံ၏ ဝန်ထမ်းဘဝကို လေ့လာကြည့်ရာတွင် နည်းပြဘဝမှ ပါမောက္ခအဆင့်အထိ တိုးတက်လာခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မှာပင် နည်းပြဆရာအဖြစ် ခန့်အပ်ခံရပါသည်။ နည်းပြဆရာဖြစ်ပြီး လေးလအကြာ မော်လမြိုင်တက္ကသိုလ်သို့ ပြောင်းရွှေ့ရသည်။ ၁၉၇၅ ခုနှစ်တွင် ထားဝယ်တက္ကသိုလ်၌ ဒဿနိကဗေဒဌာနမှူးအဖြစ် တစ်နှစ်တာဝန်ထမ်းဆောင်သည်။

၁၉၈၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ပြန်ရောက်ပြီး လက်ထောက်ကထိကရာထူးတိုးသည်။ ၁၉၈၆ ခုနှစ်တွင် ပုသိမ်တက္ကသိုလ်ကထိကဌာနမှူး တာဝန်ထမ်းဆောင်ရသည်။ ၁၉၈၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ပြောင်းရသည်။ မူလရာထူးဖြင့်ပင် ၁၉၉၆ ခုနှစ်၌ မော်လမြိုင်တက္ကသိုလ်သို့ ပြောင်းရွှေ့အမှုထမ်းသည်။

ဆရာသည် ၁၉၉၇ ခုနှစ်တွင် တွဲဖက်ပါမောက္ခရာထူးဖြင့် ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာနသို့ရောက်ရှိသည်။ ဆရာရောက်ရှိပြီး နောက်တစ်နှစ်ဖြစ်သော ၁၉၉၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာန၌ ပါရဂူတန်းဖွင့်လှစ်ရာ ဆရာသည် ပါရဂူတန်းတွင် ယဉ်ကျေးမှု၊ ဘာသာဗေဒ၊ အနုပညာဘာသာရပ်များ သင်ကြားပို့ချပေးခဲ့သည်။

နောင်ငါးနှစ်အကြာ ၂၀၀၃ ခုနှစ် ဧပြီ ၁၈ ရက်မှစ၍ ပါမောက္ခဌာနမှူးအဖြစ် ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည်။ ဆရာသည် ပါမောက္ခရာထူးဖြင့်ပင် ၂၀၀၇ ခုနှစ်၌ သက်ပြည့်အငြိမ်းစားယူခဲ့သည်။

ဆရာနန္ဒာသိန်းဇံသည် ၁၉၉၉ ခုနှစ်မှစ၍ ရန်ကုန်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဌာနတွင် စာပေပို့ချသင်ကြားပေးသည်။

ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် ဗုဒ္ဓစာပေနှင့် သက်ဆိုင်သော ဘာသာရပ်များ ပို့ချခဲ့သည်။

ဆရာနန္ဒာသိန်းဇံသည် စာပေလောကသို့ 'သိန်းဇံ' ဟူသောကလောင်အမည်ဖြင့် "မှတ်ဉာဏ်နှင့်အတွေးအခေါ်" ဆောင်းပါးသည် ပထမဆုံးပုံနှိပ်စာမူဖြစ်သည်။ ၁၉၆၃ ခုနှစ် နိုဝင်ဘာလ အတွဲ ၁၁ အမှတ် (၄) သင့်ဘဝမဂ္ဂဇင်းတွင် ဖော်ပြပါရှိသည်။ ဆရာ၏ ကလောင်ခွဲများမှာ 'စိတ်ခိုင်'၊ 'လွမ်းဝေ'တို့ဖြစ်သည်။ နောက်ပိုင်းတွင် နန္ဒာသိန်းဇံအမည်ဖြင့် ဒဿနစာပေများ ရေးသားသည်။

၂၀၀၄ ခုနှစ်သည် ဆရာ့အတွက် ထူးခြားသည့်နှစ်ဖြစ်သည်။ ထိုနှစ်တွင် ဆရာ့ကို နိုင်ငံတော်က သာသနာပြုဆိုင်ရာဘွဲ့တံဆိပ်တော်ဖြစ်သည့် "မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့" တံဆိပ်တော်နှင့် တစ်သက်တာဓမ္မစာပေဆုကိုလည်း ချီးမြှင့်ခဲ့သည်။

ဆရာနန္ဒာသိန်းဇံ ပြုစုခဲ့သောသုတေသနစာတမ်းများလည်း အမှတ်တရရှိခဲ့သည်။ ၎င်းတို့မှာ–

၁။ မြန်မာ့ကိုယ်ကျင့်တရားအမြင်နှင့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ ထိန်းသိမ်းခြင်း

၂။ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံရှိပညာသင်္ကေတကို အနုပညာဆိုင်ရာသင်္ကေတဝါဒမှ လေ့လာတင်ပြခြင်း

စသည်တို့ဖြစ်သည်။

**❖ဆရာသည် ၁၉၅၃ ခုနှစ်မှ ၁၉၆၂ ခုနှစ်ထိ ပေါင်းတည်မြို့ မြို့မအလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် အထက်တန်းစာမေးပွဲကို ပဲခူးတိုင်းတစ်တိုင်းလုံးတွင် ပထမအဆင့်ဖြင့် အောင်မြင်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို ဒဿနိကဗေဒအဓိကဖြင့် ရခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကိုရရှိခဲ့သည်။ မဟာဝိဇ္ဇာဘွဲ့အတွက် တင်သွင်းသောကျမ်းမှာ ဗုဒ္ဓယဉ်ကျေးမှု အထူးပြုကျမ်းဖြစ်၍ နောင်အခါ 'ဘဝအဓိပ္ပာယ်နှင့် ဘဝသစ္စာ' စာအုပ်အဖြစ် ထင်ရှားခဲ့သည်။ ❖**

တစ်ဆက်တည်းမှာပင် ဆရာပြုစုရေးသားခဲ့သောစာအုပ်များကိုလည်း စုစည်းတင်ပြပေးလိုက်ပါသည်။ ၎င်းတို့မှာ–

၁။ ဘဝအဓိပ္ပာယ်နှင့်ဘဝသစ္စာ

၂။ ကိုယ်ကျင့်တည်ကြည်ခြင်းနှင့် အဆင့်မြင့်ခရီးစဉ်

၃။ စိတ်အဆင့်ဆင့်မြင့်တက်ခြင်းသဘော

၄။ အတွေးအခေါ်တို့ လွင့်မျောခြင်းနှင့် လူ၏ ဆောက်တည်ရာ

၅။ ခရောင်းလမ်းကိုဖြတ်ကျော်ခြင်း

၆။ မိတ်ကောင်းဆွေကောင်းနှင့်ခရီးသွားခြင်း

၇။ ဖြေဆည်ရာ

၈။ ကြာ

၉။ စီးပွားရေးနှင့် စစ်ရေးဗျူဟာ

၁၀။ အသွင်သဏ္ဌာန်တို့၏နောက်ကွယ်၌

၁၁။ အရိမဒ္ဒနမှအတွေးအမြင်ရနံ့တို့ဝေ့ပျံ့နေဆဲ

၁၂။ တွေးချိန်ချင့်စရာ

၁၃။ မှန်သောစကားကိုဆိုခြင်းနှင့် ပတ်သက်သော မှတ်ချက်များ

၁၄။ နက္ခတ်ဗေဒင်နှင့် မြန်မာ့အတွေးအမြင် အစဉ်အလာ

၁၅။ ထေရဝါဒနှင့်ပတ်သက်သောမှတ်ချက်များ

၁၆။ မနက်ဖြန်များကို ဖြတ်သန်းနေသော စိတ်ကူးများ

၁၇။ ပြောရင်းပြောနေမည့်ချစ်ခြင်းမေတ္တာ

ဆရာနန္ဒာသိန်းဇံသည် ဒဿနဗေဒဆရာကြီးဖြစ်သည့်အားလျော်စွာ ဆရာ့ဒဿနကို တင်ပြထားသည်။

"လောကကြီးမှာ လူဟာ အရေးအကြီးဆုံးဖြစ်တယ်။ လူမှာလည်း ကိုယ်ကျင့်တရားနဲ့အသိပညာဟာ အရေးအကြီးဆုံးဖြစ်တယ်။ ကိုယ်ကျင့်တရားနဲ့ အသိပညာတို့ကြောင့် လူဟာလူဖြစ်နေရတယ်။

ဒဿနိကဗေဒသဘောတရားအမြင်ဟူ၍ အဘိဓာန်က အဓိပ္ပာယ်ဖွင့်သည်။

ဒဿနိကဗေဒကို အသိဉာဏ်ချစ်မြတ်နိုးသူဟူ၍ အနက်ပြန်ကြသည်။

ဆရာနန္ဒာသိန်းဇံကို အသိဉာဏ်ချစ်မြတ်နိုးသူ လောကအမြင်ရှိသူဟုဆိုက မှားမည်မထင်ပါ။ ဆရာနန္ဒာသိန်းဇံသည် သူ့တပည့်များ၊ သူ့စာဖတ်ပရိသတ်များကို အသိဉာဏ်အလင်းရောင်များ ဖွင့်ပေးခဲ့ပြီး ဆရာသည် အရွယ်ကောင်းစဉ် အသက် ၆၄ နှစ် ၂၀၁၁ ခုနှစ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ရသည်။

ပညာကြယ်တစ်ပွင့်ကြွေလွင့်သည်မှာ စောလေခြင်းဟူ၍ ရေးသားရင်း ဆရာ၏ပညာဂုဏ်၊ သမာဓိဂုဏ်ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၉၉၂ ဧက စိုက်ပျိုးပြီးစီး

**မအူပင် ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၉၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၉၉၂ ဧက စိုက်ပျိုးရန် လျာထားပြီး စက်တင်ဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မအူပင်မြို့နယ်မှာ ဗိုလ်ကိတ်ပဲ ၉၉၂ ဧက လျာထား စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာတော့ ဗိုလ်ကိတ်ပဲဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဗိုလ်ကိတ်ပဲတွေအပါအဝင် ဆောင်းသီးနှံတွေ အခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်" ဟု မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေး၊ မျိုးစေ့ရွေးချယ်မှုမှန်ကန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးသတ်ဆေးသုံးစွဲနည်းစနစ်များမှန်ကန်စေရေး၊ အပင်အားဆေးများ စနစ်တကျသုံးစွဲတတ်စေရေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့် အသိပညာပေးလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ သီးနှံများတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ၂၀၂၄ ခုနှစ်တွင် ၂၀၂၃ ခုနှစ်ကထက် ယူကရိန်း၌ ရုရှား၏နယ်မြေသိမ်းပိုက်နိုင်မှု ခုနှစ်ဆထိ မြင့်မားလာခဲ့



ရုရှားနိုင်ငံသည် ယူကရိန်းအထူးစစ်ဆင်ရေးတွင် စတုရန်းကီလိုမီတာ ၄၀၀၀ သိမ်းပိုက်ထားနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ၂၀၂၃ ခုနှစ်ကထက် ခုနစ်ဆထိ မြင့်မားလာခဲ့ခြင်းဖြစ်ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှား၏ ယူကရိန်းအထူးစစ်ဆင်ရေး စတင်ခဲ့သည်မှာ သုံးနှစ်ခန့် ဝင်ရောက်လာသည်နှင့်အမျှ အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့်လက်ထက် ယူကရိန်းနိုင်ငံသို့ အမေရိကန်ထံမှအကူအညီများ ဆက်လက်ပေးအပ်နိုင်မှုတွင် မသေချာမရေရာမှုများနှင့်အတူ ၂၀၂၅ ခုနှစ်သို့ ရောက်ရှိလာခဲ့ရာ အဆိုပါကိန်းဂဏန်းများသည် ယူကရိန်းအတွက် ဖိအားများလည်းဖြစ်သည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် စတုရန်းကီလိုမီတာ ၆၁၀၊ နိုဝင်ဘာလတွင် ၇၂၅ စတုရန်းကီလိုမီတာ သိမ်းပိုက်နိုင်ခဲ့ကြပြီး ရုရှားတပ်ဖွဲ့များ နယ်မြေသိမ်းပိုက်မှုများ ပြုလုပ်နိုင်ခဲ့မှုကို လေ့လာကြည့်လျှင် အများစုမှာ ဆောင်းဦးရာသီတွင် သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ထိုနှစ်လအတွင်း မြေသိမ်းတိုက်ပွဲများသည် ၂၀၂၂ ခုနှစ် ယူကရိန်းအထူးစစ်ဆင်ရေးစတင်လာကတည်းက အများဆုံး သိမ်းပိုက်နိုင်ခဲ့မှုလည်းဖြစ်သည်။ ဒီဇင်ဘာလအတွင်း စစ်ဆင်ရေးအရှိန်အဟုန် တုံ့နှေးသွားခဲ့ပြီး ၄၆၅ စတုရန်းကီလိုမီတာသာ သိမ်းပိုက်နိုင်ခဲ့သည်။ သို့သော် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလထက် လေးဆခန့်၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလထက် နှစ်ဆခွဲခန့် မြင့်မားနေသေးကြောင်း သိရသည်။

လက်ရှိ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် အစိုးရအဖွဲ့သည် ဒေါ်နယ်ထရန့်လက်သို့ မလွှဲပြောင်းမီ ယူကရိန်းအတွက် စစ်ရေးနှင့် ဘဏ္ဍာရေးအကူအညီ အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံခန့် ပေးအပ်ရန် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်က သမ္မတရာထူးရယူပြီးသည်နှင့် တစ်ရက်အတွင်း ယူကရိန်းပဋိပက္ခကို အဆုံးသတ်မည်ဟု ပြောကြားထားပြီး ငြိမ်းချမ်းရေးအလဲအလှယ်အတွက် ရုရှားတို့သိမ်းပိုက်ထားသည့် နယ်မြေအားလုံးကို ယူကရိန်းအနေဖြင့် စွန့်လွှတ်ရတော့မည့်အပေါ် စိုးရိမ်မှုများ မြင့်တက်လာခဲ့ကြကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ယူကရိန်းအထူးစစ်ဆင်ရေးစတင်ပြီးကတည်းက ရုရှားတပ်ဖွဲ့များသည် ယူကရိန်းတို့၏ စစ်ဘက်နှင့်စွမ်းအင်အခြေခံအဆောက်အအုံများကို ပစ်မှတ်ထား၍ ညအချိန်နှင့် အရုဏ်တက်အချိန်များတွင် လေကြောင်းမှတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။ ရုရှားတပ်ဖွဲ့များသည် ဒီဇင်ဘာ ၃၁ ရက် အစောပိုင်း၌ ယူကရိန်းနိုင်ငံတစ်ဝန်း နိုင်ငံအရှေ့ဘက်နှင့် မြို့တော်အနီးတို့ကို ပစ်မှတ်ထား၍ ဒရုန်းများ၊ ဒုံးကျည်များဖြင့် တာဝေးတိုက်ခိုက်မှုများ အောင်မြင်စွာ ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ကြောင်း ရုရှားနိုင်ငံ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

ယူကရိန်းအာဏာပိုင်များက မည်သည့်နေရာများ ထိမှန်ခဲ့သည်ကို ထုတ်ဖော်ပြောကြားထားခြင်းမရှိဘဲ မြို့တော်ကိယက်ဗ်တွင် နေရာအတော်များများ ထိမှန်ပေါက်ကွဲခဲ့ကြောင်း၊ ပြုတ်ကျလာသော ဒုံးကျည်အပိုင်းအစများကြောင့် နေအိမ်တစ်လုံး မီးလောင်ကျွမ်းကာ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံအုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ နေ့စဉ် ထုတ်ပြန်ချက်များအရ ယူကရိန်းတို့၏ စစ်ဘက်လေယာဉ်ကွင်းတစ်ခုနှင့် ခဲယမ်းထုတ်လုပ်ရေးစက်ရုံတစ်ရုံကို တိကျပဲ့ထိန်းလက်နက်များ၊ ဒရုန်းများဖြင့် ပေါင်းစပ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် သတ်မှတ်ထားသော ရည်မှန်းချက်များအတိုင်း အောင်မြင်စွာ တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ကြောင်းသိရသည်။

**Russian Advances in Ukraine Grew Seven-Fold in 2024, Data Shows** ကို ဘာသာပြန်ဆိုထားပါသည်။

## Aselsan ကုမ္ပဏီက လေကြောင်းရန်ကာကွယ်ရေးရေဒါစနစ်များပံ့ပိုးပေးနိုင်ရေး တူကီယဲတပ်မတော်နှင့် သဘောတူလက်မှတ်ရေးထိုး

တူကီယဲနိုင်ငံ Aselsan ကုမ္ပဏီသည် လေကြောင်းရန်ကာကွယ်ရေး ရေဒါစနစ်များ ပံ့ပိုးပေးရန်အတွက် တူကီယဲတပ်မတော်နှင့် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ သဘောတူညီချက်များသည် ၂၀၂၆ ခုနှစ်မှ ၂၀၃၁ ခုနှစ်အတွင်း ပို့ဆောင်ပေးနိုင်ရန် မျှော်မှန်းထားပြီး အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၄၉ သန်းခန့် တန်ဖိုးရှိကြောင်း တူကီယဲနိုင်ငံပိုင် ကာကွယ်ရေးကုမ္ပဏီ Aselsan က ထုတ်ဖော်ပြောကြားခဲ့သည်။ သဘောတူညီချက်နှင့်ပတ်သက်၍ နောက်ထပ် အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားထားခြင်း မရှိပေ။

သို့သော် လေကြောင်းရန်ကာကွယ်ရေးရေဒါစနစ် ALP-300G များ ဝယ်ယူဖြည့်တင်းရေးမှာ တစ်ခုအပါအဝင်ဖြစ်ပြီး အဆိုပါ လေကြောင်းရန်ကာကွယ်ရေးရေဒါစနစ်ကို ၂၀၂၂ ခုနှစ်တွင် စတင်ထုတ်လုပ်နိုင်ခဲ့ကာ ၂၀၂၄ ခုနှစ် မေလအတွင်း တူကီယဲတပ်မတော်သို့ စတင်လွှဲပြောင်းပေးပို့နိုင်ခဲ့သည်။ ယခု ထပ်မံပေးပို့သွားမည့် ရေဒါ စနစ်များသည် ယခင်ဗားရှင်းများထက် အကွာအဝေး၊ ပုံရိပ်ကြည်လင်ပြတ်သားမှုနှင့် တိကျမှုတို့တွင် များစွာသာလွန်ကြောင်း တူကီယဲနိုင်ငံ ကာကွယ်ရေးစက်မှုလုပ်ငန်း အတွင်းရေးမှူး Haluk Gorgun က ရှင်းလင်းပြောကြားခဲ့သည်။

မျိုးဆက်သစ် S-band ရေဒါအမျိုးအစား ALP-300G လေကြောင်းရန်ကာကွယ်ရေးရေဒါစနစ်သည် Air Breathing(လေရှူ)ပစ်မှတ်များ၊ ပဲ့ထိန်းဒုံးကျည်များ၊ ရေဒါဖျက်ဒုံးကျည်များနှင့် ကိုယ်ပျောက်ပစ်မှတ်များစသည်တို့ကို တာဝေးရှာဖွေထောက်လှမ်း၊ ခြေရာခံနိုင်စွမ်းရှိသည်။ AESA၊ Multi-Channel Receivers များနှင့်အတူ ဒစ်ဂျစ်တယ်အလင်းတန်းများ ဖွဲ့စည်းတည်ဆောက်ပုံသည် အာကာသအတွင်း တစ်ပြိုင်နက်တည်း အလင်းတန်းများ ထုတ်လွှတ်နိုင်စေသည်ဟု Aselsan ကုမ္ပဏီက ရှင်းလင်းပြောကြားခဲ့သည်။



မိုဘိုင်း(ယာဉ်တင်)စနစ်တွင် ရေဒါယာဉ်၊ ကွပ်ကဲမှုယာဉ်နှင့် ဓာတ်အားပေးစက်ယာဉ်တို့ ပါဝင်ဖွဲ့စည်းထားပြီး ရန်သူ၊ မိတ်ဆွေခွဲခြားရေးစနစ် တပ်ဆင်ထားကာ နိုင်ငံအတွင်းရှိ ရေဒါကွန်ရက်များ၊ နိုင်ငံတော်အဆင့်၊ NATO မဟာမိတ်အဖွဲ့တို့၏ ကြီးကြပ်ကွပ်ကဲမှုစနစ်များနှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များဖြင့် ချိတ်ဆက်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ အဆိုပါလေကြောင်းရန်ကာကွယ်ရေးရေဒါစနစ်ကို တိုက်ပွဲဝင်အသင့်ဖြန့်ကြက်အသုံးပြုရန် မိနစ် ၃၀ ခန့်သာ လိုအပ်မည်ဖြစ်သည်။

ဤသဘောတူစာချုပ်သည် တူကီယဲနိုင်ငံ၏ ပြည်တွင်းကာကွယ်ရေးစက်မှုလုပ်ငန်းကို အရှိန်မြှင့်တင်ရန် ကြိုးပမ်းအားထုတ်နေမှုများအပေါ် အားဖြည့်ပေးနိုင်ရုံမျှသာမက Aselsan ကုမ္ပဏီ၏ လေကြောင်းရန်ကာကွယ်ရေးရေဒါစနစ်များတွင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ညွှန်းပြသနေခြင်းဖြစ်သည်။ အထူးသဖြင့် ALP-300G လေကြောင်းရန်ကာကွယ်ရေးရေဒါစနစ်သည် ပဲ့ထိန်းဒုံးကျည်များနှင့် RCS နည်းပါးသော ကိုယ်ပျောက်ပစ်မှတ်များကို ထောက်လှမ်းနိုင်စွမ်းရှိခြင်းသည် တူကီယဲနိုင်ငံ စစ်ရေးစွမ်းအားစုများတွင် အဖိုးတန်ရေဒါ ဖြစ်လာစေနိုင်သည်။ တူကီယဲနိုင်ငံ၏ ကာကွယ်ရေးမဟာဗျူဟာတွင် ပိုမိုကျယ်ပြန့်သောလမ်းကြောင်းကို ဖော်ဆောင်နေခြင်းဖြစ်သကဲ့သို့ မိမိကိုယ်ကို အားကိုးမှုနှင့် အမျိုးသားလုံခြုံရေးအားကောင်းစေရန် ပြည်တွင်းထုတ်နည်းပညာများ တိုးတက်ဖွံ့ဖြိုးရေးအတွက် အာရုံစိုက်လုပ်ဆောင်မှုများ၏ ရလဒ်များပင်ဖြစ်ကြောင်း သိရသည်။

**Aselsan Signs Record Air Defense Radar Deal With Turkey** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

M L

# တနင်္ဂနွေနေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ ဥရောပပွဲစဉ်တွေထဲက ခြေစွမ်းပိုင်းကောင်းမွန်နေတဲ့ လန့်စ်အသင်း၊ ဖူလ်ဟမ်အသင်း၊ တိုရီနိုအသင်းတို့ကို ရွေးချယ်ရမှာပါ



ဒီတစ်ပတ်တနင်္ဂနွေနေ့ညမှာလဲ ပရီးမီးယားလိဂ်နဲ့ စီးရီးအေ၊ ပြင်သစ်စူပါကပ်၊ စပိန်ကိုပါဒယ်ရေး(၃၂)သင်းဆင့်၊ ပြင်သစ်လီဂူးပွဲစဉ် စတဲ့ဥရောပလိဂ်ပြိုင်ပွဲအသီးသီး ယှဉ်ပြိုင်ကစားဖို့ရှိတာကြောင့် အခုတစ်ပတ်မှာလဲ ပရိသတ်အကြိုက်တွေ့စေမဲ့ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပွဲစဉ် တချို့ပါဝင်လာမှာဖြစ်ပါတယ်။ အဲဒီထဲကမှ ပြင်သစ်စူပါကပ်ဗိုလ်လုပွဲမှာဆိုရင် ပီအက်စ်ဂျီအသင်းနဲ့ မိုနာကိုအသင်းတို့ တွေ့ဆုံနေကြပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲမှာဆိုရင် အမှတ်ပေးဇယားထိပ်ဆုံးက လီဗာပူးအသင်းနဲ့ လတ်တလော ခြေစွမ်းပိုင်းရုန်းကန်နေရတဲ့ မန်ယူအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေမှုက အခုတစ်ပတ်ပြိုင်ပွဲတွေထဲမှာ အပြင်းထန်ဆုံးနဲ့ စိတ်ဝင်စားဖို့အကောင်းဆုံးပြိုင်ပွဲတွေဖြစ်လာမှာပါ။ ဒါ့ပြင် ကျန်ရှိတဲ့ဥရောပပွဲစဉ်တချို့အနေနဲ့လဲ လက်ရှိဘောလုံးရာသီဝက်ကုန်ဆုံးချိန်မှာ အသင်းရဲ့ရည်မှန်းချက်တချို့နဲ့ အမှတ်ပေးဇယားရပ်တည်မှုအရ ရလဒ်ကောင်းတွေပိုင်ဆိုင်ဖို့ အစွမ်းကုန်ကြိုးစားကစားနေတဲ့ အချိန်အခါပဲဖြစ်ပါတယ်။ ပရီးမီးယားလိဂ်မှာဆိုရင် လီဗာပူး၊ အာဆင်နယ်၊ နော်တင်ဟမ်၊ ချဲလ်ဆီးနဲ့ နယူးကာဆယ်အသင်းတို့ အမှတ်ပေးဇယားထိပ်ပိုင်းမှာ ရပ်တည်နေကြပြီး ချန်ပီယံဆုအပြင် ဥရောပဝင်ခွင့်အသီးသီးအတွက် ယှဉ်ပြိုင်ကစားနေကြသလို ဆောက်သမ်တန်၊ လက်စတာနဲ့ အစ်ဗ်စ်ချ်အသင်းတို့ကလဲ တန်းဆင်းဇုန်ထဲက ရုန်းထွက်နိုင်ဖို့ ကြိုးစားကစားနေကြတာကို တွေ့ရပါတယ်။ ဒါ့ပြင် ပြင်သစ်လီဂူးပြိုင်ပွဲမှာ ပီအက်စ်ဂျီအသင်းက အမှတ်ပေးဇယားထိပ်ဆုံးနေရာမှာ ရပ်တည်နေပြီး အီတလီစီးရီးအေမှာတော့ အတ္တလန္တာအသင်းက အဆင့်(၁)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းထဲမှာ ပီအက်စ်ဂျီသာ ရမှတ်(၁၀)မှတ်နဲ့ ဒုတိယနေရာက မာဆေးအသင်းကို အမှတ်ဖြတ်တောက်ထားနိုင်ပေမဲ့ ကျန်တဲ့လိဂ်အသီးသီးက အမှတ်ကွာဟမှုကျဉ်းမြောင်းဆဲဖြစ်တာကြောင့် ဥရောပအမှတ်ပေးပွဲစဉ်တွေဟာ ဆက်လက်ပြိုင်ဆိုင်မှုတွေပြင်းထန်လာအုံးမှာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေထဲကမှ ဒီတစ်ပတ်အကြိုက်တွေ့မိတဲ့ ဥရောပပွဲစဉ်တချို့ကို လေ့လာသုံးသပ်ရွေးချယ်ပေးလိုက်ရပါတယ်။

### လန့်စ်အသင်းပဲ ရလဒ်ကောင်းမှာပါ

ဒီတစ်ပတ်ပြင်သစ်လီဂူးပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ လန့်စ်အသင်းနဲ့ တူးလော့စ်အသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ပွဲစဉ်(၁၅)ပွဲကစားပြီးချိန်မှာ လန့်စ်အသင်းက ခြောက်ပွဲနိုင်၊ ခြောက်ပွဲသရေ၊ သုံးပွဲရှုံးနိမ့်ထားပြီး ရမှတ်(၂၄)မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၇)နေရာမှာ ရပ်တည်နေသလို တူးလော့စ်အသင်းကလဲ ရမှတ်(၂၁)မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၉)နေရာမှာ ရပ်တည်နေပါတယ်။ လန့်စ်အသင်းအနေနဲ့ ပြိုင်ပွဲစုံနောက်ဆုံးငါးပွဲမှာ တစ်ပွဲသာ ရှုံးနိမ့်ထားပြီး အဲဒီငါးပွဲမှာလဲ ဒီရာသီခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမှာရှိနေတဲ့ မာဆေးအသင်းကို အိမ်ကွင်းမှာ သုံးဂိုး၊ တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြင်သစ်ကိုပါဒယ်ဖလားပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းကို ပွဲချိန်ပြည့်ယှဉ်ပြိုင်ကစားနိုင်ခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်မှာရှုံးနိမ့်ခဲ့တာကို တွေ့ရတာကြောင့် ဒီရာသီ သူတို့အသင်းရဲ့ ခြေစွမ်းပိုင်းထက်မြက်မှုရှိတာကို တွေ့ရပါတယ်။

ဒါ့ပြင် တူးလော့စ်အသင်းကလဲ လက်ရှိဘောလုံးရာသီမှာ ခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်ကို ပိုင်ဆိုင်ထားပြီး အမှတ်ပေးဇယား အဆင့်(၉)နေရာမှာ ရပ်တည်နေတာကြောင့် သူတို့အသင်းရဲ့ အသင်းလိုက်စွမ်းဆောင်ရည်ကောင်းမွန်မှုကို သတိထားစောင့်ကြည့်ရအုံးမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ရှစ်ပွဲမှာ ပီအက်စ်ဂျီနဲ့ မိုနာကိုအသင်းကိုသာ ရှုံးနိမ့်ထားပြီး ငါးပွဲနိုင်၊ တစ်ပွဲသရေကျထားတာကြောင့် ဒီရာသီမှာ သူတို့အသင်းအနေနဲ့ စွမ်းဆောင်ရည်ကောင်းမွန်နေတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ဥရောပပြိုင်ပွဲဝင်ခွင့်အတွက် ကြိုးစားကစားနေပြီး အိမ်ကွင်းဆိုရင် လက်ရှိတိုက်စစ်ပိုင်းထက်မြက်နေတဲ့ လန့်စ်အသင်းကို အသာရဖို့ ခက်ခဲနိုင်ပါတယ်။ ဒါ့ပြင် သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံမှု ရှစ်ကြိမ်မှာ တူးလော့စ်အသင်းက တစ်ကြိမ်သာ အနိုင်ရထားတာကြောင့် သူတို့အသင်းအနေနဲ့ လန့်စ်အသင်းနဲ့ကစားတဲ့ ပွဲစဉ်တိုင်းမှာ ရုန်းကန်တတ်တာကို သတိပြုရမှာဖြစ်တာကြောင့် လန့်စ်အသင်းပဲ ရလဒ်ကောင်းမှာပါ။

**လန့်စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လန့်စ် | ၁ | - | ၃ | မာဆေး |
| ရိမ်းစ် | ၀ | - | ၂ | လန့်စ် |
| လန့်စ် | ၂ | - | ၀ | မောင့်ပယ်လီယာ |
| အော်ဇေး | ၂ | - | ၂ | လန့်စ် |
| လန့်စ် | ၁ | - | ၁ | ပီအက်စ်ဂျီ |

**တူးလော့စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | ၃ | - | ၀ | တူးလော့စ် |
| တူးလော့စ် | ၂ | - | ၀ | အော်ဇေး |
| မိုနာကို | ၂ | - | ၀ | တူးလော့စ် |
| တူးလော့စ် | ၂ | - | ၁ | စိန့်အီတိန်း |
| လိုင်ယွန်နစ် | ၀ | - | ၀ | တူးလော့စ် |

### ဖူလ်ဟမ်အသင်းကို အကြိုက်တွေ့မိပါတယ်

အခုတစ်ပတ်မှာယှဉ်ပြိုင်ကစားမဲ့ ပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဖူလ်ဟမ်အသင်းနဲ့ အစ်ဗ်စ်ချ်အသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။သူတို့နှစ်သင်းဟာ ပရီးမီးယားလိဂ်ပွဲစဉ်(၂၀)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး လက်ရှိခြေစွမ်းပိုင်းတွေအရတော့ ဖူလ်ဟမ်အသင်းက ရမှတ်(၂၉)မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၈)နေရာမှာ ရပ်တည်နေတာကြောင့် ဥရောပဝင်ခွင့်အတွက် မျှော်မှန်းလို့ရနေတာကို တွေ့ရပါတယ်။ ဒါ့ပြင် သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်ခုနစ်ပွဲထိ ရှုံးပွဲမရှိအောင် ကစားထားနိုင်သလို အဲဒီထဲက လီဗာပူးနဲ့ အာဆင်နယ်တို့လို ထိပ်သီးအသင်းတွေကို သရေကစားထားနိုင်တာကို တွေ့ရပါတယ်။ သူတို့အသင်းဟာ အိမ်ကွင်းပွဲစဉ်တွေမှာ အသင်းလိုက်စွမ်းဆောင်ရည် အကောင်းဆုံးပုံစံမှာရှိနေတာကြောင့် အခုပွဲစဉ်မှာ တန်းဆင်းဇုန်က အစ်ဗ်စ်ချ်အသင်းကို အစစအရာရာဖိအားပေးကစားလာမှာပါ။

အစ်ဗ်စ်ချ်အသင်းကတော့ ပွဲစဉ်(၁၉)ပွဲကစားပြီးချိန်မှာ ရမှတ် ၁၅ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၈)ရဲ့ တန်းဆင်းဇုန်နေရာမှာ ရပ်တည်နေပါတယ်။သူတို့အသင်းဟာ လက်ရှိဘောလုံးရာသီမှာ သုံးပွဲနိုင်၊ခြောက်ပွဲသရေကျထားပြီး ၁၀ ပွဲထိရှုံးနိမ့်ထားတာကြောင့် ဒီရာသီ လက်ကျန်ပွဲစဉ်တွေမှာ ရလဒ်ပိုင်းကောင်းမွန်ဖို့ အကောင်းဆုံးပြင်ဆင်လာဖို့လိုအပ်နေပါတယ်။ ဒါ့ပြင် အမှတ်ပေးဇယားအဆင့်(၁၇)နေရာက အဲဗာတန်၊ အဆင့်(၁၇)နေရာက ဝုဗ်အသင်းတို့နဲ့လဲ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့် သူတို့အသင်းအတွက် တန်းဆင်းဇုန်က ရုန်းထွက်နိုင်ဖို့ ရမှတ်လိုအပ်နေပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ဒီရာသီခံစစ်ပိုင်းကတော့ အိမ်ကွင်း၊ အဝေးကွင်းမရွေးစွမ်းဆောင်မှုကျဆင်းနေတာကို တွေ့ရပါတယ်။ ပရီးမီးယားလိဂ်နောက်ဆုံးခုနစ်ပွဲမှာ နှစ်ပွဲသာအနိုင်ရထားပြီး ရှုံးနိမ့်ခဲ့တဲ့ ပွဲစဉ်ငါးပွဲမှာလဲ ပေးဂိုးကိုးဂိုးထိရှိထားပါတယ်။ ဒါ့ကြောင့် အခုလို ဖူလ်ဟမ်အသင်းနဲ့ပွဲစဉ်မှာ ရလဒ်ကောင်းဖို့ ခက်ခဲမှာဖြစ်တာကြောင့် ဖူလ်ဟမ်အသင်းကိုပဲ အကြိုက်တွေ့မိပါတယ်။

**ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၁ | - | ၁ | အာဆင်နယ် |
| လီဗာပူး | ၂ | - | ၂ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၀ | - | ၀ | ဆောက်သမ်တန် |
| ချဲလ်ဆီး | ၁ | - | ၂ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၂ | - | ၂ | ဘုန်းမောက် |

**အစ်ဗ်စ်ချ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အစ်ဗ်စ်ချ် | ၁ | - | ၂ | ဘုန်းမောက် |
| ဝုဗ် | ၁ | - | ၂ | အစ်ဗ်စ်ချ် |
| အစ်ဗ်စ်ချ် | ၀ | - | ၄ | နယူးကာဆယ် |
| အာဆင်နယ် | ၁ | - | ၀ | အစ်ဗ်စ်ချ် |
| အစ်ဗ်စ်ချ် | ၂ | - | ၀ | ချဲလ်ဆီး |

### တိုရီနိုအသင်းကို အားပေးရမှာပါ

နောက်ထပ်အကြိုက်တွေမိတဲ့ပွဲစဉ်ကတော့ အီတလီစီးရီးအေပွဲစဉ်တွေထဲ တိုရီနိုအသင်းနဲ့ ပါးမားအသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ စီးရီးအေပွဲစဉ်(၁၉)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး တိုရီနိုအသင်းက အမှတ်ပေးဇယားအဆင့်(၁၁)နေရာမှာ ရမှတ်(၂၀)နဲ့ ရပ်တည်နေကာ ပါးမားအသင်းကတော့ ရမှတ် (၁၈)မှတ်နဲ့ အဆင့်(၁၄) နေရာမှာ ရပ်တည်နေပါတယ်။ သူတို့နှစ်သင်းမှာ တိုရီနိုအသင်းက ငါးပွဲနိုင်၊ ငါးပွဲသရေကျထားပြီး ရှစ်ပွဲထိရှုံးနိမ့်ထားသလို ပါးမားအသင်းကလဲ လေးပွဲနိုင်၊ ခြောက်ပွဲသရေ၊ ရှစ်ပွဲထိရှုံးနိမ့်ထားတာကြောင့် လက်ရှိခြေစွမ်းပိုင်းနဲ့ ရမှတ်ပိုင်းကလဲ ကွာဟမှုကျဉ်းမြောင်းနေတာကို တွေ့ရပါတယ်။ တိုရီနိုအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ စီးရီးအေနောက်ဆုံးကိုးပွဲမှာ တစ်ပွဲသာအနိုင်ရထားပြီး ရှစ်ပွဲထိ နိုင်ပွဲပျောက်ဆုံးနေတာကြောင့် လက်ရှိအသင်းလိုက်စွမ်းဆောင်ရည်ကျဆင်းနေတယ်လို့ဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ အခုလိုအိမ်ကွင်းပွဲစဉ်မှာ ရလဒ်ကောင်းနိုင်ဖို့ ပါးမားအသင်းကို ဖိအားပေးကစားလာမှာဖြစ်ပါတယ်။

ပါမားအသင်းကတော့ ဒီရာသီမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့ အသင်းဖြစ်သလို နောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲရှုံးထားတာကို တွေ့ရပါတယ်။ သူတို့အသင်းဟာ အဲဒီရှုံးပွဲသုံးပွဲမှာ အဝေးကွင်းနှစ်ပွဲပါဝင်နေပြီး အင်တာနဲ့ ရိုးမားအသင်းတွေကို ဂိုးပြတ်ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ နည်းပြဖေဘီယိုရဲ့ ပါးမားအသင်းဟာ ဒီရာသီမှာ အဝေးကွင်းရှစ်ပွဲကစားပြီးချိန်မှာ တစ်ပွဲသာအနိုင်ရထားပြီး လေးပွဲသရေ သုံးပွဲရှုံးနိမ့်ထားတာကိုလဲ တွေ့ရပါတယ်။ ဒါ့ပြင် အဝေးကွင်းနှစ်ပွဲဆက် ရှုံးနိမ့်ထားတာကြောင့် အခုလို တိုရီနိုအသင်းရဲ့ အိမ်ကွင်းပွဲစဉ်မှာလဲ ရလဒ်ကောင်းဖို့ ရုန်းကန်ကစားလာရအုံးမှာပါ။ သူတို့နှစ်သင်းရဲ့နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှုမှာ တိုရီနိုအသင်းက နှစ်ပွဲနိုင် တစ်ပွဲသရေကျထားသလို လက်ရှိခြေစွမ်းပိုင်းမှာလဲ အသာရနေတဲ့ တိုရီနိုအသင်းကိုပဲ အားပေးရမှာပါ။

**တိုရီနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| တိုရီနို | ၀ | - | ၁ | နာပိုလီ |
| ဂျီနိုအာ | ၀ | - | ၀ | တိုရီနို |
| အမ်ပိုလီ | ၀ | - | ၁ | တိုရီနို |
| တိုရီနို | ၂ | - | ၁ | ဘိုလော့ဂ်နာ |
| အူဒီးနီးစ် | ၂ | - | ၂ | တိုရီနို |

**ပါးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပါးမား | ၃ | - | ၁ | လာဇီယို |
| အင်တာ | ၃ | - | ၁ | ပါးမား |
| ပါးမား | ၂ | - | ၃ | ဗီရိုနာ |
| ရိုးမား | ၅ | - | ၀ | ပါးမား |
| ပါးမား | ၂ | - | ၁ | မွန်ဇာ |

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)



အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....
**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁ ၂၃၁၆၃၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇





နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

အရည်အသွေးမြင့်မား **တာယာ** မှာ
# TRISTAR



**TBB,TBR,PCR** တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

THE BEST QUALITY TYRE



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



# ထီဆုငွေ ထုတ်ယူရန်နည်းလမ်းများ

5 Digits Online Lottery

**eWallet နဲ့ ထီထိုးထားသူများ**

- ထီဝယ်စဉ်က ပေးချေထားသည့် eWallet အကောင့်ထဲသို့ ထီဆုငွေ ဝင်လာပါမည်။

**ဖုန်းဘေလ်နဲ့ ထီထိုးထားသူများ**

- Account Setting ထဲရှိ "ဆုငွေထုတ်ယူရန် နည်းလမ်းထည့်သွင်းခြင်း" တွင် အောင်ဘာလေ ဖွင့်ထားသော ဖုန်းနံပါတ်ဖြင့် ဖွင့်ထားသော eWallet အကောင့်ကို မှန်ကန်စွာ ရွေးချယ်ထားရမည်။ အထက်ပါကဲ့သို့ ရွေးချယ်မှသာ ထီဆုငွေ ပြန်လည် ထုတ်ပေးနိုင်မည်ဖြစ်ပါသည်။

**ကျပ် (၁၀) သိန်းအထက် ထီပေါက်သူများ**

- ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတွင်ရှိသော အောင်ဘာလေသိန်းဆုဌာနတွင်ထုတ်ယူရမည်။

777 Call Center

SCAN ME

**ရန်ကုန်ရုံးချုပ်လိပ်စာ**
အမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**မန္တလေးရုံးချုပ်လိပ်စာ**
(၆၅)လမ်း ၊ (၂၂ × ၃၃) လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။


"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

### ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်၊ ၄၁ လမ်း ၅၃ x ၅၄ ကြားနေ မောင်လျှိုထိုင်ကောင်း (ခ) ဝင်းအောင် (ဘ) ဦးလျှိုစိန်းဖန်း(၁၃/ကခန(နိုင်)၀၃၉၅၅၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(M423801)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၆၂၉၄၃၉၁

### ပျောက်ဆုံးကြောင်း

မြင်းခြံမြို့၊ အမှတ်(၂)ရပ်ကွက်နေ မောင်သီဟထွန်း (ဘ) ဦးပြုံးနိုင်(၉/မခန(နိုင်)၂၂၅၀၄၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(A-068717)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၆၉၀၈၃၈၅

### ပျောက်ဆုံးကြောင်း

မြင်းခြံမြို့၊ အမှတ်(၂)ရပ်ကွက်နေ မောင်သီဟထွန်း (ဘ) ဦးပြုံးနိုင်(၉/မခန(နိုင်)၂၂၅၀၄၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(A-068717)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၆၉၀၈၃၈၅

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ အ.ထ.က-ပလိပ်ကျောင်း၊ Grade-2(C)တွင် ပညာသင်ကြားနေသော ဦးဖြိုးပြည့်ကျော်၏သမီး မနန်းဆူးခတ်နွေအား ယနေ့မှစ၍ မနန်းဇူးနိုရာဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ မနန်းဇူးနိုရာ




ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ “အသိတရား”ဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမယ့် “အရှိတရား” လည်းဖြစ်တယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပသော (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

---

## ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၃**

၂၀၂၅ ခုနှစ် ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်(**ယနေ့**) နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ယနေ့နံနက် ၆ နာရီခွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD Channel၊ MRTV-News Channel၊ MRTV-NRC၊ MRTV Farmers'၊ MRTV Sports နှင့် MRTV Parliament Channel၊ MITV Channel၊ MWD HD Channel၊ MWD Variety HD Channel၊ Channel 7၊ 5plus Channel၊ Sky Net Up to Date၊ MNTV၊ Channel 9၊ M Channel နှင့် မဟာရုပ်သံလိုင်းတို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူFMများဖြစ်ကြသော ပတ္တမြားချယ်ရီမန္တလေးပဉ္စဝတီရွှေပုဂံတို့အပြင် မိတ်ဖက်FMများဖြစ်ကြသော Star၊ သဇင်တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။ (သတင်းစဉ်)

---

## မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ကုလားကျေးရွာအတွင်းရှိ နေအိမ်နှင့် စာသင်ကျောင်းအတွင်း ခိုအောင်းနေထိုင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ၎င်းတို့သိုဝှက်သိမ်းဆည်းထားသည့် ဖောက်ခွဲရေးပစ္စည်းများ သိမ်းဆည်းရမိ





PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိသည့် ငါန်းဇွန်မြို့နယ် ကုလားကျေးရွာအတွင်း ဝင်ရောက်ရှင်းလင်းစဉ် ဖော်ထုတ်ဖမ်းဆီးရမိသည့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၃**

အကြမ်းဖက်သမားများ အနေဖြင့် ကျေးရွာများအတွင်း ဝင်ရောက်ပြီး အရပ်သားပြည်သူများအား လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို ချောင်းမြောင်းပစ်ခတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်းများကို ကျူးလွန်လျက်ရှိသည့်အပြင် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအား

စာမျက်နှာ ၂၇ ကော်လံ ၁ ☆

---

**ယနေ့ထုတ် ရတနာပုံနေ့စဉ်သတင်းစာတွင် ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့ အချပ်ပို စာမျက်နှာ လေးမျက်နှာ ပါရှိပါသည်။**

---

**၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၃၁၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ